The
# Commerce
Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .18, NO . 45 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 12, 2018

# မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် (၉၁) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ၁၅ ခုကို အောင်မြင်စွာကျင်းပ

စာမျက်နှာ - ၈ ➢











## အောက်တိုဘာလအတွင်း ဆန်နဲ့ ဆန်ကွဲတန်ချိန် တစ်သိန်းလေးသောင်းကျော် တင်ပို့

စာမျက်နှာ - ၄ ➢

## မြဝတီကုန်သွယ်ရေးဇုန်တွင် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေး ကျင်းပ

စာမျက်နှာ - ၁၃ ➢

## ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ဖို့ ငါးမွေးမြူရေးကန်များ ဖော်ထုတ်ထိန်းသိမ်းစို့

စာမျက်နှာ - ၂၅ ➢



**DANA BAYIN**
Trading Co., Ltd.
The Herald Golden Dragon
Freight Forwarding Service

09-5065999, 09-953065999
info@danabayin.com
www.danabayin.com

## YOUR BUSINESS IS OUR PRIORITY

WE MAKE THINGS EASIER FOR YOU

DANA BAYIN is the company providing the best logistics services where its main goal is to ensure that products are handled with the care it deserves, all deliveries are on time and exceed the expectations of our customers.





Room(212), Sakura Hotel & Serviced apartment, Kyi Myin Dine Kannar Road, Thit Taw Ward, Ahlone Township, Yangon

# SINMA FURNISHINGS CO., LTD.









- No. 103/A, Dhamazedi Road, Kamayut Township, Yangon, Myanmar. Tel : +95-1-539413, +95-9-4500 35694
- 3rd Floor, Thiri Mingalar Market (Old Building) Kyeemyindaing Township, Yangon. Tel : +95-1-2300974, 2301008 Fax : +95 -1-2315581
- No. 51, 62nd Street, Between Ma Naw Ha Yi Street & Sein Pan Street, Chan Mya Tha Si Township, Mandalay.
  Tel : +95-2-81698, +95-9-91036216,+95-9-444020510, +95-9-457183540
- No. 2, Thiri Yadana Road, Corner of Zayar Htarni Road, Commercial Complex, Ottara thiri Township, Naypyitaw, Myanmar.
  Tel: +95-67-433312, +95-67-433325, Hotline : +95-67-433316

Email : info@sinmafurniture.com

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲနှင့် မီဒီယာအသိပေးပြောကြားခြင်း အခမ်းအနားကျင်းပ

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် (Framework Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ အဖွဲ့ဝင်များဖြစ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ ဗဟိုလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အဖွဲ့ဝင်များဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ပူးတွဲဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်သည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး HE. Hong Liang နှင့် CITIC Group မှ တာဝန်ရှိ ကိုယ်စားလှယ်များ၊ မိတ်ဆွေလုပ်ငန်းရှင်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ မြန်မာ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှကိုယ်စားလှယ်များ၊ ဥပဒေအကြံပေးများ၊ ဖိတ်ကြားထားသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့မှ အဖွင့်အမှာစကား ပြောကြားကြပြီး CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ကျေးဇူးတင်စကားများပြောကြားကြသည်။ **စာမျက်နှာ ၁၂ သို့**

# မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စနစ်အသုံးပြု ကုန်သွယ်ရေးဆောင်ရွက်နိုင်ရန် အဆင်သင့်ဖြစ်မှုအပေါ် ဆန်းစစ်ချက် အစီရင်ခံစာအား မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားနှင့် မြန်မာနိုင်ငံအတွင်း E-commerce ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ညှိနှိုင်းအစည်းအဝေးတို့အားကျင်းပပြုလုပ်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ကုန် သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (UNCTAD) တို့ ပူးတွဲကျင်းပသည့် မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စနစ် အသုံးပြုကုန်သွယ်ရေးဆောင်ရွက်နိုင်ရန် အဆင်သင့်ဖြစ်မှုအပေါ် ဆန်းစစ်ချက် အစီရင်ခံစာအား နိုင်ငံတွင်း မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၉:၃၀ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်တွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ထိုဆန်းစစ်ချက်သည် UNCTAD ၏ E-commerce Initiative အောက်ရှိ eTrade for all partner အစီအစဉ်အရ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ E-Commerce တွင် ပါဝင်လာနိုင်ရေးနှင့် အကျိုးအမြတ်များ ရရှိဆောင်ရွက်နိုင်ရေးအတွက် အကူအညီပေးခြင်းဖြစ်ပြီး အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ အီလက်ထရောနစ်စနစ် အသုံးပြု ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရန်လိုအပ်သော အခြေခံဂေဟစနစ်များ၏ လက်ရှိအခြေအနေနှင့် ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းစဉ်များကို အကြံပြုဖော်ပြထားခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ၂၀၁၈ ခုနှစ်၊ ဧပြီလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် UNCTAD E-Commerce Week 2018 အခမ်းအနားအတွင်း လာအိုနိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံများ၏အစီရင်ခံစာများနှင့်အတူ မြန်မာနိုင်ငံ၏ အစီရင်ခံစာအား တရားဝင်မိတ်ဆက်ဖြန့်ချိခဲ့ပြီး ယခုနိုင်ငံတွင်း မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားတွင် မြန်မာဘာသာသို့ ပြန်ဆိုထားသည့် အစီရင်ခံစာကိုပါ တစ်ပါတည်း ဖြန့်ချိနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် အကူအညီဆိုင်ရာ ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးအား ဆက်လက်ကျင်းပခဲ့ပြီး ပြည်တွင်း၊ ပြည်ပရှိဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အရာရှိများ၊ ဆက်စပ်ကော်မတီများနှင့် ပညာရှင် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ ဦးခန့် ပါဝင် တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ UNCTAD ၏ Division on Technology and Logistics မှ Director ဖြစ်သူ Ms. Shamika N. Sinmanne နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံး ၏ Counsellor ဖြစ်သူ Dr. Johann Hesse တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ဖွံ့ဖြိုးမှုမိတ်ဖက်များ/အဖွဲ့အစည်းများက ၎င်းတို့ လက်ရှိဆောင်ရွက်လျက်ရှိသည့် E-Commerce ဆိုင်ရာ လုပ်ငန်းစဉ်များ၊ E-Trade Report တွင်ပါဝင်သည့် Action Matrix များအရ ဆောင်ရွက်ပေးနိုင်မည့် အလားအလာရှိသော စီမံကိန်းကိုဆွေးနွေးခဲ့ကြပါသည်။ **စာမျက်နှာ ၁၇ သို့**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အောက်တိုဘာလအတွင်း ဆန်နဲ့ဆန်ကွဲတန်ချိန်တစ်သိန်းလေးသောင်းကျော် တင်ပို့

အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်း များမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃၉ သန်းတန်ဖိုးရှိ ဧည့်မထဆန်နဲ့ ငစိန်ဆန် ၈၇၉၅ တန် ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန်တန်ချိန် ၃၁၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၈၈၅ တန်နဲ့ငစိန်ဆန် တန်ချိန် ၂၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၁၆၁၀ ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

အောက်တိုဘာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၆၆ သန်းနဲ့ ဆန် ၄၂၂၉၅ တန်ဖြစ်ပြီး ယခင် စက်တင်ဘာလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်ချိန်ထက်ဝက်ကျော်တင်ပို့မှုလျော့ကျခဲ့တာ တွေ့ရပါတယ်။ ယခင်လက ဆန် ၇၉၃၀၃ တန်တင်ပို့ခဲ့တဲ့ အတွက် ယခုလမှာ ၃၇၀၀၈ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၉ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ်နဲ့လွယ်ဂျယ်မှ အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၆ သန်းတန်ဖိုးရှိ ဆန်ကွဲ ၈၆၂ တန်တင်ပို့ခဲ့ပြီး စက်တင်ဘာလက ၃၄၉၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၂၆၃၇ တန်တင်ပို့မှု လျော့ကျခဲ့တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၉ သန်းတန်ဖိုးရှိ ဆန် ၃၅၈၂ တန်ကျော် တင်ပို့ခဲ့ပြီး ဗီယက်နမ်၊ တရုတ်၊ တိုဂိုနဲ့အီးယူနိုင်ငံများသို့ တင်ပို့ကြောင်း သိရပါတယ်။ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၅၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၂ တန်ခန့်၊ တိုဂိုနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၄၆၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ ပေါင်းဆန်တန် ချိန် ၂၈၂၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ အောက်တိုဘာလအတွင်းမှာ ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၁၂ သန်းတန်ဖိုးရှိ ဆန် ၇၈၅၂၁ တန်ကျော်တင်ပို့ခဲ့ပြီး စက်တင်ဘာလက ၄၁၆၀၁ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ တန်ချိန် ၃၆၉၂၀တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၂ သန်းနဲ့တန်ချိန် ၂၄၀၀ ဖြစ်ပြီး စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၇၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၀ နဲ့ အီးယူနိုင်ငံများသို့ ၁၃၂၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ အောက်တိုဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၂၁ သန်းတန်ဖိုးရှိဆန်ကွဲ ၂၄၄၄၁ တန် တင်ပို့ပြီး စက်တင်ဘာလက တန်ချိန် ၁၇၅၈၀ တင်ပို့ခဲ့တဲ့ အတွက် ယခုလမှာ၆၈၆၁တန်ပိုမိုတင်ပို့ခဲ့ကြောင်းသိရပါတယ်။

အောက်တိုဘာလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် ၁၂၀၈၁၆ တန်နဲ့ ဆန်ကွဲ ၂၅၃၀၃ တန်ဖြစ်ပြီး နယ်စပ်လမ်းမှ တင်ပို့မှုလျော့ကာ ရေကြောင်းပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## ဆန်ချောအဟောင်းဈေးငြိမ်ပြီး ဆန်ချောအသစ် ဈေးထပ်ကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအဟောင်းဈေးငြိမ်နေပြီး ဆန်ချောအသစ် ဈေးထပ်ကျကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။ ဆန်ချောအဟောင်းများဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၅၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၅၁၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၅၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၅၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၅၀၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၄၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်ကျပ် ၆၁၀၀၀-ကျပ် ၆၃၀၀၀ ရှိပြီး ဈေးငြိမ်နေပါတယ်။ ပေါ်ဆန်းဆန် အသစ်ကတော့ တစ်အိတ်ကို ကျပ် ၄၀၀၀၀-ကျပ် ၄၁၀၀၀ ရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကို ကျပ် ၃၀၀၀ မှ ကျပ် ၄၀၀၀ အထိ ဈေးကျကြောင်း သိရပါတယ်။

ဆန်ကြမ်းအဟောင်းများဖြစ်တဲ့ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ် ကျပ် ၂၀၅၀၀-ကျပ် ၂၁၀၀၀၊သီးထပ်ရှယ်အဟောင်း တစ်အိတ်ကျပ် ၂၃၀၀၀-ကျပ် ၂၄၀၀၀၊ မိုးသုခ တစ်အိတ်ကျပ် ၂၄၅၀၀-ကျပ် ၂၆၀၀၀ ရှိပြီး ဈေးငြိမ်နေပါတယ်။ ရက် ၉၀ဆန်အဟောင်းကတော့ တစ်အိတ်ကို ကျပ် ၂၅၅၀၀-ကျပ် ၂၅၈၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ခန့် အထိဈေးတက်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဆန်ချောအသစ်ဈေးကျပြီး ဆန်ကြမ်းအဟောင်း အဝင်နည်းတဲ့ အတွက် ရက် ၉၀ ဆန်ဈေးတက်တာဖြစ်ကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## တောင်သူတွေအကြိုက်နဲ့စက်ပိုင်များမလိုက်သေးတဲ့ ဆင်းကေရီ(၃)ခေါ်ဆင်း-၃စပါးသစ်အဖွင့်ဈေး

ကသာခရိုင်ရှိ ဆင်း-၃ဆန်ကို လွယ်ဂျယ်နယ်စပ်မှ တရုတ်သို့တင်ပို့မှုရှိလို့ တောင်သူများစိုက်ပျိုးမှုများသလို ဒေသတွင်း ဆန်စက်လုပ်ငန်းရှင်များ၊ ပွဲစားကုန်သည်များ လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြပါတယ်။ ၂၀၁၈-၂၀၁၉ခုနှစ်တွင် ကသာခရိုင်၌ မိုးစပါးစိုက်ဧက ၃၆၃၆၄၄ရှိပြီး ဆင်း-၃ စပါး စိုက်ဧက ၇၅ ရာခိုင်နှုန်းရှိတယ်လို့ သက်ဆိုင်ရာဌာနကသိရပါတယ်။ အောက်တိုဘာလဆန်းပိုင်းတွင် အစောစိုက်စပါးစပေါ်ပြီး ယခင်နှစ်များနှင့်မတူ ဆင်း-၃ စပါးတင်းတစ်ရာကို ကျပ် ၇ သိန်းဈေးနဲ့ဖွင့်လို့ တောင်သူများ ဈေးကောင်းရလို့ အကြိုက်တွေ့ပေမယ့် ဒေသတွင်းစက်ပိုင်ကုန်သည်အများစုမှာ ဈေးမလိုက်သေးဘဲ အကျဈေးစောင့်နေကြောင်းသိရပါတယ်။

ဆင်း-၃စပါးဟောင်း လက်ကျန်နည်းချိန်ဖြစ်ပြီး တရုတ်နယ်စပ်တင်ပို့မှုအနည်းငယ်ရှိနေလို့ စပါးဈေးမြင့်လျက်ရှိရာ အဟောင်း တင်းတစ်ရာကျပ် ၈ ဒသမ ၅ သိန်း၊ ဆန်တစ်အိတ် ကျပ် ၃၅၀၀၀ ရှိနေပါတယ်။ စပါးဟောင်း ဈေးမြင့်တက်နေမှု အရှိန်နဲ့စပါးသစ်ဈေး လိုက်မြင့်နေတာဖြစ်နိုင်ပါတယ်။ စပါးသစ်လှိုင်လှိုင်ပေါ်ချိန် နိုဝင်ဘာ ဒီဇင်ဘာလများမှာ ဈေးပြန်ကျသွားနိုင်ပါတယ်။ ယခင်နှစ်စပါးသစ်ပေါ်ချိန်တင်းတစ်ရာ ၆ သိန်းဈေး၊ ဆန်တစ်အိတ်ကျပ် ၂၄၀၀၀ ရှိခဲ့ပါတယ်။ တောင်သူများဈေးမြင့်ရောင်းရပေမယ့် ဆန်ဝယ်စားရာမှာ ဈေးမြင့်ပြန်ဝယ်စားရလို့ သိပ်မထူးခြားပါဘူး။ လက်လုပ်လက်စားတွေ အခက်ကြုံနိုင်ပါတယ်။ တရုတ်အဆွဲများတဲ့ ဆင်း-၃ဆန်ကိုတရုတ်နယ်စပ်ကို ဗန်းမော် လွယ်ဂျယ်လမ်းကြောင်းနဲ့ မန္တလေး မူဆယ်လမ်းကြောင်းကနေ တင်ပို့နေကြပါတယ်။ လက်ရှိစပါးသစ် ၇သိန်းဈေးနဲ့ ဖွင့်ပေမယ့်ဝယ်လိုအားနည်းနေပါတယ်။ စက်ပိုင်ကုန်သည်အများစုကစပါး လှိုင်လှိုင်ပေါ်ချိန်နဲ့ဈေးအကျကို စောင့်နေကြတယ်လို့ ဆန်စက်လုပ်ငန်းရှင်များထံက သိရပါတယ်။

ကသာခရိုင်အဓိက ငွေကြေးလှည့်ပတ်စီးဆင်းရာမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေးက အရေးပါလှပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ကသာခရိုင်အတွင်း မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးမှုမှာ ကသာမြို့နယ် ၃၂၈၁၃ ဧက၊ အင်းတော်မြို့နယ် ၅၆၃၉၆ ဧက၊ ဗန်းမောက်မြို့နယ် ၃၈၈၅၉ ဧက၊ ပင်လည်ဘူးမြို့နယ် ၅၈၈၁၄ ဧက၊ ဝန်းသိုမြို့နယ်၃၈၇၃၀ ဧက၊ ကောလင်းမြို့နယ် ၉၇၇၉၅ ဧက၊ ထီးချိုင့်မြို့နယ်၄၀၂၃၇ ဧက၊ ခရိုင်ချုပ်စုစုပေါင်း ၃၆၃၆၄၄ ဧကဖြစ်ပြီး အထွက်နှုန်း ၈၅ ဒသမ ၇၈ တင်းဖြစ်ကြောင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၁၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၀ | ၃၉၀ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၈၀ | □ | ၄၃၃ | ၄၃၃ | □ | ၃၇၀ | ၃၇၀ | □ | ၃၄၈ | ၃၅၇ | △ |
| ဆန်ဖြူ ၁၀% | ၃၇၈ | ၃၇၈ | □ | ၄၀၈ | ၄၀၈ | □ | - | - | - | ၃၄၃ | ၃၅၂ | △ |
| ဆန်ဖြူ ၁၅% | ၃၇၆ | ၃၇၆ | □ | ၄၀၃ | ၄၀၃ | □ | - | - | - | ၃၃၈ | ၃၄၇ | △ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၅ | □ | ၃၉၃ | ၃၉၅ | △ | ၃၅၀ | ၃၅၀ | □ | ၃၁၃ | ၃၂၂ | △ |
| ပေါင်းဆန် | ၄၀၀ | ၄၀၅ | △ | - | - | - | ၃၅၈ | ၃၅၈ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၉-၁၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၃၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၅၁၀၀၀ | △ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၂၀၀၀ | □ | ၅၃၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၄၀၀ | □ | ၂၆၀၀၀ | □ | ၁၃၀၀၀ | □ | ၅၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | ▽ | ၃၀၀၀၀ | □ | - | - | ၆၅၅၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | □ | ၅၀၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | □ | ၄၃၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၅၀၀ | □ | - | - | ၅၇၀၀၀ | □ |
| ဘားအံ | ၇၃၀၀ | □ | ၂၈၅၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၅-၁၁-၂၀၁၈ မှ ၉-၁၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 566 | 27,622,980.860 |
| 2 | Form D | 59 | 2,567,702.390 |
| 3 | Form E | 109 | 3,972,877.094 |
| 4 | Korea GSP | 5 | 170,299.900 |
| 5 | Form AK | 125 | 5,345,371.390 |
| 6 | Form AJ | 12 | 719,532.070 |
| 7 | Form AI | 53 | 3,608,141.650 |
| 8 | Form AANZ | 13 | 236,003.610 |
| 9 | Form DFTP | | |
| 10 | Form CHINA | 1 | 79,199,800 |
| **Grand Total** | | **943** | **44,322,108.764** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၁၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂/၁၁ | ၉/၁၁ | ပြောင်းလဲမှု | ၂/၁၁ | ၉/၁၁ | ပြောင်းလဲမှု | ၂/၁၁ | ၉/၁၁ | ပြောင်းလဲမှု | ၂/၁၁ | ၉/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၄၂၇ | ၁၅၄၂ | ▲ | ၁၃၅၀ | ၁၅၀၀ | ▲ | ၁၁၇၅ | ၁၅၅၀ | ▲ | ၁၃၅၀ | ၁၅၅၀ | ▲ |
| ပဲစင်းငုံ | ၁၁၅၉ | ၁၂၆၂ | ▲ | ၁၀၁၇ | ၁၃၃၃ | ▲ | ၈၇၅ | ၁၂၀၀ | ▲ | ၁၀၄၀ | ၁၂၅၀ | ▲ |
| ပဲတီစိမ်း | ၁၆၀၀ | ၁၆၀၀ | ■ | ၁၇၇၈ | ၁၆၈၉ | ▼ | ၁၅၂၆ | ၁၅၂၆ | ■ | ၁၆၃၀ | ၁၆၀၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၆၆ | ၁၃၈၈ | ▲ | ၁၂၆၃ | ၁၄၂၂ | ▲ | ၁၂၉၀ | ၁၄၃၅ | ▲ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၆၅ | ▲ | ၁၃၆၇ | ၁၃၆၇ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၁၆၀ | ၁၃၇၀ | ▲ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၄၃၀ | ■ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၇၃၆ | ၂၁၀၅ | ▼ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၇-၁၀-၁၈)ထိ | ယခုတစ်ပတ် (၂၇-၁၀-၁၈)ထိ | (၁-၁-၁၈) မှ (၂၇-၁၀-၁၈) ထိ |
| မတ်ပဲ | ၄၄၉၂၆၁ | ၄၀၂၄၉ | ၄၈၉၅၁၀ |
| ပဲတီစိမ်း | ၁၀၂၄၃၅ | ၁၇၀၀ | ၁၀၄၁၃၅ |
| ပဲစင်းငုံ | ၁၆၅၅၈၆ | ၁၆၄၀ | ၁၆၇၂၂၆ |
| ကုလားပဲ | ၄၉၁၄၃ | ၁၉၄ | ၄၉၃၃၇ |
| ပဲလွန်းဖြူ | ၂၁၅၂၄ | ၂၉၃ | ၂၁၈၁၇ |
| မြေထောက်ပဲ | ၉၉၅၄ | ၇၄ | ၁၀၀၂၈ |

## ခွဲစက်သမားပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပြည်ကုလားပဲ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ လက်ကျန် ပဲရှိမှုအပေါ် နေ့စဉ်အရောင်းအဝယ်ပုံမှန်ဖြစ်နေတဲ့ ပဲကတော့ ကုလားပဲသီးနှံဖြစ်ခဲ့ပြီး ခွဲစက်သမား နေ့စဉ်အဝယ်ရှိတာကြောင့် တစ်ရက်အိတ် ၃၀၀ ကျော် ရောင်းချခဲ့ကြရတယ်လို့ သိရပါတယ်။

ပဲဈေးမှာ တစ်တင်းကျပ် ၂၉၀၀၀ ရရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ဈေးပိုရလာခဲ့သော်လည်း ပဲကြီးသီးနှံထက် ဈေးလျော့နေသလို မတ်ပဲ၊ ပဲတီစိမ်း သီးနှံများထက်လည်း ဈေးလျော့အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခုနှစ်အတွင်း ကုလားပဲသီးနှံမှာ ပဲသစ်စပေါ်ချိန်ကတည်းက ဈေးအေးနေပြီး တစ်နှစ်တာအတွင်း ဈေးသိသိသာသာ ပိုလာခြင်းမရှိဘူးလို့လည်း သိရပါတယ်။ **ခင်ဆွေဝင်း(ပြည်)**

## ပြည်မတ်ပဲသီးနှံဈေးပိုရလာသလို အရောင်းအဝယ်လည်းသွက်

ပြည်ပဲဈေးကွက်အတွင်း နိုဝင်ဘာလဆန်းပိုင်းတွင် မတ်ပဲဈေးနှုန်းများ သိသိသာသာ ဈေးပိုလာပြီး အရောင်းအဝယ်လည်း သွက်လာခဲ့တာကို တွေ့ရပါတယ်။ မျိုးပဲသမားများရော ရန်ကုန်ဝယ်လက်များပါ ဝယ်ယူခဲ့လို့ တစ်ရက် အိတ် ၅၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲလက်ကျန်များရှိနေတဲ့အတွက် ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၃၃၅၀၀ ဖြင့် ယခင်လက ဈေးထက် ကျပ် ၁၀၀၀၀ နီးပါးအထိ ဈေးပိုရလာခဲ့ပြီး ပဲဈေးကွက်အတွင်း ဈေးကောင်းလာတဲ့သီးနှံဖြစ်နေပါတယ်။ **ခင်ဆွေဝင်း(ပြည်)**


## ပြည်ဈေးကွက်တွင် ဝယ်လက်များကြောင့် စမုံနက်နှမ်းဈေးမြင့်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းနီနှင့် နှမ်းနက် ဈေးငြိမ်နေပြီး စမုံနက်နှမ်းဈေး ပြန်မြင့်လာတာတွေ့ရပါတယ်။ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက ပြည်ပပို့ရန် အဝယ်ရှိတဲ့အတွက် ဈေးပေးဝယ်ယူနေတာ တွေ့ရပါတယ်။

ပေါင်းတည်၊ ပေါက်ခေါင်းနှင့် မိုးညိုဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် လောက်သာ ဝင်ရောက်မှုရှိနေသေးတဲ့အတွက် ဈေးကွက်တွင် ဝင်ရောက်မှုနည်းသွားပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ နှမ်းနီကို ဆီစက်သမားများက ဆီကြိတ်ရန်နှင့် နှမ်းများရှားချိန် ထုတ်၍ ဆီကြိတ်ရန်အတွက် လှောင်ထားရန် အဝယ်ရှိတဲ့အတွက် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီ ၃ တင်းတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ နှမ်းနက် ၃ တင်းတစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ နှင့် စမုံနက်နှမ်း ၃ တင်းတစ်အိတ်လျှင် ကျပ် ၂၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၈၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း(ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲနှင့်ပဲစင်းငုံနီ ဈေးတက်



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ (အဟောင်း)၊ ပဲစင်းငုံနီ(အသစ်)နှင့်ကုလားပဲတို့မှာ ယခင်ရက်များထက် ဈေးအနည်းငယ်တက်လျက်ရှိကြောင်းသိရသည်။ ယခုနှစ်ထွက်ရှိသည့် ပဲစင်းငုံနီအသစ်တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဖြင့် အိတ် ၁၀၀၊ ၂၀၁၆ ခုနှစ်မှ ထွက်ရှိသော ပဲစင်းငုံနီ(အဟောင်း)မှာ တစ်တင်းလျှင် ကျပ် ၂၁၈၀၀-၂၂၃၀၀-၂၃၆၀၀-၂၆၆၀၀-၂၆၈၀၀ ဖြင့် နေ့စဉ် အိတ် ၅၀ မှ ၅၀၀ ခန့် အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၀၂၀၀ ထိဈေးတက်ခဲ့ပြီး အိန္ဒိယမှ အဝယ်အနည်းငယ်လိုက်နေခြင်းတို့ကြောင့်ဖြစ်ကြောင်းသိရပါတယ်။

ကုလားပဲသုံးမျိုးမှာလည်း ဈေးအနည်းငယ် တက်လျက်ရှိပါတယ်။ ယခင်ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ရှိခဲ့ပြီး ယခုရက်များတွင် ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၅၅၀၀-၂၆၅၀၀-၂၇၀၀၀-၂၇၂၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ ကုလားပဲဖြူလုံးကြီးမှာလည်း တစ်တင်းလျှင် ကျပ် ၂၄၀၀၀-၂၄၅၀၀-၂၅၂၀၀-၂၅၅၀၀-၂၅၆၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီးမှာလည်း တစ်တင်းလျှင် ကျပ် ၂၄၇၀၀-၂၅၀၀၀-၂၅၅၀၀-၂၆၅၀၀-၂၆၈၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယောဒေသမှ ထွက်ရှိသည့် နှမ်းနီ၊ နှမ်းဝါ၊ နှမ်းညိုတို့မှာလည်း ဈေးကောင်းလျက်ရှိပါတယ်။ ပြည်ပမှလည်း အဝယ်လိုက်နေပါတယ်။ နှမ်းနီ (ယော) တစ်တင်းလျှင် ကျပ် ၄၇၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ နှမ်းဝါ(ယော)တစ်တင်းလျှင် ကျပ် ၅၄၀၀၀-၅၅၀၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၅၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၂၅၀၀-၅၁၅၀၀-၅၃၅၀၀-၅၃၈၀၀ ဈေးဖြင့် အိတ်၅၀ မှ ၂၀၀၊ ပဲဇီး ကွက်တစ်တင်းလျှင် ကျပ် ၂၅၀၀၀ -၂၅၆၀၀-၂၆၅၀၀ ဖြင့် အိတ် ၅၀ ခန့် ပြောင်းဖူးစေ့တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ယခုနှစ် မတ်ပဲသီးနှံဈေးကောင်းရလျက်ရှိ

သာယာဝတီခရိုင် ပဲမျိုးစုံဈေးကွက်အတွင်း မတ်ပဲသီးနှံဈေးနှုန်းများမှာယခင်သီတင်းပတ်များထက် ဈေးကောင်းရလာတာကိုတွေ့ရပါတယ်။ ယခုသီတင်းပတ်အတွင်းမှာ ပြည်ပဝယ်လိုအားရှိလာတာကြောင့် ပိဿာ ၂၀တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ထိ ဈေးနှုန်းမြင့်တက်လာပြီး အောက်တိုဘာလကုန်ပတ်မှစ၍ ဈေးနှုန်းမြင့်တက်လာခဲ့လို့ ယခုအချိန်ထိလည်းဈေး ကောင်းဆက်ရနေခဲ့ပါတယ်။ ယခင်နှစ်က မတ်ပဲသီးနှံရဲ့နိုဝင်ဘာလဆန်းဈေးကွက်၌ ရရှိခဲ့သောဈေးမှာ တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ခန့်သာ ရရှိခဲ့လို့ယခုနှစ်မှာတစ်တင်းလျှင် ကျပ် ၁၅၀၀၀ နီးပါးဈေးပိုလာကြောင်း လေ့လာသိရှိရပါတယ်။ **ဝေဝေဖြိုး(သာယာဝတီ)**

## မြေပဲလုံးဆန်ဈေးနှုန်း အနည်းငယ်ကျ

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေပဲကို မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်နှင့် ကန့်ဘလူ ခရိုင်များတွင် အများဆုံး စိုက်ပျိုးကြပါသည်။ ယခင်နှစ်က မြေပဲမိုးဆောင်းစိုက်ဧကပေါင်း ရှစ်သိန်းကျော် စိုက်ပျိုးခဲ့ပြီး မိုးမြေပဲ ၃၆ ရာခိုင်နှုန်းနှင့် ဆောင်းမြေပဲ ၆၄ ရာခိုင်နှုန်း စိုက်ပျိုးခြင်းဖြစ်ပါသည်။ မြေပဲအစွယ်ချနိုင်စေရန် စနစ်တကျ စိုက်ပျိုးလျှင် မိုးမြေပဲတစ်ဧကလျှင် တင်း ၈၀ နှင့် ဆောင်းမြေပဲ တစ်ဧကလျှင် တင်း ၁၀၀ ခန့်ထွက်ရှိပြီး ဆောင်းမြေပဲကအရည် အသွေးပိုမိုကောင်းမွန်ကြောင်းသိရသည်။

မြေပဲမျိုးအနေဖြင့် သက်လျင် အထွက်ကောင်းသော ဆင်းပဒေသာ-၇နှင့် ဆင်းပဒေသာ-၁၁ကို အများဆုံးစိုက်ပျိုးကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးသီးနှံစိုက်ပျိုးပြီးစီးမှုစာရင်းအရ မိုးမြေပဲကို ၃၂၈၇၅၇ဧက စိုက်ပျိုးခဲ့ကြောင်း သိရပါသည်။

မြေပဲသည် တရုတ်ဈေးကွက်၏ဝယ်ယူမှုအနည်းအများ အပေါ်လိုက်၍ ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရသည်။ ၂၀၁၅ခုနှစ်က တစ်ပိဿာလျှင်ကျပ်၂၈၀၀ ဖြစ်သော မြေပဲလုံးဆန်သည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၁၈၀၀ သို့ ကျဆင်းခဲ့သည်ကိုတွေ့ရပြီး ၂၀၁၇ ခုနှစ်တွင် ကျပ် ၂၃၀၀ သို့ ပြန်လည်ဈေးမြင့်ခဲ့ပါသည်။

လက်ရှိတွင် ထိုင်းနိုင်ငံကပါ မြေပဲဝယ်ယူမှုများရှိလာပြီး မြန်မာ့မြေပဲဆီလုပ်ငန်း နာမည်ကောင်းရလာမှုကြောင့် ပြည်တွင်းဆီစက်များအတွက် ကုန်ကြမ်းလိုအပ်ချက် များပြားလျက်ရှိသဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလကုန်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၃၄၀၀ ထိ မြင့်တက်ခဲ့ရာမှ နိုဝင်ဘာလပထမပတ်တွင် မိုးမြေပဲအသစ်များ ဝင်ရောက်လာခြင်းနှင့် တရုတ်ဈေးကွက်အခြေအနေပေါ်မူတည်၍ ဈေးပြန်လည်ကျဆင်းခဲ့ရာ လက်ရှိတစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြစ်ကြောင်းသိရပါတယ်။ **ရီလင်းထွန်း (မုံရွာ)**

## ဈေးနှုန်းအခြေအနေကောင်းမွန်နေတဲ့ မတ်ပဲ

တောင်ငူခရိုင်အတွင်း ၂၀၁၇-၂၀၁၈ခုနှစ်အတွက်ယခင်သီတင်းပတ်က ပိဿာ ၂၀ တစ်တင်းလျှင်ကျပ် ၂၁၀၀၀ မှ ယခုသီတင်းပတ်တွင် ပိဿာ၂၀ တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဖြင့် ကျပ် ၁၀၀၀၀ ခန့် ဈေးတက်လာပါသည်။ အိန္ဒိယမှ ရာသီဥတုဆိုးရွားမှုကြောင့် ပဲပြန်လည်ဝယ်လိုအားရှိလာသဖြင့် ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်းပဲကုန်သည်ကြီးတစ်ဦးထံမှ မေးမြန်းစုံစမ်းသိရှိရပါသည်။ **စောသန်းထိုက်ကျော် (ပဲခူး)**

## ပြည် ပဲတီစိမ်းသစ်အထွက်လှိုင်လာလို့ ဝင်ရောက်မှု ပိုများလာ

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသီးနှံ ပဲတီစိမ်းသစ်များ ယခုတစ်ပတ်မှာ ပဲအဝင်ပိုများလာခဲ့တယ်လို့ သိရပါတယ်။ တစ်ရက် အိတ် ၄၀၀-၅၀၀ ကျော်ထိ ကံမနှင့်ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်လာသမျှ ရောင်းချခဲ့ကြရပြီး ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၃၀၀၀ ဖြင့် ပဲသစ်ဝင်စဈေးနှင့် ကွာခြားမှုမဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ပဲတီစိမ်းသစ်ဈေးဟာ ပဲဟောင်းဈေးတုန်းကထက် ဈေးပိုရပြီး ယခင်နှစ်က ပဲဈေးထက်လည်း ဈေးပိုရလျက်ရှိနေကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း (ပြည်)**

# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ဆိုလျှင်. . . .

jynfyyrkft wGft v,;t vmaumif;aom t xnfcsyfu@

မြန်မာနိုင်ငံ၏ပို့ကုန်တင်ပို့မှုတွင် စက်မှုကုန်ချောကဏ္ဍမှ ချုပ်ပြီးအထည်(အထည်ချုပ်)တင်ပို့မှုသည် တန်ဖိုးအများဆုံးအဖြစ် ရပ်တည်လျက်ရှိပြီး ပို့ကုန်အတွက်အလားအလာကောင်းသည့်ကဏ္ဍတစ်ခုပင်ဖြစ်ပေသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ထိ စာရင်းများအရ ချုပ်ပြီးအထည်(အထည်ချုပ်)ကဏ္ဍမှ တင်ပို့နိုင်မှုသည် စက်မှုကုန်ချောတင်ပို့မှုတန်ဖိုး၏ ၆၀ရာခိုင်နှုန်းခန့်ဖြစ်ပြီး စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၃၁ ဒသမ ၂ ရာခိုင်နှုန်းကိုလည်း ဖြည့်တင်းပေးလျက်ရှိနေပေသည်။ ချုပ်ပြီးအထည် (အထည်ချုပ်) ကဏ္ဍ၏ ဘဏ္ဍာနှစ်အလိုက် တင်ပို့နိုင်မှုကိုလေ့လာကြည့်သော် အောက်ပါအတိုင်း တွေ့ရှိရပေသည်-

**ဘဏ္ဍာနှစ်အလိုက် ချုပ်ပြီးအထည် ပြည်ပတင်ပို့မှုအခြေအနေ**

| စဉ် | ဘဏ္ဍာနှစ် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) | စက်မှုကုန်ချောပစ္စည်း တင်ပို့မှု၏ | စုစုပေါင်းပို့ကုန် တန်ဖိုး၏ |
|---|---|---|---|---|
| ၁။ | ၂၀၁၅-၂၀၁၆ | ၈၄၉.၇၃၅ | ၁၅.၀၀% | ၇.၆၀% |
| ၂။ | ၂၀၁၆-၂၀၁၇ | ၁၈၃၆.၁၂၃ | ၃၃.၅၀% | ၁၅.၃၀% |
| ၃။ | ၂၀၁၇-၂၀၁၈ | ၂၅၈၂.၆၃၂ | ၃၈.၀၀% | ၁၇.၆၀% |
| ၄။ | ၂၀၁၈-၂၀၁၉ (၂၆.၁၀.၂၀၁၈ ထိ) | ၂၉၅.၇၇ | ၆၀.၀၀% | ၃၁.၂၀% |

Source- Customs

အထက်ပါဇယားအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ချုပ်ပြီးအထည် ပြည်ပတင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၈၄၉ဒသမ ၇၃၅ သန်းရှိခဲ့ပြီး စက်မှုကုန်ချောပစ္စည်းတင်ပို့မှု၏ ၁၅ ရာခိုင်နှုန်း၊ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၇ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့တွင် တင်ပို့နိုင်မှုမှာ နှစ်ဆကျော်ခန့် မြင့်တက်လာသည်ကိုတွေ့ရှိရပေသည်။ ထို့ကြောင့် အထည်ချုပ်ကဏ္ဍမှာ ပို့ကုန်အတွက် အလားအလာကောင်းသဖြင့် ဆက်လက်တိုးတက်ဖွံ့ဖြိုးအောင် ဦးစားပေးဆောင်ရွက်သင့်ပေသည်။ လက်ရှိမြန်မာနိုင်ငံတွင်အထည်ချုပ်လုပ်ငန်းများကိုပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံသားပိုင်စက်ရုံများ၊ နိုင်ငံခြားကုမ္ပဏီများနှင့်အကျိုးတူဖက်စပ်လုပ်ကိုင်နေကြခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ ကိုရီးယားနှင့် ထိုင်ဝမ်နိုင်ငံများမှအများဆုံး လာရောက်လုပ်ကိုင်လျက်ရှိကြောင်းသိရှိရပေသည်။ မြန်မာနိုင်ငံသို့ ကုန်ကြမ်းပိတ်စများ တင်သွင်းကာ CMPစနစ်ဖြင့် ချုပ်ပြီးအထည်များကို မှာယူတင်သွင်းနေသည့်နိုင်ငံများတွင် ဂျပန်၊ ကိုရီးယားနှင့် EU နိုင်ငံများမှဖြစ်သည်။ ထို့ကြောင့် အဆိုပါနိုင်ငံများသာမက အခြားသော ဈေးကွက်နိုင်ငံများသို့ပါ ဈေးကွက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းတွင် CMPအထည်ချုပ်လုပ်ငန်း၏ ပို့ကုန်ဝင်ငွေမှာ ပမာဏအများဆုံးဖြင့် ရပ်တည်လျက်ရှိနေသော်လည်း လက်ခအနေဖြင့်သာရရှိခြင်းကြောင့် ဝင်ငွေရရှိမှုမှာ နည်းပါးနေသေးသည်။ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုနေသည့် ပိတ်စများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မှသာလျှင် ပိုမိုတိုးတက်အဆင်ပြေလာမည်ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။ ထိုသို့ကုန်ကြမ်းပိတ်စများ ပြည်တွင်းထုတ်လုပ်နိုင်ဖို့ဆိုလျှင် ပြည်တွင်း ချည်မျှင်လုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းများ၊ ပြည်တွင်းရှိလက်ယက္ကန်း၊ စက်ယက္ကန်းလုပ်ငန်းများ၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းများ စသည့်အထည်အလိပ်ထုတ်လုပ်မှုလုပ်ငန်းရပ်များအားလုံးကို အခြေခံလုပ်ငန်းများမှစ၍ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများကို လုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် တစ်နေရာတည်း၌ အထည်အလိပ်ကုန်ချောများစုဝေးထုတ်လုပ်နိုင်မည့် အထည်အလိပ်နှင့်အဝတ်အထည်ဆိုင်ရာ အထူးဇုန်များ ထည်ထောင်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက်တွင် အရည်အသွေးထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်လိုအပ်ချက်များကို ပြည့်မီအောင်ဖြည့်တင်းဆောင်ရွက်ပေးခြင်း၊ ပြည်ပဈေးကွက်၏ အရည်အသွေးနှင့် ဒီဇိုင်းလိုအပ်ချက်များကို လွယ်ကူစွာဖြည့်တင်းပေးနိုင်ခြင်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရန် လိုအပ်ပြီး ထိုသို့ဝင်ရောက်လာစေရန်မှာလည်း လိုအပ်လျက်ရှိသည့်အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် အထည်အလိပ်ကဏ္ဍ၌ ခေတ်မီနည်းပညာများရှိရန် လိုအပ်ပြီး ထုတ်ကုန်များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်မှသာလျှင် နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးပြည့်မီစွာ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါဦးမည်. . .။

**DOCA(Domestic)**

## မြန်မာ့ဆိပ်ကမ်းတွင် ၈.၁၁.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - ISEACO GENESIS | ကုန်သေတ္တာ ၅၉၅တင်၅၀၆ချရန် |
| အလုံဆိပ်ကမ်း(၂) | - AMOENITAS | Generator Gas Engine (46 Units) ၆၁၀ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၃) | - MCC DHAKA | ကုန်သေတ္တာ ၅၆၉ တင်၅၄၇ ချရန် |
| ဆူးလေဆိပ်ကမ်း(၃) | - MAAN AUNG | Fetilizer ၆၅၀၀ ချရန် |
| ဆူးလေဆိပ်ကမ်း(၇) | - MCP LONDON | UREA ၆၄၈၆ ချရန် |
| MIPLဆိပ်ကမ်း | - WORLD ODYSSEY | PAX ၅၅၂ Nos ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - BBC MARY LAND | Steel Bars ၈၇၇၉ ကုန်ချရန် |
| APEX JETTY | - MT FLY MAERLIN | Diesel Oil ၉၇၀၃ ကုန်ချရန် |
| PUMA JETTY | - MT OCEAN MANTA | Mogas 92 (Ron) ၁၁၀၆၈ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TUG;MARITIME | REPAIR AND MAITEWTENANCE | INDIA | ၉-၁၁-၂၀၁၈ |
| PUTRI SMIT BORNEO | SMIT BORNEO | | |
| COCO GYUN | Steel Bars ၉၅၀၀ ကုန်ချရန် | INDIA | ၁၀-၁၁-၂၀၁၈ |
| MODERN LINK | Unite Vehicle(RO/RO) ၅၂၄ ကုန်ချရန် | JAPAN | ၁၃-၁၁-၂၀၁၈ |
| JACARAKDA | G/C ၁၃၉၉ တန်ကုန်တင်ရန် | KOREA | ၁၆-၁၁-၂၀၁၈ |
| VIKING SEA | Unite Vehicle(RO/RO) ၁၄၀ ကုန်ချရန် | JAPAN | ၂၀-၁၁-၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈-၁၁-၂၀၁၈ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၈-၁၁-၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၉-၁၁-၂၀၁၈ |
| SANGIO RGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉-၁၁-၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၉-၁၁-၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀-၁၁-၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀-၁၁-၂၀၁၈ |
| MAERSK WIESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁-၁၁-၂၀၁၈ |
| YANTRA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁-၁၁-၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂-၁၁-၂၀၁၈ |
| AS FRIDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄-၁၁-၂၀၁၈ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄-၁၁-၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.PHUBAI PATTRA-2 | Diesel Oil | SINGAPORE | ၉-၁၁-၂၀၁၈ |
| MT.FLY GURNARD | Diesel Oil | SINGAPORE | ၁၀-၁၁-၂၀၁၈ |
| MT.CORVUS | P'Oil(In Bulk) | INDONESIA | ၁၀-၁၁-၂၀၁၈ |
| MT.OCEAN WINER | Diesel Oil&MOGAS (92Ron) | SINGAPORE | ၁၁-၁၁-၂၀၁၈ |
| MT.PENYUAN | P'Oil(In Bulk) | MALAYSIA | ၁၂-၁၁-၂၀၁၈ |
| MT.PROMROSE | P'Oil(In Bulk) | INDONESIA | ၁၄-၁၁-၂၀၁၈ |
| MT.BABY LON | Diesel Oil&MOGAS (92Ron) | SINGAPORE | ၁၄-၁၁-၂၀၁၈ |
| MT.ORCA PACIFIC | Diesel Oil | SINGAPORE | ၁၅-၁၁-၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | MALAYSIA | ၁၆-၁၁-၂၀၁၈ |
| MT.YU DONG | Diesel Oil&MOGAS(92Ron) | SINGAPORE | ၁၇-၁၁-၂၀၁၈ |
| MT.ATALANTA | Diesel Oil | SINGAPORE | ၂၁-၁၁-၂၀၁၈ |
| MT.PHUBAI PATTRA-2 | P'Oil(In Bulk) | MALAYSIA | ၂၁-၁၁-၂၀၁၈ |

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၉၄ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ မူဆယ်မှ ၁၃ တန်နဲ့ ချင်းရွှေဟော်မှ ၄ တန်ဖြစ်ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၂၇၆ တန်ဖိုးရှိလက်ဖက်ခြောက် ၅၇ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက ရှစ်သိန်းကျော်ခန့်ရှိပြီး စက်ရုံပေါင်း ၁၀၀ ဝန်းကျင်ရှိကာ မြန်မာလက်ဖက်ခြောက်များ အဆင့်မြှင့်နိုင်ရန်အတွက် မြန်မာ-ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းရေးအဖွဲ့ (GIZ)မှ နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၃၂ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၃၂၈၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန်ချိန် ၁၀၃၀၀၊ လွယ်ဂျယ်မှ ၇၃၈၅ တန်ကျော်နဲ့ ချင်းရွှေဟော်မှ တန် ၅၆၀၀ ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က အဆိုပါစခန်းသုံးခုမှ ပြောင်း ၃၆၉၅၇ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၃၆၇၂ တန် လျော့နည်းခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ ယခ် တစ်ပတ်က ပြောင်းတစ်တန်ဈေး ၃၃၁၈၃၉ ကျပ်ရှိရာမှ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း ၃၃၆၃၆၄ ကျပ်သို့ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ယခုတစ်ပတ်ပြောင်းကား ၃၄၀ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၉၂ စီး လျော့နည်းခဲ့ကြောင်း၊ အဆိုပါ ရက်ပိုင်းအတွင်း တစ်ဖက်နိုင်ငံသို့ ပြောင်းကားများ ဝင်ရောက်နိုင်ပေမယ့် ဆန်ကားများ မဝင်ရောက်နိုင်ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

ကြက်သွန်

# ကြက်သွန်စျေးကောင်းချိန်ဖြစ်၍ ကြက်သွန်မိတ်(အပင်)ပေါ်ဦးပေါ်ဖျား စျေးကောင်းရ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်များတွင်ကြက်သွန်မိတ်များလှိုင်လှိုင်ပေါ်နေရာ ကြက်သွန်စျေးတစ်ပိဿာကျပ်၁၃၀၀အထိ ရရှိပြီး ပေါ်ဦးပေါ်ဖျား စျေးကောင်းရနေကြောင်းသိရသည်။

"ကျွန်တော်တို့လက်ရှိက ကြက်သွန်နီတစ်ပိဿာကျပ် ၁၃၀၀၊ ကြက်သွန်အခွံချွတ် တစ်ပိဿာကျပ် ၁၀၀၀ စျေးရောင်းကြတယ်။ကုန်စိမ်းစျေးကွက်မှာကကြက်သွန်မိတ်ကိုမှာယူတာပါ။ကြက်သွန်မိတ်သုံးပင်တစ်စည်းကိုကျပ်၄၀နှင့်အစည်းတစ်ရာကိုကျပ် ၄၀၀၀ စျေးနဲ့ ကုန်စိမ်းဒိုင်ကိုသွင်းရတယ်။ ပိဿာ၇၀၀စိုက်ကြတဲ့တောင်သူအတွက် အမြတ်ငွေစုစုပေါင်း ကျပ်တစ်သိန်းကျော် မြတ်တယ်။ ပေါ်ဦးပေါ်ဖျားလည်းဖြစ်တော့စျေးကောင်းတယ်။ တွက်ခြေကိုက်တယ်"ဟု ပင်း၀ကျေးရွာအုပ်စုမှတောင်သူတစ်ဦးက ပြောသည်။

ကြက်သွန်ဥပျံ့နှင့်ဇော်မွှားကြက်သွန်မျိုးများကိုသာ အဓိကထား၍ချောင်းမြေနုများတွင်စိုက်ကြရာ ယခုအခါ အပင်များ စိမ်းစိမ်းစိုစိုနှင့်ဖြစ်ထွန်းအောင်မြင်နေကြပြီး တောင်သူများက နုတ်သိမ်းရောင်းချနေကြောင်းသိရသည်။ အဆိုပါဒေသထွက်ကြက်သွန်မိတ်ကို ဒိုင်များက ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မကွေး၊ နတ်မောက်၊ ပြည်သို့ ကားများနှင့် ပို့ဆောင်နေကြောင်းသိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

# ပြည်ကြက်သွန်နီစျေးကွက်သို့ ဝင်ရောက်မှုများပြားလျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ကြက်သွန်နီစျေးကွက်သို့ တောင်တွင်းကြီး၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ မြင်းခြံဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင် အိတ် ၃၀၀၊ ၄၀၀ ခန့် နေ့စဉ်အဝင်ရှိနေပြီး ပုံမှန်ထက်ဝင်ရောက်မှုများပြားနေကြောင်းသိရပါတယ်။ ဝင်ရောက်လာသော ကြက်သွန်နီများမှာ ရာသီကုန်ခါနီးနှောင်းပိုင်းကာလဖြစ်၍ အရည်အသွေးမှာ အစို့များထွက်ကာ သိပ်မကောင်းတော့ကြောင်းသိရပါတယ်။ ဝင်ရောက်မှုများပြားပေမယ့် အရောင်းအဝယ်မှာ ကထိန်ရာသီအလှူအတန်းများရှိပေမယ့် ဝင်ရောက်မှုရှိသလောက် အရောင်းမသွက်ဘဲ နေ့စဉ်ဝင်ရောက်မှုရဲ့သုံးပုံတစ်ပုံခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။

ပွဲရုံလုပ်ငန်းရှင်များအနေဖြင့်လည်း ကြက်သွန်နီရာသီကုန်ခါနီးအချိန်ဖြစ်သည့်အတွက် ပိုမိုတင်သွင်းထားရှိမှုများရှိသဖြင့် ပြည်စျေးကွက်အတွင်း ပစ္စည်းလက်ကျန်များနေကြောင်းလည်း သိရပါတယ်။ စျေးနှုန်းများအနေဖြင့် ပြည်ပွဲရုံလက္ကားစျေး တစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၁၀၀-၁၂၀၀-၁၃၀၀ စသည်ဖြင့် အရည်အသွေးပေါ် မူတည်၍ ရောင်းချနေပြီး လက်လီစျေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၅၀၀-၁၆၀၀၊ (လတ်) ကျပ် ၁၃၀၀-၁၄၀၀၊ (သေး) ကျပ်၁၂၀၀-၁၃၀၀စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိသည့်အတွက် ပြည်စျေးကွက်ရှိ စျေးနှုန်းများမှာ စျေးငြိမ်လျက်ရှိနေကြောင်းသိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

# ပခုက္ကူကုန်စည်ဒိုင်တွင် ကြက်သွန်နီအဝင်နည်းပြီး စျေးအနည်းငယ်ကျ

ယခုတစ်ပတ် ပခုက္ကူကြက်သွန်နီကုန်ဝယ်ဒိုင်သို့ ကြက်သွန်နီ တဖြည်းဖြည်းအဝင်နည်းနေပါတယ်။ ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ပေါက်၊ ရေပြာ၊ ဆိပ်ဖြူနှင့် ကမ္မနယ်များမှာ မိုးစိုက်(ဉစိုက်) ကြက်သွန်နီများ စတင်စိုက်ပျိုးနေပါတယ်။ ကမ္မနယ်များမှ မြိတ်စားကြက်သွန်နီများလည်း စျေးကွက်အတွင်းသို့ လှိုင်လှိုင် ဝင်ရောက်ပြီး တစ်စည်းလျှင် ၇၅ ကျပ် မှ- ကျပ် ၁၀၀ စျေးဖြင့် အရောင်း အဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်တွင် ကြက်သွန်နီအဝင် နည်းလာပြီး အရည်အသွေးမှာလည်း အနည်းငယ် ညံ့နေခြင်း၊ ကြံဖတ်လန်ခြင်းတို့ကြောင့်လည်း စျေးအနည်းငယ်ကျနေပါသည်။ ယခုတစ်ပတ် ပခုက္ကူကုန်ဝယ်ဒိုင်တွင် ကြက်သွန်နီလက်ကားစျေးမှာ ထိပ်စတစ်ပိဿာလျှင် ၈၁၅ ကျပ် - ၈၂၅ ကျပ် -၈၇၅ ကျပ် -၉၇၅ ကျပ်၊ လတ်စ တစ်ပိဿာလျှင် ကျပ် ၇၅၀-၈၀၀-၈၅၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၇၀၀-၇၅၀-၈၀၀ စျေးဖြင့် နေ့စဉ်ပိဿာချိန် ၃၅၀၀၀ မှ ၆၀၀၀၀ ကြား၊ ဆိပ်ဖြူ ကြက်သွန်နီ ကုန်စည်ဒိုင်၏ ကြက်သွန်နီလက်ကားစျေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၈၀၀-၈၅၀-၈၇၅ ကျပ် -၉၇၅ ကျပ်၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၇၂၅-၈၀၀-၈၅၀၊ အနိမ့်စ တစ်ပိဿာလျှင်ကျပ် ၆၀၀-၆၃၅-၇၀၀-၇၅၀ စျေးဖြင့် နေ့စဉ်ပိဿာချိန် ၄၀၀၀၀ မှ ၆၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကြက်သွန်နီကုန်ဝယ်ဒိုင်မှ သတင်းရရှိပါတယ်။ **လှိုင်ဉမ္မာဦး(ပခုက္ကူ)**

မန်ကျည်း/ငှက်ပျော

# မူဆယ်မှ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၅ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ်(၈)မျိုးကို တန်ချိန်အားဖြင့် ၄၇၉ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၅၁ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၂၇၂ တန်လျော့နည်းခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ကွမ်းသီး၊ ကွမ်းသီးခွံ၊ ရွှေးရွက်၊ ကြောင်ပန်းစေ့၊ နေလဲစေ့၊ သီဟိုဠ်စေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ ချဉ်ပေါင်ဖာလာ(အခွံပါ)တို့ ဖြစ်ပါတယ်။

အဆိုပါ သီတင်းပတ်အတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၉၈၆ တန်ဖိုးရှိ တောချင်း ၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# လွယ်ဂျယ်မှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၈၆၄၁ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၃၀၄ တန်ကိုလည်းကောင်း၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၇၂၃၁ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၃၀၀ ကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က လွယ်ဂျယ်မှ ၈၈ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၆ တန် ပိုမိုတင်ပို့ခဲ့ပြီး ကန်ပိုက်တီမှ ယခင်တစ်ပတ်က တန် ၅၀၀ တင်ပို့ခဲ့သလို ယခုတစ်ပတ်မှာ တန် ၂၀၀ လျော့နည်းခဲ့ပါတယ်။

တစ်သျှူးငှက်ပျောစိုက်ခင်းများကို တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက ၂၀၁၄ ခုနှစ်ကတည်းက လာရောက်စိုက်ပျိုးကြပြီး ထွက်ရှိသမျှ တစ်သျှူးငှက်ပျောအားလုံးကို ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ကားကြီးများနဲ့ တိုက်ရိုက်တင်ပို့ကြကြောင်း၊ ဝိုင်းမော်မြို့နယ်တစ်မြို့တည်းတွင် စိုက်ပျိုးဧက တစ်သောင်းကျော်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

နန္ဒင်း

# စျေးကွက်အတွင်း လက်ကျန်နည်းနေတဲ့နနွင်း

ရှမ်းနနွင်းကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ တစ်နှစ်ပတ်လုံးမှာ အလုံးအရင်းနဲ့အရောင်းအဝယ်ဖြစ်တာနည်းပေမယ့် ပုံမှန်တော့ ရောင်းရနေတယ်လို့လည်း နနွင်းပွဲရုံတွေထံက သိရပါတယ်။ ဟိုပုံးစျေးကွက်မှာလည်း နနွင်းကပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ စျေးကွက်မှာတော့ ပစ္စည်းလက်ကျန်က နည်းသွားပါပြီ။ လတ်တလောမှာတော့ ရန်ကုန်ဝယ်လက်တွေက ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပနိုင်ငံတွေ တင်ပို့ဖို့အတွက် ဝယ်ယူနေတာလို့လည်း သိရပါတယ်။ တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း သုံးသောင်းခွဲခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ နနွင်းအသစ်တွေက နောက်နှစ် နှစ်လပိုင်းခန့်မှသာ ထွက်လာမှာဖြစ်ပြီး စျေးကွက်ကိုတော့ ဖေဖော်ဝါရီလကုန်ပိုင်းခန့်မှသာ ဝင်ရောက်လာနိုင်တယ်လို့လည်း ဒေသခံတွေထံကသိရှိရပါတယ်။ စျေးကွက်မှာတော့ အသစ်မပေါ်ခင်စပ်ကြားမှာ လက်ကျန်အနည်းငယ်သာကျန်ရှိနိုင်တယ်လို့လည်း ဆိုပါတယ်။

အောင်ပန်းစျေးကွက်မှာတော့ နနွင်းက ခပ်အေးအေးသာအရောင်းအဝယ်ရှိနေပါတယ်။ ပြည်တွင်းသုံးစျေးကွက်တွေကသာ အဝယ်ရှိနေပြီး တစ်ပတ်အတွင်းမှာ နနွင်းပိဿာပေါင်း ရှစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောက်တိုဘာလတစ်လလုံးမှာတော့ ပိဿာချိန်ပေါင်း ၉ ဒသမ ၇ သိန်းအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

# ဒီတစ်ပတ် နနွင်းတင်ပို့မှုပို

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက် သီတင်းပတ်အတွင်း နနွင်း ၂၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း၇၅ တန်သာတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင် တန်ချိန် ၁၅၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

နှမ်း

# ချင်းရွှေဟော်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၆ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၄၁၇ တန် ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းဖြူ ၂၈၅ တန်၊ နှမ်းနက် ၁၂၇၃ တန်၊ နှမ်းညို ၂၅၅ တန်နဲ့ နှမ်းညို (အခွံချွတ်) ၆၀၄ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၃၅၁၄ တန်ကျော် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ၁၀၉၇ တန် လျော့နည်းခဲ့ပါတယ်။

အလားတူ မူဆယ်ကုန်သွယ်ရေးဇုန်မှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ဝ၆၂ သန်း တန်ဖိုးရှိ နှမ်းညို တန် ၄၀ တင်ပို့ခဲ့ပါတယ်။ မူဆယ်မှ ယခင်တစ်ပတ်က နှမ်းတင်ပို့မှုမရှိပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း နှမ်းဖြူတစ်တန်စျေး ၂၀၁၈၁၈၂ကျပ်နဲ့နှမ်းနက် တစ်တန် ၂၁၃၁၈၁၈ကျပ် စျေးရှိကြောင်းသိရပါတယ်။ **မော်မော်အောင်**

မန်ကျည်း



# ဒီတစ်ပတ် မန်ကျည်းတန်ချိန် ၈၀ကျော်သာတင်ပို့

အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၈၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၁၀ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၈၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

# မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် (၉၁)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ၁၅ ခုကို အောင်မြင်စွာကျင်းပ



**ဝင်းမင်းဖြိုး**

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် (၉၁) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ၁၅ ခုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ရက်နေ့အထိ နေပြည်တော်ရှိ Kempinski Hotel တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ကဏ္ဍအလိုက် တာဝန်ရှိပုဂ္ဂိုလ် ၉၀၀ ကျော် တက်ရောက်ခဲ့ပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ပထမနေ့အစည်းအဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပခဲ့ပြီး အာဆီယံ သူနာပြုဆိုင်ရာ ပူးပေါင်း ညှိနှိုင်းရေးကော်မတီ (ASEAN Joint Coordinating Committee on Nursing–AJCCN)၊ အာဆီယံဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှု ကော်မတီ (ASEAN Joint Coordinating Committee on Medical Practitioners–AJCCM) နှင့် အာဆီယံသွားဘက် ပညာရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (Technical Working Group on ASEAN Dental Education–TWG-ADE) အစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးများတွင် ၂၀၁၆-၂၀၂၅ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များ၏ တိုးတက်မှုများအပေါ် ဆွေးနွေးကြပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များမှ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အာဆီယံသူနာပြုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီ (ASEAN Joint Coordinating Committee on Nursing–AJCCN) အစည်းအဝေးတွင်အာဆီယံသူနာပြုများဒေသတွင်း လွတ်လပ်စွာ ရွှေ့လျားသွားလာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးခြင်း၊ အရည်အသွေး သတ်မှတ်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သူနာပြုအတတ်သင်ရိုးညွှန်းတမ်းနှင့် အရည်အသွေးသတ်မှတ်ချက်များ အပေါ် ဆွေးနွေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာရေးနှင့် သုတေသနဦးစီးဌာန၊ သူနာပြုကောင်စီ၊ သူနာပြုအဖွဲ့အစည်း၊ သူနာပြုအတတ်ပညာဆိုင်ရာ ပညာရေးအဖွဲ့အစည်းနှင့် ဆေးရုံအဖွဲ့အစည်းများအကြား လက်ရှိ Networking ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှု ကော်မတီ (ASEAN Joint Coordinating Committee on Medical Practitioners – AJCCM) အစည်းအဝေးတွင် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လုံခြုံစိတ်ချရပြီး အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများ ဖြစ်စေရန် နည်းလမ်းများအပါအဝင် အာဆီယံဆရာဝန်များ ဒေသတွင်း လွတ်လပ်စွာ ရွှေ့လျားသွားလာနိုင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးခြင်း၊ ဆေးဘက်ဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်များနှင့် တရားဝင်အသိအမှတ်ပြုစနစ်အပေါ် သတင်းအချက်အလက်များ အပါအဝင် အရည်အချင်းသတ်မှတ်ချက်နှင့် သင်ရိုးညွှန်းတမ်းများအပေါ် ဆွေးနွေးခြင်း၊ အလှအပဆိုင်ရာ ဆေးဝါးများနှင့် ဆဲလ်ကုထုံးများအပေါ် လမ်းညွှန်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အာဆီယံသွားဘက်ပညာရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (Technical Working Group on ASEAN Dental Education – TWG-ADE) ၏ လုပ်ငန်းအစည်းအဝေးတွင် သွားဖက်ဆိုင်ရာ ဘွဲ့ကြိုပညာရေးအတွက် အာဆီယံ၏ အနိမ့်ဆုံး ဘုံအရည်အသွေးသတ်မှတ်ချက်စံနှုန်းအတွက် အဆင့်များသတ်မှတ်မည့် ကိစ္စတို့ကို ဆွေးနွေးခဲ့ကြပြီး AJCCN နှင့် AJCCM အစည်းအဝေးများ၏ ဒုတိယနေ့အစည်းအဝေးများကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပခဲ့သည့်အပြင် ASEAN Joint Coordinating Committee on Dental Practitioners - AJCCD နှင့် ASEAN Architect Education Committee - AAEC အစည်းအဝေးများကိုပါ တစ်ပြိုင်နက် တည်းကျင်းပပြုလုပ်ခဲ့ကြပါ သည်။

ASEAN Joint Coordinating Committee on Dental Practitioners - AJCCD အစည်းအဝေးတွင် လက်တွေ့ကျသော အပြည့်အဝ ဆောင်ရွက်မှုများအတွက် နိုင်ငံခြားသား သွားဘက်ဆိုင်ရာ ဆရာဝန်များကို ခွင့်ပြုရန်ဖြစ်နိုင်သည့် လေ့လာဆန်းစစ်မှုများ အပါအဝင် အာဆီယံသွားဘက်ဆိုင်ရာ ဆရာဝန်များ ရွှေ့လျားသွားလာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ဆွေးနွေးခြင်း၊ Scope of Performing Abilities များအပေါ် အတည်ပြုထောက်ခံခြင်း၊ အာဆီယံသွားဘက်ဆိုင်ရာ ကျောင်းသားများဆိုင်ရာ ဖိုရမ်များအပေါ် ဆွေးနွေးခြင်း၊ အာဆီယံသွားဘက်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုစံနှုန်းများအပေါ် ဆွေးနွေးခြင်းနှင့် အတွေ့အကြုံများကို မျှဝေခြင်း တို့ကိုဆွေးနွေးခဲ့ ကြပါသည်။

ASEAN Architect Education Committee - AAEC အစည်းအဝေးတွင် ဗိသုကာပညာရေးနှင့် စပ်လျဉ်းသည့် ဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး အပြန်အလှန် အသိအမှတ်ပြုမှုအစီအစဉ် (Mutual Recognition Arrangement-MRA) အကောင်အထည်ဖော်ဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေရေး ကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၇ ရက်တွင် အစည်းအဝေးတတိယနေ့ကို ဆက်လက်ကျင်းပခဲ့ကာ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ (Health Care Services Sectoral Working Group - HSSWG) အစည်းအဝေး၊ အာဆီယံဗိသုကာကောင်စီစားပွဲဝိုင်း အစည်းအဝေး(ASEAN Architect Council - AAC Roundtable Meeting)၊ အာဆီယံအသိအမှတ်ပြု လက်မှတ်ရ ကျွမ်းကျင်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (ASEAN Chartered Professional Engineers Coordinating Committee - ACPECC) အစည်းအဝေးနှင့် တိုင်းတာရေးဆိုင်ရာ ကိစ္စရပ်များ စားပွဲဝိုင်းအစည်းအဝေး (Roundtable Surveying) တို့ကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပါသည်။

ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ (Health Care Services Sectoral Working Group - HSSWG) အစည်းအဝေးတွင် e-Health and Health Tourism နှင့် စပ်လျဉ်းသည့် Healthcare ဝန်ဆောင်မှုဆိုင်ရာ အစီရင်ခံစာနှင့် အာဆီယံအဖွဲ့ဝင်များ၏ လက်ရှိကျင့်သုံးနေသည့် စည်းမျဉ်းစည်းကမ်းများ၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် Professional Regulatory Authority - PRAs နှင့် Mutual Recognition Agreements - MRAs အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြားသောကဏ္ဍများ၊ Website နှင့်ပတ်သက်သော အချက်အလက်များ အစရှိသည့် အကြောင်း အရာများကို ဆွေးနွေးခဲ့ ကြပါသည်။

အာဆီယံဗိသုကာကောင်စီစားပွဲဝိုင်း အစည်းအဝေး (ASEAN Architect Council - AAC Roundtable Meeting)အစည်းအဝေးတွင်မူ ဗိသုကာဝန်ဆောင်မှုအတွက် MRA နှင့် ဆက်စပ် သည့် လုပ်ငန်းများနှင့် စီမံကိန်းများ၏ နောက်ဆုံးဆောင်ရွက်ထားရှိမှု အခြေအနေများအား အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြကာ အာဆီယံအသိအမှတ်ပြု လက်မှတ်ရ ကျွမ်းကျင်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (ASEAN Chartered Professional Engineers Coordinating Committee - ACPECC) အစည်းအဝေးတွင် အင်ဂျင်နီယာ ဆိုင်ရာ MRA နှင့် ဆက်စပ်သည့် လုပ်ငန်းများနှင့် စီမံကိန်းများ၏နောက်ဆုံး ဆောင်ရွက်ထားရှိမှု အခြေအနေများအပြင် အဖွဲ့ဝင်နိုင်ငံများအလိုက် ပြည်တွင်း အင်ဂျင်နီယာဝန်ဆောင်မှုများ ပါဝင်ဆောင်ရွက်လာစေရေးတို့အား အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

ဆက်လက်၍ တိုင်းတာရေးဆိုင်ရာကိစ္စရပ်များ စားပွဲဝိုင်း အစည်းအဝေး (Roundtable Surveying) အနာဂတ်တွင် အာဆီယံမြေတိုင်းပညာရှင်များ မှတ်ပုံတင်ခြင်းအတွက် အခြေခံဖြစ်လာမည့် မြေတိုင်းပညာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ဆွေးနွေးခဲ့ပြီး အကြံပြုချက်များကိုလည်း အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရပါသည်။

နိုဝင်ဘာ ၈ ရက်တွင် အာဆီယံအသိအမှတ်ပြု လက်မှတ်ရ ကျွမ်းကျင်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်မှုကော်မတီ အစည်းအဝေး (ASEAN Chartered Professional Engineers Coordinating Committee – ACPECC)၊ အာဆီယံဗိသုကာ ကောင်စီ အစည်းအဝေး (ASEAN Architect Council-AAC)၊ အာဆီယံအသိအမှတ်ပြု လက်မှတ်ရ ကျွမ်းကျင်စာရင်းကိုင်များ ပူးပေါင်းဆောင်ရွက်မှုကော်မတီ အစည်းအဝေး (ASEAN Chartered Professional Accountant Coordinating Committee - ACPACC)၊ တိုင်းတာရေးဆိုင်ရာ ကိစ္စရပ်များအစည်းအဝေး(Surveying)တို့ကို တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်ခဲ့ကြပြီး အစည်းအဝေးတွင် အာဆီယံရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေရှင်းဆောင်ရွက်မှုများ ASEAN Solution for Investments, Services and Trade-ASSIST website ၏ ကနဦးဆောင်ရွက်ချက်များအပေါ် ရှင်းလင်းဆွေးနွေးခြင်း၊ ဝန်ဆောင်မှု ကုန်သွယ်ရေး ကန့်သတ်ထားရှိမှုညွှန်းကိန်းများ (Services Trade Restrictiveness Index-STRI) ဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို ဆွေးနွေးခြင်း၊ လူပုဂ္ဂိုလ်များ ရွှေ့လျားသွားလာမှုဆိုင်ရာ အာဆီယံ သဘာတူညီချက်အောက်ရှိ ကတိကဝတ်များ (Schedule of Commitments) တွင် အဖွဲ့ဝင်နိုင်ငံများ အားလုံးအတွက် တူညီပုံစံတစ်ခုဖြစ်စေရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ ၂၀၁၉ ခုနှစ်အတွက် အဓိက ဦးစားပေးနယ်ပယ်များအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ထို့အပြင် Engineering, Architecture, Accountancy များဆိုင်ရာ Mutural Recognition Arrangemen-MRA များ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ် များအပေါ် ကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

Surveying ဆိုင်ရာ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နောက်ဆုံးဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် လက်တွေ့လေ့လာဆန်းစစ်ခြင်းများနှင့် စပ်လျဉ်း၍ အချက်အလက်များဖလှယ်ခြင်း၊အာဆီယံလေ့လာဆန်းစစ်သူများ မှတ်ပုံတင်ခြင်းအတွက် မူကြမ်းများအား ဆွေးနွေးခြင်း၊ လေ့လာဆန်းစစ်ခြင်း လမ်းပြမြေပုံအရ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအား ဆွေးနွေးခြင်း စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**စာမျက်နှာ ၂၀ သို့**

## ဒီတစ်ပတ်ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပိုခဲ့

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၉၃၃၅၂၃ တန်ဖိုးရှိ ဒီဇယ် ၅၄၃၅၀ဒသမ ၃၄တန်နဲ့ အမေရိကန်ဒေါ်လာ ၃၈၀၅၄၈၉၄ တန်ဖိုးရှိ ဓာတ်ဆီ ၅၉၄၅၄ ဒသမ ၈၄ တန်၊ စုစုပေါင်း ၁၁၃၈၀၅ ဒသမ ၁၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၇၈၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၃၅၀၀ကျော်အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၁၄၈၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၄၅၉၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၄၃၄၇၅၀တန်ဖိုးရှိ ဒီဇယ် ၆၁၃၉ ဒသမ ၁၅တန် တင်ပို့ခဲ့သလို တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၆၇၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၀ ဒသမ ၇၉ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၂၁၃၀၀ တန်ဖိုးရှိ ဒီဇယ် ၈၁၈ ဒသမ ၅၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ရက်သတ္တပတ် ကုန်သွယ်မှု

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှအောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ရက်သတ္တပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၉၇၆ သန်း၊ သွင်းကုန်တန်ဖိုး ၂၇ ဒသမ ၀၉၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၀၆၉ သန်း ဆောင်ရွက်ခဲ့ပါသည်။ ယခုတစ်ပတ်ကုန်သွယ်မှုပမာဏမှာ ယခင်တစ်ပတ် ကုန်သွယ်မှုပမာဏထက် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၉၈၁ သန်းလျော့နည်းခဲ့သည်ကို တွေ့ရပါသည်။

အဆိုပါ ရက်သတ္တပတ်အတွင်း ဆန်၊ ပြောင်း၊ သကြားကားများ ပုံမှန်ဝင်ရောက်နေသော်လည်း တစ်ဖက်နိုင်ငံတွင် ရွှေလီနယ်ခြားစောင့်တပ်မှ ဦးဆောင်၍အဖွဲ့စုံဖြင့် မိမိတို့ဖက်မှ ဝင်ရောက်လာသောကုန်ပစ္စည်းများကို တားဆီးနေကြောင်း၊ တစ်ဖက်နိုင်ငံမှ ဓာတ်ဆီ၊ ဒီဇယ်ဆီများကို အဓိကတားဆီးနေကြောင်း၊ ဆန်၊ ပြောင်း၊ သကြားတို့ကိုလည်း တားဆီးမှုကြုံတွေ့နေရကြောင်းတို့ကြောင့် ကုန်သွယ်မှုကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း မူဆယ်ဇုန်မှ သတင်းရရှိပါသည်။

**မော်မော်အောင်**

## မူဆယ်မှ ရေထွက်ချိန် တန်ဖိုးပိုမိုပြီး တန်ချိန်လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၀၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၁၈၇တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၂၄၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၄ တန်လျော့နည်းခဲ့ပေမယ့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၇ သန်း ပိုမိုခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ပုစွန်၊ ပုစွန်ဖွဲ့၊ ငါးခြောက်၊ ကင်းမွန်ခြောက်၊ ငါးပူတင်းရေခွံခြောက်၊ ငါးဆားနယ်နဲ့ဂဏန်းတင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် တန်ဖိုးပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးမှာ ကဏန်းတစ်တန်လျှင် ယွမ် ၅၆၂၅၀ ဈေးနဲ့ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၂၈၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## Energy NYMEX 9-11-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.63 | -0.04 | -0.07 |
| Brent Crude Futr (USD/bbl) | 70.77 | 0.12 | 0.17 |
| Gasoline Rbob Fut (Cent/gal) | 164.40 | -0.03 | -0.02 |
| Natural Gas Futr (USD/MMBtu) | 3.58 | 0.04 | 0.99 |
| Heating Oil Futr (Cent/gal) | 216.95 | 0.12 | 0.06 |

## ပြည်တွင်းရွှေဈေးပြန်ကျသော်လည်း ကျပ်ဆယ်သိန်းကျော်ဖြစ်နေဆဲ

ပြည်တွင်းရွှေဈေးနှုန်းသည် ယခင် ရက်သတ္တပတ်အတွင်း ကျပ်၁၀၄၀၀၀၀ သို့ရောက်ရှိခဲ့ရာမှ ဈေးအနည်းငယ်ပြန်ကျလာခဲ့ကြောင်းသတင်းရရှိသည်။ အောက်တိုဘာနောက်ဆုံးပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၁၅၀၀ ရှိခဲ့ရာမှ နိုဝင်ဘာပထမပတ်တွင် ကျပ် ၁၀၃၂၀၀၀သို့ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ပြည်တွင်းရွှေဈေးက ပြန်ကျလာတယ်။ အရောင်းအဝယ်လည်း အေးတော့ ပြန်ကျလာတယ်။ ဈေးကွက်က တက်ပြီးပြန်ကျ၊ကျပြီးပြန်တက်နဲ့လည်ပတ်နေတာ။ ရွှေဘုံသာလမ်းဈေးကွက်လည်းမရှိတော့ဘူး။ လူတွေရဲ့ဝယ်နိုင်စွမ်းအားက နည်းနေသေးသလို ဒေါ်လာဈေးကလည်း တက်နေတော့ ကုန်ဈေးနှုန်းတက်လာတယ်။ တခြားမှာ ရင်းနှီးမြှုပ်နှံဖို့ကလည်း အကန့်အသတ်ရှိနေတယ်။ ကမ္ဘာ့ရွှေကတော့ အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲအပြီးမှာ ဈေးနည်းနည်းပြန်တက်လာပြီး ငြိမ်နေတယ်။ ဒီမိုကရက်တွေနိုင်သွားတာလည်းပါတာပေါ့"ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် နိုဝင်ဘာ ၅ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၀၀၀၀ရှိခဲ့ရာမှ နိုဝင်ဘာ၈ရက်တွင် ကျပ်၁၀၃၆၀၀၀ သို့ကျဆင်းခဲ့ပြီး နိုဝင်ဘာ ၉ရက်တွင် ကျပ်၁၀၃၂၀၀၀သို့ ထပ်မံကျဆင်းခဲ့ကြောင်းသိရသည်။

ကမ္ဘာ့ရွှေဈေးကွက်မှာတော့ နိုဝင်ဘာ ၅ရက်က ရွှေတစ်အောင်စလျှင် ၁၂၃၁ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ၈ရက်တွင် တစ်အောင်စလျှင် ၁၂၂၃ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သလို နိုဝင်ဘာ ၉ရက်တွင် ၁၂၂၁အမေရိကန်ဒေါ်လာဖြင့် ဈေးပိတ်ခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်း ဈေးငြိမ်နေခဲ့တဲ့ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် နိုဝင်ဘာပထမပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့သော်လည်း အမြင့်ဈေးမှာပင်ရှိနေသေးကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၆၉ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၆၅ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာကြားဖြတ်ရွေးကောက်ပွဲအတွင်း သမ္မတဒေါ်နယ်ထရမ့်၏ ရီပတ်ဘလီကန်ပါတီမှာ မဲဆန္ဒနယ်အချို့ လက်လွှတ်ခဲ့ရပြီး ဒီမိုကရက်တစ်ပါတီ အမေရိကန်အောက်လွှတ်တော်တွင် နေရာအများစုဖြစ်လာပြီးနောက် နိုင်ငံတကာဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးကျဆင်းလာခဲ့ကြောင်း၊ အဆိုပါရလဒ်သည် လက်ရှိဖြစ်ပေါ်နေသည့် ကုန်သွယ်ရေးစစ်ပွဲကိုလည်း အထိုက်အလျောက်အကျိုးသက်ရောက်မှုရှိနိုင်သလို ရေနံဈေးအပေါ်တွင်လည်း သက်ရောက်မှုရှိခဲ့ကြောင်း၊ ပြည်တွင်းဈေးကွက်တွင်မူ ဒေါ်လာမှာအမြင့်ဈေးတွင်ပင် ရှိနေဆဲဖြစ်ကြောင်း၊ ဒေါ်လာဈေးတက်နေသဖြင့် ပြည်တွင်းကုန်စည်ဈေးနှုန်းများမှာလည်း မြင့်တက်နေကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် နိုဝင်ဘာ ၅ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၈၅ကျပ်၊ ဝယ်ဈေး၁၅၇၈ကျပ်မှ နိုဝင်ဘာ ၇ရက်တွင် ရောင်းဈေး ၁၅၈၇ ကျပ်၊ဝယ်ဈေး ၁၅၈၂ ကျပ်သို့ရောက်ရှိခဲ့ပြီး နိုဝင်ဘာ၉ရက်တွင် ရောင်းဈေး၁၅၈၉ ကျပ်၊ ဝယ်ဈေး ၁၅၈၄ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Stock Market and Investment Opportunities ဆွေးနွေးပွဲ ပြုလုပ်

ရန်ကုန်စတော့အိတ်ချိန်းမှ စီစဉ်ကျင်းပသော အစုရှယ်ယာဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ (Stock Market and Investment Opportunities) ဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းရုံး၌ နိုဝင်ဘာ ၄ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးမြို့မှ အစုရှယ်ယာရောင်းဝယ်လိုသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် အစုရှယ်ယာရင်းနှီးမြှုပ်နှံခြင်းနှင့် ပတ်သက်သော အခြေခံဗဟုသုတများ၊ အစုရှယ်ယာရင်းနှီးမြှုပ်နှံခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ အစုရှယ်ယာဈေးကွက်တည်ဆောက်ပုံနှင့် နိုင်ငံ့စီးပွားရေးနှင့်ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစုရှယ်ယာဈေးကွက်၏အကျိုးပြုပုံများကို မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တို့မှတာဝန်ရှိသူများက ဟောပြောခဲ့ကြောင်းသိရသည်။

ထို့ပြင်စားပွဲဝိုင်းဆွေးနွေးမှုအဖြစ် ဦးရဲမြတ်သူ(ဗဟိုအလုပ်အမှုဆောင်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်း)၊ ဒေါ်ခင်ထွေးရွှေ(Executive Director, MSEC)၊ ဦးသက်ထွန်းဦး (Executive Senior Manager၊ ရန်ကုန်စတော့အိတ်ချိန်း)နှင့် ဦးညဏ်လင်းထွန်း ( Business Controller, FC Myanmar Co., Ltd)တို့က မြန်မာနိုင်ငံ စတော့ရှယ်ယာဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5-November | 14.69 | 2607.11 | 1956.05 | 6249.88 | 870.00 |
| 6-November | 14.64 | 2600.50 | 1954.51 | 6196.33 | 867.00 |
| 7-November | 14.56 | 2515.65 | 1972.36 | 6202.50 | 872.00 |
| 8-November | 14.51 | 2516.53 | 1963.54 | 6195.66 | 870.00 |
| 9-November | 14.36 | 2551.79 | 1962.00 | 6158.20 | 856.00 |

## Currency Exchange Rate

November 9, 2018

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 83.98 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.95 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.83 |
| I NR India Rupees | 72.71 |
| I DR Indonesia Rupiahs | 14677.07 |
| JPY Japan Yen | 113.93 |
| MYR Malaysia | 4.18 |
| PKR Pakistan Rupees | 133.45 |
| PHP Philippines Pesos | 52.98 |
| RUB Russia Rubles | 66.87 |
| SGD Singapore Dollars | 1.38 |
| KRWSouth Korea Won | 1127.40 |
| LKR Sri Lanka Rupe | 173.98 |
| THB Thailand Baht | 33.06 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23328.33 |

*Source:xe.com*

## World Gold Price

October-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1235 | 1234 | 1234 |
| 6 | 1234 | 1232 | 1232 |
| 7 | 1230 | 1228 | 1228 |
| 8 | 1228 | 1225 | 1226 |
| 9 | 1222 | 1221 | 1221 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-11- 2018 | 1039.00 | 1038.50 |
| 6-11- 2018 | 1040.00 | 1039.50 |
| 7-11- 2018 | - | - |
| 8-11- 2018 | 1037.50 | 1037.00 |
| 9-11- 2018 | 1035.00 | 1035.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 5 | 6.90 | 32.98 | 84.11 | 72.96 |
| 6 | 6.92 | 32.97 | 83.92 | 72.96 |
| 7 | 6.93 | 32.87 | 84.10 | 72.41 |
| 8 | 6.93 | 32.95 | 83.80 | 72.47 |
| 9 | 6.95 | 33.06 | 83.98 | 72.71 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေ အဝင်နည်း

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၂၃၅၈ တန်ဖိုးရှိ ဘိလပ်မြေ ၆၆၁ ဒသမ ၅၀တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၈၀ ဒသမ ၃၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၄၈၁ ဒသမ ၂၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၃၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၈၇၁၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ ၃၂၀၀ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၅၁၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။



## ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာဘိလပ်မြေကကျပ် ၂၀၀နဲ့ ကြံ့(မြန်မာ)ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ဆင်(ထိုင်း)ဘိလပ်မြေက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၉၀၀၊ ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ဖြစ်သလို ဒီတစ်ပတ်မှာလည်း ဈေးငြိမ်နေတယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ဈေးလည်းငြိမ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင် (ထိုင်း) ကျပ်၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၅၀၀၀၊ ဘလူး ဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါး ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ်မြေသြဇာတန်ချိန် ၉၀၀၀ကျော်ဝင်

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၃၉၅၅ တန်ဖိုးရှိ မြေသြဇာ ၉၆၉၀ ဒသမ ၆၉၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၁၀၅၄ ဒသမ ၃ တန်၊ ဂျာမနီနိုင်ငံမှ ၈၁ တန်၊ အီရန်နိုင်ငံမှ ၁၅၂၃ ဒသမ ၈၉၁ တန်၊ ကိုရီးယားနိုင်ငံမှ ၂၁၁၃ ဒသမ ၇၉ တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ ရုရှားနိုင်ငံမှ ၁၄၀၉ ဒသမ ၀၅ တန်၊ ဆော်ဒီနိုင်ငံမှ ၁၂၁၀ ဒသမ ၁၆ တန်၊ ထိုင်းနိုင်ငံမှ ၁၀၈၈ ဒသမ ၅တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ဖော့စဖိတ်၊ ပိုတက်၊ အက်ဆစ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၂၀း၁၀း၁၀)၊ ယူရီးယား၄၆%၊ အာမို၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နဲ့ ဓာတ်ဆား တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၃၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၃၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## မြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၈၄၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၉၁၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၈၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီး၊မော်လမြိုင်၊မကွေးနဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန် ပြန်ဖြစ်လာပြီး ဈေးနှုန်းအပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန် ဖြစ်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၁၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၃၁၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၁၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၂၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၀၅၀၀၊ ယူရီးယား (ယူအေအီး)ကျပ်၂၆၅၀၀၊ မြားကမ္ဘာကျပ် ၁၈၅၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ် ၁၈၅၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၅၀၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါအဝင်ပို

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၂၄၀၀ တန်ဖိုးရှိ နို့ဆီ ၂၆၂ ဒသမ ၆၅၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် ကောင်းဘဲလ်နို့ဆီ ၄၃ ဒသမ ၇၇၆ တန်နဲ့ အိုကေနို့ဆီ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က နို့ဆီအဝင်မရှိဘဲ ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

အမေရိကန်ဒေါ်လာ ၅၂၀၃၈၅ တန်ဖိုးရှိ နို့မှုန့် ၂၂၇ ဒသမ ၂၀ တန်ကို ဒီတစ်ပတ်မှာတင်သွင်းခဲ့ပါတယ်။ နယူးဇီလန်နိုင်ငံမှ ၁၇၇ ဒသမ ၂၀ တန်နဲ့ ယူကရိန်းနိုင်ငံမှ တန် ၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၅၀ နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ငွေဈေးလည်းငြိမ်နေတာကြောင့် မြေသြဇာဈေးတွေလည်း နည်းနည်းငြိမ်နေတယ်လို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၉၅၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၂၃၄၀၀၊ မြားသီးစုံ ကျပ် ၁၆၉၀၀၊ ပန်းသီးစုံ ကျပ် ၁၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၈၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ ပိုတက် ကျပ် ၂၈၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၀ မှ ၂/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၀ မှ ၂၆/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၉၈.၈၀ | - | (+) | ၃၉၈.၈၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၆၃၅၀.၀၀ | ၂၀၀၀.၀၀ | (+) | ၄၃၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၂၂၈၀.၀၀ | ၁၂၀၀.၀၀ | (+) | ၁၀၈၀.၀၀ |
| | စုစုပေါင်း | ၈၇၃၉.၈၀ | ၃၂၀၀.၀၀ | (+) | ၅၅၃၉.၈၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၀ မှ ၂/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁၀ မှ ၂၆/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၉၉၀.၀၀ | ၄၀၅၁.၂၅ | (-) | ၁၀၆၁.၂၅ |
| ၂။ | လွယ်ဂျယ် | ၁၈၄.၀၀ | ၅၀၀.၀၀ | (-) | ၃၁၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၆၉၁.၇၅ | ၇၇၈.၀၀ | (+) | ၉၁၃.၇၅ |
| ၄။ | ကန်ပိုက်တီ | ၁၁၉၆.၀၀ | ၄၄၅.၀၀ | (+) | ၇၅၁.၀၀ |
| ၅။ | မြဝတီ | ၁၈၅၆.၉၀ | ၁၁၉၁.၆၀ | (+) | ၆၆၅.၃၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၅၀.၀၀ | ၁၈၅.၀၀ | (-) | ၁၃၅.၀၀ |
| ၈။ | ရိဒ် | ၅၀၀.၀၀ | ၂၀၀၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၈၄၆၈.၆၅ | ၉၁၅၀.၈၅ | (-) | ၆၈၂.၂၀ |

ခင်မိုးသူ

# ဒစ်ဂျစ်တယ်အသိုက်အဝန်းကို လက်တွဲအကောင်အထည်ဖော်လျက်ရှိသော အာဆီယံ

**သိန်းမြင့်ဝေ**

လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်ကစတင်၍ ကွန်ပျူတာ ဆက်စပ်ပစ္စည်း (Hardware) ထုတ်လုပ်ရောင်းချသော အာဆီယံကုမ္ပဏီအချို့သည် စင်ကာပူဈေးကွက်အပြင် အခြားဈေးကွက်များသို့ထိုးဖောက်ရန် ကြိုးစားခဲ့ကြသည်။ ထို့ကြောင့် လက်ရှိအချိန်ကာလတွင် အဆိုပါကုမ္ပဏီများသည် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများသို့ ကွန်ပျူတာပစ္စည်း (Excel Hardware) ကို တင်ပို့ရောင်းချနေပြီဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင်ရှိသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် တရုတ်နှင့် အိန္ဒိယကဲ့သို့သော နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများနှင့် ပြိုင်ဆိုင်ရမည်ကို သိရှိနေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံလုပ်ငန်းရှင်များသည် အရှေ့တောင်အာရှဈေးကွက်ကို ကျော်လွန်၍ အခြားဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ရမည်ကို သိရှိနေသောကြောင့်ဖြစ်သည်။ ထို့ပြင် အဆိုပါလုပ်ငန်းရှင်များသည် ဈေးကွက်ကြီးများကို ဝင်ရောက်လိုပါက မိမိတို့၏ ဒေသဆိုင်ရာဈေးကွက်အပြင် အခြားနိုင်ငံတကာဈေးကွက်များသို့ဝင်ရောက်ရမည်ကိုလည်း နားလည်နေကြသောကြောင့်ဖြစ်သည်။

အရှေ့တောင်အာရှဒေသရှိစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အောင်မြင်မှုသည် ယင်းဒေသ၏ စီးပွားရေး ဆက်လက်ပေါင်းစည်းမှုအပေါ်တွင် မူတည်နေသည်။ ၁၉၆၇ ခုနှစ်တွင် အာဆီယံကိုစတင်တည်ထောင်စဉ်ကတည်းက အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အကောက်ခွန်များ ဖယ်ရှားရေးကို တစ်စိုက်မတ်မတ် ကြိုးစားခဲ့သည်။ ထို့ပြင် အရှေ့တောင်အာရှဒေသ၏ ချိတ်ဆက်မှု (Regional connectivity) ကိုလည်း တိုးတက်အောင်ကြိုးပမ်းခဲ့သည်။ ထိုကဲ့သို့သော ကြိုးပမ်းအားထုတ်မှုများကြောင့် ယခုအချိန်တွင် အာဆီယံသည် ကမ္ဘာ့ဆဋ္ဌမမြောက် စီးပွားရေးအင်အားကြီးသောနေရာသို့ ရောက်ရှိနေပြီဖြစ်သည်။

## စတုတ္ထစက်မှုတော်လှန်ရေးနှင့်ကောင်းကျိုး ၃ မျိုး

အာဆီယံသည် ကမ္ဘာ့စီးပွားရေး ဦးဆောင်နိုင်ငံများကြားတွင် မိမိ၏ လက်ရှိနေရာကို ဆက်လက်ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ ပိုမို တိုးတက်လာစေရန်အတွက်လည်းကောင်း စတုတ္ထစက်မှုတော်လှန်ရေး (Fourth Industrial Revolution) ၏ ကောင်းကျိုးများကို ရယူခံစားရန် လိုအပ်ပါသည်။ စတုတ္ထစက်မှုတော်လှန်ရေးဆိုသည်မှာ ကမ္ဘာတစ်ဝန်း အင်တာနက်ကျယ်ပြန့်စွာ ချိတ်ဆက်လာနိုင်သည့် ၂၀၀၅ ခုနှစ်နောက်ပိုင်းကာလကို ရည်ညွှန်းပါသည်။ တစ်နည်းအားဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးခေတ် (Era on Digital economies) ကို ဆိုလိုပါသည်။ ဒစ်ဂျစ်တယ်နှင့် အင်တာနက်အခြေခံသည့် နည်းပညာသည် ကောင်းကျိုး ၃ မျိုးကို ဖြစ်ထွန်းစေသည်။ ပထမကောင်းကျိုးမှာ စီးပွားရေးလုပ်ငန်းပုံစံသစ်များ (New business models) ကို ဖန်တီးပေးနေခြင်းဖြစ်သည်။ ဒုတိယကောင်းကျိုးမှာ ကုန်စည်သစ်များအတွက် ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ တတိယကောင်းကျိုးမှာ ထုတ်ကုန်နှင့် အတွေးအခေါ်၊ အယူအဆသစ်များ (New products and ideas) ကို မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများသည် ဤနည်းပညာဆိုင်ရာ လုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းလှိုင်း (Wave of technological empowerment) ကို စီးနင်းမည်ဆိုပါက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်လည်းကောင်း ၊ ဒေသ၏စီးပွားရေးအတွက်လည်းကောင်း အခွင့်အလမ်းများပွင့်ပြီး ကောင်းကျိုးများ ခံစားရမည်ဖြစ်သည်။ Bain & Company က ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ လဆန်းတွင် ထုတ်ဝေသော သုတေသနစာစောင်အရ ၂၀၂၅ ခုနှစ်တွင် အာဆီယံဒစ်ဂျစ်တယ်ပေါင်းစည်းမှု (ASEAN digital integration) က GDP အမေရိကန်ဒေါ်လာ တစ်ထရီလီယံ တိုးတက်စေနိုင်ကြောင်း သိရှိရသည်။

## အခွင့်အလမ်းများ

လက်ရှိအချိန်ကာလတွင် အာဆီယံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် အာဆီယံ GDP ၏ ၇ ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် နိုင်ငံ GDP ၏ ၁၆ ရာခိုင်နှုန်းရှိသည်။ ဥရောပသမဂ္ဂ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် GDP ၏ ၂၇ ရာခိုင်နှုန်းရှိပြီး အမေရိကန်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် GDP ၏ ၃၅ ရာခိုင်နှုန်းရှိပါသည်။ ဤကိန်းဂဏန်း အချက်အလက်များကို ကြည့်ခြင်းအားဖြင့် အာဆီယံအတွက် ဒစ်ဂျစ်တယ်စီးပွားရေးသည် အခွင့်အလမ်းများစွာရှိကြောင်း တွေ့ရသည်။ ထို့အတွက် အရှေ့တောင်အာရှဒေသကိုတစ်ခုတည်းသော ဒစ်ဂျစ်တယ် အသိုက်အဝန်း (Single ASEAN digital community) အဖြစ် ဖန်တီးရပါမည်။ ထိုကဲ့သို့ တစ်ခုတည်းသော ဒစ်ဂျစ်တယ်အသိုက်အဝန်းကို တည်ထောင်ပြီးပါက စင်ကာပူနိုင်ငံရှိအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အာဆီယံ၏ အင်တာနက်အသုံးပြုသူ သန်း ၃၃၀ ထံသို့ယင်းတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရောင်းချနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် စင်ကာပူအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် စင်ကာပူနိုင်ငံတွင်ရှိသော အင်တာနက်အသုံးပြုသူ ၄ ဒသမ ၈ သန်းထံသို့သာ ယင်းတို့၏ ထုတ်ကုန်များကို ရောင်းချနေရသည်။ ဤကဲ့သို့ ပြည်တွင်းဈေးကွက်ကိုသာ မှီခိုအားထားပြီး ရောင်းချနေရသော အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းတိုးချဲ့ရန် အလားအလာမရှိနိုင်ပေ။

သို့သော်လည်း ပြည်တွင်းဈေးကွက်မှ အာဆီယံဒေသဆိုင်ရာဈေးကွက်သို့ လုပ်ငန်းတိုးချဲ့နိုင်မည်ဆိုပါက အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံသည် ကမ္ဘာ့ဆဋ္ဌမမြောက် အကြီးမားဆုံးဈေးကွက်ဖြစ်ခြင်း၊ တတိယမြောက် လူဦးရေ အများဆုံးဖြစ်ခြင်း၊ လူငယ်အရေအတွက် များပြားပြီး လူလတ်တန်းစားအရေအတွက် တိုးတက်လျက်ရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ အရှေ့တောင်အာရှဒေသ၏ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အာဆီယံ GDP ၏ ၅၀ ရာခိုင်နှုန်းရှိပြီး အာဆီယံလုပ်သားအင်အား၏ ၈၀ ရာခိုင်နှုန်းကျော်ကို အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိပါသည်။ ဤသို့သော အခြေအနေတွင် အာဆီယံ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို ပေါင်းစပ်အကောင်အထည်ဖော်လိုက်မည်ဆိုပါက ဒေသ၏ စီးပွားရေးကို သိသိသာသာ အထောက်အကူပြု တိုးတက်စေမည်ဖြစ်သည်။

## အခွင့်အလမ်း ရယူနိုင်သော အစီအမံ ၃ မျိုး

အရှေ့တောင်အာရှဒေသရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အတွက် ဤအခွင့်အလမ်းကို ရယူနိုင်သော အစီအမံ ၃ မျိုး ရှိပါသည်။ ပထမအစီအမံမှာ ကိန်းဂဏန်းအချက် လွတ်လွတ်လပ်လပ်စီးဆင်းခြင်း (Free flow of data) ဖြစ်သည်။ အာဆီယံတစ်ဝန်း ကိန်းဂဏန်းအချက်အလက် လွတ်လပ်စွာ ဖြတ်သန်းစီးဆင်းသည့် ဒစ်ဂျစ်တယ်ကုန်သွယ်ရေး (Digital trade) ကို များစွာ အထောက်အကူပြုပါသည်။ ထို့ပြင် ဆန်းသစ်ပြောင်းလဲမှု (Innovation) ကို ပိုမိုတိုးတက်စေပြီး စီးပွားရေးလုပ်ငန်းများအတွက် ဒေသတွင်း လုပ်ငန်းလည်ပတ်စရိတ်ကိုလည်း လျှော့ကျစေနိုင်သည်။

ဒုတိယအစီအမံမှာ ပွင့်လင်းပြီး အတူတကွ သုံးစွဲနိုင်သော ဒစ်ဂျစ်တယ်ငွေကြေးပေးချေမှုစနစ် (Open and inter-operable digital payments system) ဖြစ်သည်။ အပြန်အလှန်ချိတ်ဆက်ထားသော အမျိုးသား ငွေကြေးပေးချေမှုစနစ်များ (National payment systems) က အရှေ့တောင်အာရှဒေသရှိ စားသုံးသူနှင့် ကုမ္ပဏီများကို အကူအညီဖြစ်စေပါသည်။ ဆိုလိုသည်မှာ နယ်စပ်ဖြတ်ကျော်ငွေရေးကြေးရေးပေးချေမှုများ (Finacial transactions) က ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ဆောင်ချက်များကို ပိုမိုတိုးတက်စေပြီး စားသုံးသူနှင့် ကုမ္ပဏီများကို အထောက်အကူဖြစ်စေခြင်းဖြစ်သည်။

**စာမျက်နှာ ၃၃ သို့**

## ပြည်တွင်းဆီဈေးနှုန်းများ (၉-၁၁-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပခုက္ကူ | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၅၀၀ | ၅၃၀၀ | ▽ | ၅၅၀၀ | ၅၃၀၀ | ▽ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်ကိုင်း | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၁၁-၂၀၁၈ US$/Ton

| အမျိုးအစား | အောက်တိုဘာစတုတ္ထပတ် | နိုဝင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၂.၅၀ | ၅၁၇.၅၀ | △ |
| RBD P.Olein | ၅၁၉.၀၀ | ၅၁၆.၅၀ | ▽ |
| RBD P.Stearin | ၅၀၆.၅၀ | ၅၀၉.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉-၁၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၈၀.၈၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၉.၀၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၈၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၂၂.၃၆၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၉-၁၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 540 ဒေါ်လာနှင့် USD ဈေး ၁၅၆၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၉-၁၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၆၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# Promoting Myanmar Exports to the European Union (EU) ဆွေးနွေးပွဲကျင်းပ

Promoting Myanmar Exports to the European Union (EU) ဆွေးနွေးပွဲကိုရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Sedona Hotel၊ ၁၁လွှာရှိ အင်းယားခန်းမတွင် ယခုလ ၂ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ အလားအလာရှိသော ထုတ်ကုန်များကိုဥရောပဈေးကွက်သို့ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရပါသည်။ ဆွေးနွေးပွဲကို GIZ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှ ကမကထပြုကျင်းပခြင်းဖြစ်ပါသည်။ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် စတင်ခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

Delegation of the European Union to Myanmar ၏ Head of Cooperation ဖြစ်သူ Dr. Johann Hesse ၊မြန်မာနိုင်ငံဆိုင်ရာဂျာမနီသံရုံးမှ Counsellor နှင့် Head of Development Cooperation ဖြစ်သူ Dr. Katharina Spiessတို့ကလည်း အသီးသီးအမှာစကားများပြောကြားခဲ့ကြပြီး နံနက်၉နာရီ၅၀မိနစ်ခန့်တွင် ဖွင့်ပွဲအခမ်းအနားပြီးဆုံးခဲ့ပါသည်။

ဆွေးနွေးပွဲကိုအဓိကအပိုင်း နှစ်ပိုင်းခွဲ၍ကျင်းပပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲ ပထမပိုင်းတွင် ဥရောပသမဂ္ဂဈေးကွက်သို့ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများအကြောင်း အဓိကဆွေးနွေးခဲ့ပါသည်။ International Trade Consultant ဖြစ်သူ Minke Vorstenbosch က Export potential of Myanmar products to the EU ခေါင်းစဉ်ဖြင့် လည်းကောင်း၊ International Trade Consultant ဖြစ်သူAleksandarJovanovicu Challenges of exporting to the EU ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဥရောပသမဂ္ဂသို့မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် တွေ့ကြုံရသော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ စားပွဲဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP)၊ မန္တလေး သရက်သီးအစုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံရေထွက်ကုန်ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း (MPEA) အတွင်းရေးမှူး၊ ဦးမျိုးညွန့်၊ Delegation of German Industry and Commerce in Myanmar ၏ Head of Projects and Services ဖြစ်သူ Sophie Waldschmidte နှင့် International Trade Consultant ဖြစ်သူ AleksandarJovanovicu အပြန်အလှန် ဆွေးနွေးပြောကြားခဲ့ကြပြီး ဆွေးနွေးပွဲ Moderator အဖြစ် ဒေါ်သက်စုလှိုင်က ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်တွင် ဆွေးနွေးပွဲပထမပိုင်းပြီးစီးခဲ့ကြောင်း သိရပါသည်။

ဆွေးနွေးပွဲဒုတိယပိုင်းကို မွန်းလွဲ ၂နာရီတွင်ပြန်လည်စတင်ခဲ့ကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက Reforms in trade facilitation အားလည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက Key challenges of the private sector ကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ဦးက EU Registered Exporters (REX) and Certificate of Origin (CofO) Online Application systems အကြောင်းကို လည်းကောင်း အသီးသီး ဆွေးနွေးပြောကြားခဲ့ကြပါသည်။ တက်ရောက်လာသူများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို ညနေ ၃ နာရီ ၃၀ မိနစ်တွင်ရုပ်သိမ်းခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ NGO/INGO များမှ စုစုပေါင်း ၈၀ ဦးကျော် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**ကောင်းထွဋ်အောင်**

# တတိယအကြိမ်မြောက် Nobeo Café Seminar ကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (JICA)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊မြန်မာ-ဂျပန်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန (MJC) တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ဂျပန်နိုင်ငံ Nobeoka မြို့မှ စီးပွားရေးလုပ်ငန်းများ အတူတကွပူးပေါင်းလုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး Nobeo Café Seminar အား နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ Hilton Mandalay Hotel ၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်ကပြောကြားရာတွင် MJC(Myanmar Japan Center)က မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များကို ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ သဘောထားများကို သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဂျပန်နှစ်နိုင်ငံအကြား စီးပွားရေးကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းကို လုပ်ဆောင်နိုင်ရန် MJC, MABA (Myanmar Japan Center Alumni Business Association ) တို့မှ ကူညီပံ့ပိုးပေးနေခြင်းအတွက် မြန်မာလုပ်ငန်းရှင်များနှင့် ဂျပန်လုပ်ငန်းရှင်များအကြား ထိတွေ့ဆက်ဆံမှု ပိုမိုဖြစ်ထွန်းလာခြင်းကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းမှာ မြန်မာ-ဂျပန်စီးပွားရေးကွန်ရက် ချိတ်ဆက်ခြင်းကို မန္တလေးမြို့တွင်ပြုလုပ်ခဲ့ပြီး ၂၀၁၈ ဖေဖော်ဝါရီလအတွင်း၌ "Nobeo CaféSeminar"ကို ဒုတိယအကြိမ်ကျင်းပခဲ့ပါကြောင်း၊ ယခုအခမ်းအနားသည် မြန်မာ-ဂျပန်စီးပွားရေးအခွင့်အလမ်း ချိတ်ဆက်ပွဲကို တတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး၊ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲက တစ်ဆင့်လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်မျှော်လင့်ပါကြောင်း၊ JICAက ဦးဆောင်၍ Two Steps Loans Seminar ကိုမန္တလေးမြို့တွင် ကျင်းပမည်ဟုသိရှိရသည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ ဤကဲ့သို့ စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲများကို မန္တလေးတိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီးတွင်လည်း ကျင်းပနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ MJCနှင့် JICAမှ တာဝန်ရှိသူများ၊ MRCCI ဥက္ကဋ္ဌဦးကျော်မင်းတို့က အမှာစကားများပြောကြားခဲ့ပြီး မြန်မာနိုင်ငံ Top Myanmar Mya Taung Nyunt Co.,Ltd နှင့် ဂျပန်နိုင်ငံ KiyomotoCo.,Ltd တို့အကြား Vaccum Fryer စက်နှင့်ပတ်သက်၍ MoU လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းနောက် Kiyomoto Iron Corporation, Shudensha Co.,Ltd, Hyuga Eisei Co.,Ltd, Serekyto Co.,Ltd တို့က Business Presentation များ ပြုလုပ်ခြင်းနှင့် မန္တလေးမြို့ရှိ လုပ်ငန်းရှင်များနှင့် Business Matching များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြူသဲနွယ်(မန္တလေး)**

စာမျက်နှာ (၃) ကျောက်ဖြူအထူးစီးပွားရေးဇုန် . . . မှအဆက်

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming တို့သည် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့ရှေ့မှောက်တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဗဟိုလုပ်ငန်းအဖွဲ့မှ ဒုတိယဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ CITIC Group ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် CITIC Group မှ တာဝန်ရှိကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ မြန်မာ-ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ CITIC Consortium ကိုယ်စားလှယ်CITIC Group (Myanmar) Co.,Ltd ၏ Managing Director Mr Yuan Shaobin နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့ဦးဆောင်၍ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအား ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် (Framework Agreement) လက်မှတ်ရေးထိုးခြင်း နှင့်စပ်လျဉ်း၍ အသိပေးပြောကြားခြင်း အစီအစဉ်ကိုကျင်းပပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အကြိုလေ့လာဆန်းစစ်ခြင်းကို ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ကွင်းဆင်းဆောင်ရွက်၍လည်းကောင်း၊ အကြံပေးကုမ္ပဏီ ရွေးချယ်ခြင်းကိုလည်း ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာ တင်ဒါခေါ်ယူရွေးချယ်၍လည်းကောင်း၊ ရင်းနှီးတည်ဆောက်မည့်သူအား ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာတင်ဒါခေါ်ယူ၍ ရွေးချယ်ခဲ့ရာ (CITIC) ကုမ္ပဏီအုပ်စုကို ရေနက်ဆိပ်ကမ်းနှင့် စက်မှုဥယျာဉ် စီမံကိန်းများအတွက် တင်ဒါအောင်မြင်ကြောင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်ကြေညာခဲ့ပြီး နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဘောင်သဘောတူညီချက်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစီမံကိန်းကြောင့် ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ အထောက်အကူပြုနိုင်မည့် အထူးစီးပွားရေးဇုန်အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**MOC(IR)**

# ဗီယက်နမ်နိုင်ငံသည် အရည်အသွေးမြင့်သော ဆန်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်း

ဗီယက်နမ်နိုင်ငံတွင် အရည်အသွေးနိမ့်သော ဆန်ဖြူနှင့် အလယ်အလတ်တန်းစား ဆန်ဖြူတို့အား ပို၍အရည်အသွေးမြင့်သော ဆန်များဖြစ်လာစေရန်အတွက် တင်သွင်းမည့်ဈေးကွက်များ၏ ဝယ်လိုအားများအတိုင်း အရည်အသွေးမြင့်သော ဆန်တင်ပို့မှုများသို့ပြောင်းလဲရန်အတွက် ဗီယက်နမ်နိုင်ငံသည် အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း Can Tho City တွင် နိုဝင်ဘာ ၂ ရက်၌ ကျင်းပပြုလုပ်ခဲ့သော ဆန်ထုတ်လုပ်ခြင်းနှင့် ဆန်တင်ပို့ခြင်းဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတွင် တက်ရောက်လာသူများက ပြောကြားခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ သွင်းကုန်ပို့ကုန်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး၏ အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံသည် အရည်အသွေးမြင့်ဆန်မွှေးကို ပြောင်းလဲမှုတွင် အောင်မြင်မှုရခဲ့ကြောင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့ပါတယ်။

ပြီးခဲ့သောနှစ်က အရည်အသွေးနိမ့်သော ဆန်ဖြူနှင့် အလယ်အလတ်တန်းစား ဆန်ဖြူ တင်ပို့မှုမှာ နိုင်ငံ၏ ဆန်တင်ပို့မှု စုစုပေါင်းအရေအတွက်၏ ၃ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် ၈ ဒသမ ၂၄ ရာခိုင်နှုန်းတို့ရှိကြောင်း သိရှိရပြီး၊ ဆန်မွှေး၊ အရည်အသွေးမြင့်သော ဆန်ဖြူ စေးကပ်သောဆန်နှင့် Japonica ဆန်တို့ တင်ပို့မှုများမှာ ၂၉ ဒသမ ၂၂ ရာခိုင်နှုန်း၊ ၂၄ ဒသမ ၃၃ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၅၃ ရာခိုင်နှုန်း နှင့် ၄ ဒသမ ၄၃ ရာခိုင်နှုန်းတို့ဖြင့် အချိုးအစား အသီးသီးစီရှိကြပါတယ်။

ဗီယက်နမ်နိုင်ငံလယ်ယာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် Winter-Spring စပါးသီးနှံစိုက်ပျိုးရာသီတွင် အရည်အသွေးမြင့်ဆန်မွှေးထုတ်လုပ်ခြင်းကို အားပေးခဲ့ပါတယ်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံကဲ့သို့သော အစဉ်အလာအရ တင်သွင်းမည့် ဈေးကွက်များက ဒီနှစ်တွင် အရည်အသွေးနိမ့်သော ဆန်ထုတ်ကုန်နှင့် အလယ်အလတ်တန်းစားဆန်ထုတ်ကုန်များအတွက် အမြင့်ဆုံးဝယ်လိုအားမှာ တင်ပို့မှုအချိုးအစားများအရ တိုးတက်မှုတစ်ခုအဖြစ် အကျိုးရလဒ်ကို ရရှိလိမ့်မည်ဖြစ်ပါတယ်။

၎င်းအပြင် ကျူးဘားနိုင်ငံသို့ အရည်အသွေးနိမ့်သော ဆန်တန်ချိန် ၄၀၀၀၀၀ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့တန်ချိန် ၁၃၀၀၀၀ တန်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ ၇၀၀၀၀၀ တန် တင်ပို့ရန်အတွက် ဗီယက်နမ်နိုင်ငံနှင့် စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားကြောင်းနှင့် ဗီယက်နမ်နိုင်ငံသည် အရည်အသွေးနိမ့်သော ဆန်ထုတ်ကုန်နှင့် အလယ်အလတ်တန်းစား ဆန်ထုတ်ကုန်တင်ပို့မှုများကို လျှော့ချရန် အပြင်းအထန် ကြိုးစားနေပါကြောင်းအား Vietnam Market Analysis and Forcast JSC မှ Director က ပြောကြားခဲ့ပါတယ်။

**ချိုချိုမာ(ရန်ကုန်)**

## ဒေါ်လာရရှိတဲ့ ဆံပင်

မြန်မာနိုင်ငံမှ စီးပွားရေးအခွင့်အလမ်းတစ်ခုအနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်များက လူသားဆံပင်များကို တင်ပို့ခဲ့ကြပြီး အဆိုပါတင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိကာ ၂၀၁၀ ခုနှစ်တွင် ဆံပင်တင်ပို့မှုမှာ ကမ္ဘာတွင် စတုတ္ထအများဆုံးနိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂမှ ပြောကြားခဲ့ကြောင်း၊ ယခင်နှစ်က လူသားဆံပင် အား ကား ၁၁၆၀ စီးနှင့် ညီမျှသော တန်ချိန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်း ရရှိခဲ့တယ်လို့ **Bangkok Post** တွင် ဖော်ပြထားသည်ကို သိရှိရပါ သည်။

**ခိုင်(တာချီလိတ်)**

# ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်မြို့တွင် နှစ်နိုင်ငံ စီးပွားရေး ညှိနှိုင်းဖလှယ်ပွဲ ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ထိုင်းနိုင်ငံ၊ ပရာကျွတ်ခီရီခန်ခရိုင်တို့အကြား နှစ်နိုင်ငံညီအစ်မမြို့တော်များ အချင်းချင်း ဆက်ဆံရေး ပိုမိုခိုင်မြဲစေရန်နှင့် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်း စင်ခွန်-မြိတ်ကုန်စည်ပြပွဲတော်ကို မေလ ၃၀ ရက်မှ ဇွန်လ ၃ ရက်ထိ ထိုင်းနိုင်ငံ၊ ပရာကျွတ်ခီရီခန်မြို့တွင် လည်းကောင်း၊ မြိတ်ခရိုင်နှင့် ပရာကျွတ်ခီရီခန်ခရိုင်အကြား စီးပွားရေးညှိနှိုင်းဖလှယ်ပွဲကို စက်တင်ဘာ ၁၂ရက်မှ ၁၄ ရက်ထိ ထိုင်းနိုင်ငံ၊ ပရာကျွတ်ခီရီခန်ခရိုင်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ဆက်သွယ်ဆောင်ရွက်မှုများနှင့် တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဆောင်သော ဌာနဆိုင်ရာများ၊ မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး၊ ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်၊ ခရိုင်ဝန်နှင့် ဌာနအဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မြတ်ထွန်းကျော်**

## ရိဒ်ကုန်သွယ်ရေးစခန်းမှ ဝက်အရှင်များ ပြန်လည်တင်ပို့မှုရှိလာ

ချင်းပြည်နယ်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံသို့ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလတွင် တစ်ဖက်နိုင်ငံဈေးကွက်လိုအပ်ချက်အရ ဝက်အရှင် ၁၇၁ ကောင်၊ တန်ဖိုးအားဖြင့် ၂၀၅၂၀၀၀၀ ကျပ် တင်ပို့မှုရှိကြောင်း သိရှိရပါသည်။ ဝက်အရှင်တင်ပို့မှုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်ဖြင့် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ၏ ခွင့်ပြုချက်ရယူပြီး ပို့ကုန်လိုင်စင်ထုတ်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**ပြည့်ဖြိုးအောင်**

# မြဝတီကုန်သွယ်ရေးဇုန်တွင် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ

မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုတိုးတက်စေရေး၊ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် လစဉ်ကျင်းပမြဲဖြစ်သော ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးအခမ်းအနားကို နိုဝင်ဘာလ ၂ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ နေ့လယ် ၁:၃၀ နာရီ မှ ၁၆:၁၅ နာရီအထိ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးအား ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန်၏ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာလွင်တို့ဦးဆောင်၍ကျင်းပခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အကောက်ခွန်ဦးစီးဌာနကရင်ပြည်နယ် အကောက်ခွန်ဦးစီးမှူး ဦးလှမင်းထွေးနှင့် မြဝတီ (OSS) အကောက်ခွန်မှ တာဝန်ရှိသူများ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာန (သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးမွှားစစ်ဆေးရေးစခန်း၊ မြဝတီ)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန ၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ မြဝတီနယ်စပ် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် ကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အကောက်ခွန်ရှင်းလင်းရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံလင်စွာတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာလွင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် မြဝတီကုန်သွယ်ရေးဇုန် ကုန်သွယ်ရေးဦးစီးဌာန၏ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးလွင်မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အောက်တိုဘာလ၏ ကုန်သွယ်မှုနှင့်ပတ်သက်သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုတိုးတက်ရေးအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်အားလျော်စွာကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကုန်သွယ်မှုမူဝါဒပိုင်းနှင့် ပတ်သက်၍လည်း ခေတ်စနစ်နှင့် လိုက်လျောညီထွေသည့် ဖြေလျှော့ပေးမှုများကို မူဘောင်အတွင်းမှ ဆောင်ရွက်ပေးခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုတိုးတက်ရန်အတွက် ကုန်သွယ်မှုလုပ်ငန်းစဉ် တစ်လျှောက်တွင် ပါဝင်ပတ်သက်နေသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များအားလုံးမှ တက်ညီလက်ညီဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်




နှင့် တရားမဝင်ကုန်သွယ်မှုများသည် တရားဝင်လုပ်ကိုင်နေသည့် ကုန်သည်များ၏ အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားကို ထိခိုက်စေသည်ဖြစ်၍ အဆိုပါ တရားမဝင်ကုန်သွယ်မှုများ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန (မြဝတီကုန်သွယ်ရေးဇုန်-OSS) ၏ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ MACCS စနစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များမှလည်း ၎င်းတို့ဌာနအလိုက် သက်ဆိုင်သည့် လုပ်ငန်းရပ်များအပေါ်တွင် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ ကုန်သည် လုပ်ငန်းရှင်များဘက်မှလည်း မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏ ပိုမို တိုးတက်ရေးအတွက် အပြုသဘော ဆောင်သည့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

ယခုကဲ့သို့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးများအား လစဉ်ကျင်းပပြုလုပ်ခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းစဉ်တွင် ကုန်သည်လုပ်ငန်းရှင်များဘက်မှ လိုလားချက်များကို သက်ဆိုင်ရာ အစိုးရဌာနများထံသို့ ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးနိုင်ပြီး၊ ကုန်သွယ်မှုတိုးတက်စေရေး၊ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူ လျင်မြန်ချောမွေ့စေရေးအတွက် ပိုမိုကောင်းမွန်သည့် နည်းလမ်းများကိုလည်း ဆွေးနွေးတိုင်ပင်နိုင်သဖြင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေသည့် Productive Meeting လည်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**(ဝင်းပပသူ၊ မြဝတီ)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိ၍ ပါကစ္စတန်နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၅ ဒသမ ၄၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းတည်ငြိမ်သည့် နိုင်ငံ ၄၈ နိုင်ငံရှိပြီး ကမ္ဘောဒီးယား၊ အီဂျစ်၊ အက်စ်တိုးနီးယား၊ အိုက်စ်လန်၊ အင်ဒိုနီးရှား၊ ကိုလံဘီယာ၊ ကူဝိတ်၊ လာအို၊ မလေးရှား၊ မက္ကစီကို၊ မော်ရိုကို၊ နီပေါ၊ ဖိလစ်ပိုင်၊ ကာတာ၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခုတစ်ပတ်အတွင်း အာဆီယံနိုင်ငံအများစုတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၄၇ နိုင်ငံရှိ၍ ခရိုအေးရှား၊ El Salvador၊ ပနားမား၊ Macedonia၊ အိုမန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဖင်လန်၊ တူရကီ၊ ဘယ်လ်ဂျီယံ၊ ဆလိုဗေးနီးယား၊ အမေရိကန်၊အစ္စရေး၊ ဆွီဒင်၊ အာရပ်စော်ဘွားနိုင်ငံ၊ အိန္ဒိယ၊ ပြင်သစ်၊ နယ်သာလန်၊ ဂျာမနီ၊ ဂရိ၊ စင်္ကာပူ၊ ဒိန်းမတ်၊ စပိန်၊ ဂျပန်၊ ဟောင်ကောင်၊ နော်ဝေ၊ ပိုလန်၊ ဆွစ်ဇာလန်၊ ပေါ်တူဂီ၊ UK၊ အီတလီနှင့် ချက်သမ္မတနိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၆၀ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် ဥရောပနိုင်ငံအများစုတွင် ဓာတ်ဆီဈေးနှုန်းကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် စင်္ကာပူနိုင်ငံတွင် ၁ဒသမ၃၀ရာခိုင်နှုန်း၊ ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၀ နိုင်ငံရှိခဲ့၍ ပါကစ္စတန်နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၆ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် ကမ္ဘောဒီးယား၊ အီဂျစ်၊ အက်စ်တိုးနီးယား၊ ဟောင်ကောင်၊ အိုက်စ်လန်၊ အင်ဒိုနီးရှား၊ အိုင်ယာလန်၊ ကူဝိတ်၊ လာအို၊ မလေးရှား၊ မော်ရိုကို၊ နီပေါ၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ ထိုင်း၊ UK၊ ဗီယက်နမ် စသည့်နိုင်ငံများ အပါအဝင် ၅၁ နိုင်ငံ ရှိပြီး အာဆီယံနိုင်ငံအများစုတွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၃၀ နိုင်ငံရှိပြီး အိုမန်၊ သီရိလင်္ကာ၊ နယူးဇီလန်၊ Macedonia၊ ဆွီဒင်၊ ပနားမား၊ အစ္စရေး၊ ဖင်လန်၊ စင်္ကာပူ၊ ဒိန်းမတ်၊ အိန္ဒိယ၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ ခရိုအေးရှား၊ ဂရိ၊ နယ်သာလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ ပီရူး၊ ဘရာဇီး၊ အီတလီ၊ ဆလိုဗက်ကီးယား စသည့်နိုင်ငံတို့ ဖြစ်ကာ ယခင်တစ်ပတ်ဈေးနှုန်းထက် သုညဒသမ၁၀ရာခိုင်နှုန်း မှ ၁၅ ဒသမ ၆ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် အိုမန်နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၅ ဒသမ ၆ ရာခိုင်နှုန်းထိ သိသာစွာ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် စင်္ကာပူနိုင်ငံတွင် ၁ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၇ | ၀.၆၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၁၃ | ၀.၉၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၆ | ၀.၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၂ | ၁.၂၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၂ | ၀.၉၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၉ | ၀.၉၈ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၂ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ဆန်ဈေးနှုန်းများ ကျဆင်းနေပြီး ညှော့မထ ၂၅ မှတ် ဆန်ဈေးနှုန်းမှာ တည်ငြိမ်နေကြောင်းသိရှိရပြီး ဗီယက်နမ်နိုင်ငံတွင် ညှော့မထ ၅ မှတ်ဆန်ဈေး ကျဆင်းခဲ့ပြီး ညှော့မထ ၁၀ မှတ်၊ ၁၅ မှတ်၊ ၂၅ မှတ် ဆန်ဈေးနှုန်းများမှာ မြင့်တက်နေကြောင်း၊ ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းကျဆင်းနေပြီး အိန္ဒိယနိုင်ငံ တွင်လည်း ညှော့မထ ၂၅ မှတ်ဆန်မှာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ပေါင်းဆန်မှာ ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ် မိုးစပါးထွက်ရှိချိန်တွင် တောင်သူများအနေဖြင့် အခြေခံဈေးနှုန်း စပါးပေါ်ချိန်တွင် စပါးဈေးအဆမတန်ကျဆင်းမှုကြောင့် တောင်သူလယ်သမားများ ဆုံးရှုံးနစ်နာမှုမရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ၂၀၁၈ ခုနှစ်အတွက် အခြေခံဈေးနှုန်းကို ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်းအထက်တွင် ရှိနေလျှင် ဈေးကွက်ပေါက်ဈေးဖြင့်သာ ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်းအောက် နိမ့်ကျနေလျှင် အခြေခံဈေးနှုန်းဖြင့် ဝယ်ယူပေးပါရန် ဆန်စက်ပိုင်များ၊ ကုမ္ပဏီများအား အသိပေး အကြောင်းကြားထားကြောင်း သိရှိရပါသည်။ တောင်သူများအနေဖြင့်လည်း စပါးရောင်းချရာတွင် အခြေခံဈေးနှုန်းအောက်နိမ့်သောဈေးဖြင့် ရောင်းချခြင်းမပြုလုပ်ရန်၊ အခက်အခဲများရှိပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သို့ဆက်သွယ် အကြောင်းကြားပေးရန်နှင့် ဆန်စက်ပိုင်များ၊ ကုမ္ပဏီများအနေဖြင့်လည်း အသင်းချုပ်၏ထုတ်ပြန်ကြေညာချက်များကို လိုက်နာဆောင်ရွက်ပေးပါရန် အသိပေးကြေညာထားကြောင်းကိုလည်း သိရှိရပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ၂၀၁၈ ခုနှစ် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအဖြစ် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်း သတ်မှတ်ထားပြီး စိုက်ပျိုးထုတ်လုပ်မှု ရာသီအလိုက် ဖြစ်သင့်သည့် အခြေခံဈေးနှုန်းများ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်အမှတ် (၈/၂၀၁၈) ဖြင့် မတ် ၆ ရက်တွင် အသိပေးကြေညာခဲ့သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်းအမှော် ဖုန်၊ သဲ၊ ခဲ စသော အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်း ဈေးနှုန်းကိုအခြေခံ၍ ဝယ်ယူပေးရန် ထုတ်ပြန်အသိပေးခဲ့ခြင်းဖြစ်သည်။ ယခုသတ်မှတ်သော အခြေခံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် နွေစပါးပေါ်ချိန်နှင့် ၂၀၁၈ ခုနှစ် မိုးစပါးပေါ်ချိန်တို့အတွက် အဓိက ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ အခြေခံစပါးဈေးနှုန်းသတ်မှတ်ခြင်းကိုလည်း တောင်သူလယ်သမားများ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ စသောအခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာစိုက်ပျိုးထုတ်လုပ်မှုရာသီအတွက် ဖြစ်သင့်သော အခြေခံဈေးနှုန်းများကို ရာသီအလိုက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြေခံဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များထံသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ်ထံသို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်းကိုလည်း သိရှိရပါသည်။

မြောင်းမြဆန်စပါးဈေးကွက်အတွင်း မိုးစပါးအသစ်များ ဆက်တိုက်ဝင်ရောက်လာနေပြီး ဆန်အရောင်းအဝယ် အနည်းငယ်အေးနေမှုကြောင့် စပါးအသစ်ဈေးနှုန်းများ ပြန်လည်ကျဆင်းလာနေကြောင်းသိရှိရပါသည်။ မိုးစပါးသစ်များ အထွက်စုံလာချိန်တွင် ဆန်အရောင်းအဝယ်များ နည်းပါးနေသောကြောင့် ပေါ်ဆန်းစပါးအသစ် တင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းဝန်းကျင်ထိ ဈေးနှုန်းပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ပေါ်ဆန်းစပါးအဟောင်းမှာလည်း တင်း ၁၀၀ လျှင် ယခင်က ကျပ် ၁၅ သိန်းဝန်းကျင်မှ ကျပ် ၁၄ သိန်းဝန်းကျင်သို့ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ပေါ်ဆန်းဆန်မှာ ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၅၃၀၀၀ ဝန်းကျင်ဈေးနှုန်းရှိနေကြောင်း၊ မနောသုခကဲ့သို့သော အမျိုးအစား စပါးသစ်များမှာ တင်း ၁၀၀ လျှင် ကျပ် ၆ သိန်းဝန်းကျင်ထိ ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ပြီး စပါးအဟောင်းများမှာ ကျပ် ၈ သိန်းဝန်းကျင်ထိရှိနေကြောင်း လေ့လာသိရှိရပါသည်။

ယခုရက်ပိုင်းတွင် မိုးစပါးရိတ်သိမ်းပြီဖြစ်၍ စပါးဈေးနှုန်းမှာ ပြန်ကျလာပါသည်။ ဈေးနှုန်းကျဆင်းလာသော်လည်း ဆန်စက်ပိုင်များနှင့် ကုန်သည်များသည် အရောင်းအဝယ်နည်းသောကြောင့် ဝယ်ယူခြင်းမရှိကြောင်းသိရှိရပါသည်။ ယခုနှစ်ပိုင်းတွင် ဧရာဝတီတိုင်းတွင် ပေါ်ဆန်းဈေးကောင်းမည်ထင်၍ ပေါ်ဆန်းစပါးအများဆုံး စိုက်ပျိုးခဲ့ကြသည်။ ယခုအချိန်တွင် ဆန်ဈေးကလည်းအေးနေသဖြင့် အဝယ်ကနည်းနေပြီး ဆန်ကွဲဈေးကလည်း ပြန်ကျနေသောကြောင့် အသစ်ထွက်ရှိသော စပါးများကို အနည်းငယ်သာဝယ်ယူနေကြောင်း သိရှိရပါသည်။ ယခုစံချိန်အတိုင်းဆိုလျှင် ပုံမှန်ဖြစ်နေကျဖြစ်သည့် နောက်တစ်လနှစ်လလောက်ထိ ဈေးကအနည်းငယ်စီကျဆင်းနေမည်ဖြစ်ပြီး ထို့နောက်ပိုင်းတွင်မှသာ စပါးဈေးနှုန်း ပြန်လည်တက်လာနိုင်ခြေရှိကြောင်း ဆန်လုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရပါသည်။

Thai Rice Exporter Associtation ၏ နောက်ဆုံးအစီရင်ခံစာအရ ထိုင်းနိုင်ငံ စပါးစိုက်တောင်သူများသည် ၂၀၁၈-၂၀၁၉ ခုနှစ် စပါးရိတ်သိမ်းကာလတွင် စပါးဈေးနှုန်းများ ပိုမိုမြင့်မားလာရန် မျှော်လင့်လျက်ရှိကြပြီး ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Whichai Phochanakij သည် နိုဝင်ဘာ ၃ ရက်တွင်

**စာမျက်နှာ ၁၆ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၂၀၁၈ ခုနှစ် နိုဝင်ဘာလ၅ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ဒသမ၁၀ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓါတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၆၇ ဒေါ်လာနှုန်းဖြင့် ၂၄ နိုင်ငံ မြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၆၈ ဒေါ်လာနှုန်းဖြင့် ၂၆ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသော နိုင်ငံများတွင်ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၁၅ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၂.၀၀ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Barbados | လီတာ | ၁.၉၅ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | အိုက်စလန် | လီတာ | ၁.၉၂ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၆ | အီတလီ | လီတာ | ၁.၉၀ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | နော်ဝေ | လီတာ | ၁.၉၆ |
| ၂ | အီရန် | လီတာ | ၀.၀၇ | အိုက်စလန် | လီတာ | ၁.၉၂ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | ဆွီဒင် | လီတာ | ၁.၈၂ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၂ | ဆွစ်ဇာလန် | လီတာ | ၁.၈၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၈ | ၁.၀၆ |
| ၂ | ဂျပန် | လီတာ | ၁.၃၇ | ၁.၁၈ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၂ | ၁.၀၄ |

Oil-Price'orNet Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း Crude Oil နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ


| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂.၁၁.၂၀၁၈ | စည် | ၆၃.၃၉ |
| ၂ | ၅.၁၁.၂၀၁၈ | စည် | ၆၃.၁၀ |
| ၃ | ၆.၁၁.၂၀၁၈ | စည် | ၆၂.၂၂ |
| ၄ | ၇.၁၁.၂၀၁၈ | စည် | ၆၁.၆၇ |
| ၅ | ၈.၁၁.၂၀၁၈ | စည် | ၆၀.၆၇ |

source : http://www.oil-price.net/

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရေနံစိမ်းဈေးကွက်တွင် ဈေးနှုန်း ၅ ရာခိုင်နှုန်း ကျော်ကျဆင်းခဲ့သော်လည်း ကမ္ဘာ့ပျမ်းမျှ ဓာတ်ဆီဈေးနှုန်းသည် လိုက်ပါကျဆင်းခြင်းမရှိဘဲ ၁ လီတာ ၁ ဒသမ ၁၄ ဒေါ်လာ

ကြယ်စင်(တန့်ဆည်မြေ)

တွင် တည်ငြိမ်လျက်ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့စက်သုံးဆီဈေးကွက်ကိုလေ့လာပါက ဥရောပနိုင်ငံများတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်း၊ ဩစတြေးလျတွင် ၂ဒသမ၇၀ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံတွင် သုညဒသမ၇၀ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သော်လည်း တောင်အမေရိကနှင့် အာဖရိကနိုင်ငံများတွင် သုည ဒသမ ၁ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်း အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် အာရှနိုင်ငံအများစုတွင်မူ ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၁၀ရက်နေ့မှ နိုဝင်ဘာလ၅ ရက်နေ့ထိ အပတ်စဉ်ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုအား အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည် -




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

သီတင်းကျွတ်ပိတ်ရက်အတွင်း အမြင့်ဈေး၌ တည်ငြိမ်ခဲ့သော ဒေါ်လာငွေဈေးနှင့် ရွှေဈေးတို့သည် ပြန်လည်မြင့်တက်လာခဲ့ပြီး အမြင့်ဈေးတွင် တည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းတွင် အောက်တိုဘာလ ဒုတိယပတ်၌ တစ်ဒေါ်လာ ကျပ်၁၅၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်ဒေါ်လာ ကျပ် ၁၅၆၀အထက်နှင့် ပြည်တွင်း ရွှေဈေးကွက်တွင်လည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၄၀၀၀၀ ဝန်းကျင်တို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပြည်တွင်းရွှေဈေးသည် ပြီးခဲ့သည့် ၂၀၁၇ ဇူလိုင် ၂၁ ရက်မှစတင်၍ ကျပ် ၉၀၀၀၀၀ အထက်ရောက်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ စံချိန်တင်ဈေးနှုန်းများအဖြစ် ဩဂုတ်လအတွင်းနှင့် စက်တင်ဘာလလယ်အထိ ဆက်တိုက်မြင့်တက်ခဲ့သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ၉၅၇၈၀၀ ဖြင့် တင်ထားသော စံချိန်ကို ဩဂုတ် ၂၃ ရက်မှ စတင် ကျော်လွန်ခဲ့ပြီး ဩဂုတ် ၂၈ ရက်တွင် ကျပ် ၉၈၅၀၀၀ အထိ အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကျပ် ၉၃၇၀၀၀ ဝန်းကျင်ဖြစ်ပေါ်ခဲ့သော ပြည်တွင်းရွှေဈေးသည် ၂၀၁၈ ခုနှစ်၌ ဇန်နဝါရီ ၉ ရက်တွင် ကျပ် ၉၃၈၀၀၀၊ ဇန်နဝါရီ ၂၅ ရက်တွင် ကျပ် ၉၅၅၇၀၀ အထိ မြင့်တက်ကာ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျပ် ၉၄၄၆၀၀၊ မတ် ၇ ရက်တွင် ကျပ် ၉၄၁၂၀၀၊ မတ် ၃၁ ရက်တွင် ကျပ် ၉၃၉၅၀၀၊ ဧပြီ ၁၉ ရက်တွင် ကျပ် ၉၄၈၄၀၀၊ မေ ၉ ရက်တွင် ကျပ် ၉၃၈၀၀၀၊ ဇွန် ၆ ရက်တွင် ၉၃၂၉၀၀၊ ဇူလိုင် ၃ ရက်တွင် ကျပ် ၉၃၄၁၀၀၊ ဇူလိုင် ၂၆ ရက်တွင် ကျပ် ၉၅၀၅၀၀၊ ဩဂုတ် ၂၈ ရက်တွင် ကျပ် ၉၈၅၀၀၀၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀ အထိ ဈေးကွက်သမိုင်းတစ်လျှောက် အမြင့်ဆုံးဈေးအဖြစ် စံချိန်သစ် ဖြစ်ပေါ်ခဲ့သည်။ စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်အပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်းလေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် အောက်တိုဘာ ၁ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၉၅ ပေါက်ဈေးရှိခဲ့ရာမှ ဆက်လက်မြင့်တက်လာခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၆ ဒသမ ၀၀ အထိ ဈေးမြင့်တက်လာခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 7-Nov-18 | 13.11 cts/lb | 13.62 cts/lb | 346.00 $/T | 15.69 cts/lb |
| 6-Nov-18 | 13.07 cts/lb | 13.66 cts/lb | 345.85 $/T | 15.69 cts/lb |
| 5-Nov-18 | 13.27 cts/lb | 13.68 cts/lb | 350.85 $/T | 15.91 cts/lb |
| 2-Nov-18 | 13.53 cts/lb | 13.70 cts/lb | 359.00 $/T | 16.28 cts/lb |
| 1-Nov-18 | 13.26 cts/lb | 13.68 cts/lb | 353.75 $/T | 16.05 cts/lb |
| 31-Oct-18 | 13.28 cts/lb | 13.66 cts/lb | 355.80 $/T | 16.14 cts/lb |
| 30-Oct-18 | 13.42 cts/lb | 13.64 cts/lb | 358.95 $/T | 16.28 cts/lb |
| 29-Oct-18 | 13.59 cts/lb | 13.62 cts/lb | 364.65 $/T | 16.54 cts/lb |
| 26-Oct-18 | 13.91 cts/lb | 13.59 cts/lb | 370.90 $/T | 16.82 cts/lb |
| 25-Oct-18 | 14.03 cts/lb | 13.51 cts/lb | 380.45 $/T | 17.26 cts/lb |
| 24-Oct-18 | 14.06 cts/lb | 13.41 cts/lb | 385.30 $/T | 17.48 cts/lb |
| 23-Oct-18 | 13.91 cts/lb | 13.29 cts/lb | 379.35 $/T | 17.21 cts/lb |
| 22-Oct-18 | 13.93 cts/lb | 13.18 cts/lb | 376.50 $/T | 17.08 cts/lb |
| 19-Oct-18 | 13.99 cts/lb | 13.03 cts/lb | 379.00 $/T | 17.19 cts/lb |
| 18-Oct-18 | 13.92 cts/lb | 12.83 cts/lb | 378.25 $/T | 17.16 cts/lb |
| 17-Oct-18 | 13.79 cts/lb | 12.61 cts/lb | 377.45 $/T | 17.12 cts/lb |
| 16-Oct-18 | 13.36 cts/lb | 12.40 cts/lb | 365.80 $/T | 16.59 cts/lb |
| 15-Oct-18 | 13.52 cts/lb | 12.24 cts/lb | 370.70 $/T | 16.81 cts/lb |
| 12-Oct-18 | 13.18 cts/lb | 12.07 cts/lb | 363.25 $/T | 16.48 cts/lb |
| 11-Oct-18 | 13.05 cts/lb | 11.95 cts/lb | 362.10 $/T | 16.42 cts/lb |
| 10-Oct-18 | 12.99 cts/lb | 11.84 cts/lb | 357.05 $/T | 16.20 cts/lb |
| 9-Oct-18 | 13.11 cts/lb | 11.73 cts/lb | 355.05 $/T | 16.10 cts/lb |
| 8-Oct-18 | 13.06 cts/lb | 11.61 cts/lb | 351.45 $/T | 15.94 cts/lb |
| 5-Oct-18 | 12.74 cts/lb | 11.49 cts/lb | 347.65 $/T | 15.77 cts/lb |
| 4-Oct-18 | 12.47 cts/lb | 11.43 cts/lb | 342.70 $/T | 15.54 cts/lb |
| 3-Oct-18 | 12.37 cts/lb | 11.41 cts/lb | 339.65 $/T | 15.41 cts/lb |
| 2-Oct-18 | 12.17 cts/lb | 11.40 cts/lb | 333.70 $/T | 15.14 cts/lb |
| 1-Oct-18 | 11.70 cts/lb | 11.37 cts/lb | 326.95 $/T | 14.83 cts/lb |

Source: www.isosugar.org

စာမျက်နှာ ၂၇ သို့

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

တောင်သူကိုယ်စားလှယ်များနှင့် ပြည်နယ်အေဂျင်စီများအား တွေ့ဆုံခဲ့ပြီး နှစ်စဉ်စပါးရိတ်သိမ်းရာကာလဖြစ်သော အောက်တိုဘာလ နှောင်းပိုင်းမှစတင်ပြီး စပါးထွက်ရှိမှုများသည် တန်ချိန် ၃၃ ဒသမ ၄၂ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ စပါးသည် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ရန် အားလုံးအတွက် တန်ချိန် ၃၄ ဒသမ ၀၃ သန်းအထက်တွင်ရှိကြောင်း၊ ယခုလာမည့် နှစ်ကုန်ပိုင်းတွင် ဆန်တန်ချိန် ၉ သိန်း ပို့ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့ပါသည်။

ယခင်နှစ်ကာလတူတွင် ထိုင်းနိုင်ငံ၏ ဆန်ဖြူ ၅ မှတ်တစ်တန် ဈေးနှုန်း ဘတ် ၇၃၀၀-၇၈၀၀ ရှိခဲ့ရာမှ ယခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် တစ်တန်လျှင် ဘတ် ၇၅၀၀-၇၈၀၀ အထိ မြင့်တက်ခဲ့ပါသည်။ ဟုမ္မလီဆန်၏ဈေးနှုန်းသည် ယခင်နှစ်အစောပိုင်းကာလတွင် တစ်တန်လျှင် ဘတ် ၁၁၅၅၀-၁၄၂၅၀ မှ ယခုနှစ်ကာလတူတွင် ဘတ် ၁၃၈၀၀-၁၇၅၀၀ ထိရှိခဲ့ပါသည်။ ကောက်ညှင်းဆန် ဈေးနှုန်းသည် ယခင်နှစ်တွင်မူ တစ်တန်လျှင် ဘတ် ၇၀၀၀-၁၁၃၀၀ ရှိပြီး ယခုနှစ်တွင်မူ တစ်တန်လျှင် ဘတ် ၉၀၀၀-၁၀၀၀၀ ထိရှိခဲ့ပါသည်။ ယခုနှစ်၏ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ထိုင်းနိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သော်လည်း ပုံမှန်ဝယ်လက်နိုင်ငံများဖြစ်သည့် တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန် စသော နိုင်ငံများထံမှ ဆန်အော်ဒါများ အဆက်မပြတ် လက်ခံရရှိနေသည့်အတွက်ကြောင့် ယခင်နှစ်ထက် ပိုမိုမြင့်မားသော စပါးဈေးနှုန်းများ ရရှိလာနိုင်ရန် မျှော်လင့်နေကြကြောင်း သိရှိရပါသည်။ ထိုင်းဆန်ကို အဓိကတင်သွင်းသော ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီး (၅)ခုမှာ ဘီနင်း၊ တရုတ်နိုင်ငံ၊ တောင်အာဖရိက၊ ကင်မရွန်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်သည်။

ရေကြီးရေလျှံမှု၏ အကျိုးဆက်အပေါ် စပါးဈေးနှုန်းများ တည်ငြိမ်ဖို့ရန်အတွက် ထိုင်းနိုင်ငံအစိုးရမှ လယ်သမားများအတွက် ချေးငွေထုတ်ပေးခြင်း အစီအစဉ်များ၊ ဆန်၊ စပါးကို ရက် ၆၀မှ ၁၈၀ အထိ လက်ဝယ်ထိန်းသိမ်းထားဖို့ရန် သဘောတူထားသော ဆန်ကုန်သည်ကြီးများအတွက် အတိုးနှုန်း ၃ ရာခိုင်နှုန်းကို ထောက်ပံ့ကြေးအဖြစ်ပေးရန် အစီအစဉ်များ၊ ဆန်ကိုရှာဖွေစုဆောင်းရန်နှင့် ကုန်ချောအဆင့်သို့ဖန်တီးရန်၊ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူများအတွက် ချေးငွေထုတ်ပေးရန်အစီအစဉ်များ စသည့် ကိစ္စရပ်များအတွက် အစိုးရမှ မိတ်ဆက်ဆွေးနွေးပြီးဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် နိုဝင်ဘာ ၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၉ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၃၈၁၆ ကျပ်မှ ၂၄၀၄၅ ကျပ်ထိပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းသွားကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် နိုဝင်ဘာလ ပထမပတ်အတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိက တင်သွင်း သောနိုင်ငံများ၏တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၂၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက် များ အရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းများ အတက်အကျအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိ သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၀၀၊ မုံရွာမြို့တွင် ကျပ် ၂၂၀၀၊ မြစ်ကြီးနားမြို့တွင် ကျပ် ၁၈၀၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့တို့တွင် ကျပ် ၁၂၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန် (ကျပ်/ပြည်) | | | |
|---|---|---|---|---|---|
| | | ၂.၁၁.၂၀၁၈ | ၅.၁၁.၂၀၁၈ | ၆.၁၁.၂၀၁၈ | ၈.၁၁.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၆ | ဘားအံ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၉ | မြိတ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၈ | ပြည် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၉ | ပဲခူး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၂၁ | နေပြည်တော် | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-DOCA-Domestic

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ် ပါက ၁ ဒသမ ၃၄ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာလပထမပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂.၁၁.၂၀၁၈ | ၅.၁၁.၂၀၁၈ | ၆.၁၁.၂၀၁၈ | ၈.၁၁.၂၀၁၈ |
| ၁ | ဇီယာ | ၅ | ၂၀၆၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၅၀၀ |
| ၂ | ဇီယာ | ၁၀ | ၁၉၇၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၇၀၀ |
| ၃ | ဇီယာ | ၂၅ | ၁၈၉၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၈၀၀ |
| ၄ | ဇီယာ | ၃၅ | ၁၈၆၀၀ | ၁၈၂၀၀ | ၁၈၂၀၀ | ၁၈၄၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၃၀၀ | ၁၉၈၀၀ | ၁၉၇၀၀ | ၁၉၈၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၁၉၇၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၃၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၈၉၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၈၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၆၀၀ | ၁၈၂၀၀ | ၂၈၂၀၀ | ၁၈၄၀၀ |

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) . . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

စက်သုံးဆီဈေးနှုန်းကျဆင်းရေးအတွက် ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် စက်သုံးဆီ လုပ်ငန်းရှင် များ နိုဝင်ဘာ ၅ ရက်နေ့တွင် တိုင်းအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံခဲ့ပြီး စက်သုံးဆီ ဈေးနှုန်းကျဆင်းရေး၊ ရန်ကုန်တိုင်းအတွင်း စက်သုံးဆီဆိုင်သစ်များ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးနှင့် စက်သုံးဆီလုပ်ငန်းများ၏ အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ပုံမှန်တွေ့ဆုံညှိနှိုင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့နိုင်ငံများတွင် စက်သုံးဆီ ဓာတ်ဆီ၊ ဒီဇယ်ဆီ ဈေးနှုန်းများ အပြောင်းအလဲ ကွာဟမှုကြီးမားခဲ့ကြောင်း၊ ဓာတ်ဆီဈေးနှုန်းတွင် ဈေးနှုန်းလျှော့ကျမှု အမြင့်မားဆုံး ခရိုအေးရှားနိုင်ငံတွင် (-) ၅ ဒသမ ၆ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်မားဆုံး ပါကစ္စတန်နိုင်ငံတွင် (+) ၅ ဒသမ ၄ ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့သကဲ့သို့ ဒီဇယ်ဈေးနှုန်းတွင်လည်း ဈေးနှုန်းလျော့ကျမှု အမြင့်မားဆုံး အိုမန်နိုင်ငံတွင် (-)၁၅ဒသမ ၆ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်မားဆုံး ပါကစ္စတန်နိုင်ငံတွင်(+) ၆ ရာခိုင်နှုန်းထိ ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ Global Petrol Price Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် ဈေးနှုန်းမြင့်တက်ခဲ့ပြီး နိုင်ငံပေါင်း ၄၈နိုင်ငံတွင် ဈေးနှုန်းကျဆင်းခဲ့ကြောင်းနှင့် ကျန် ၄၇ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ကြောင်း ဖော်ပြပါရှိခဲ့ပါသည်။ ပါကစ္စတန်၊ အာဂျင်တီးနား၊ အိုင်ဗရီကို့စ်နှင့် Rwanda နိုင်ငံတို့တွင် စက်သုံးဆီဈေးနှုန်း ၂ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး နယူးဇီလန်၊ ခရိုအေးရှား၊ El Salvador၊ ပနားမား၊ အိုမန်နှင့် Macedonia နိုင်ငံတို့တွင် စက်သုံးဆီဈေးနှုန်း ၃ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း တွေ့ရှိရသဖြင့် ယခုတစ်ပတ်အတွင်း ကမ္ဘာ့နိုင်ငံများအကြား စက်သုံးဆီဈေးနှုန်း ပြောင်းလဲမှုကွာဟချက် မြင့်မားခဲ့ကြောင်း တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | ဒီဇယ်ဆီ | | | |
| | | နိုဝင်ဘာ ၂ | နိုဝင်ဘာ ၅ | နိုဝင်ဘာ ၆ | နိုဝင်ဘာ ၈ | နိုဝင်ဘာ ၂ | နိုဝင်ဘာ ၅ | နိုဝင်ဘာ ၆ | နိုဝင်ဘာ ၈ |
| ၁ | မြစ်ကြီးနား | ၅၁၆၆ | ၅၀၆၂ | ၅၀၆၂ | ၅၀၆၂ | ၅၂၂၉ | ၅၁၆၆ | ၅၁၆၆ | ၅၁၆၆ |
| ၂ | လားရှိုး | ၅၀၅၀ | ၄၉၀၀ | ၄၉၀၀ | ၄၈၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၁၀၀ |
| ၃ | ကျိုင်းတုံ | ၅၉၈၅ | ၅၉၈၅ | ၅၉၈၅ | ၅၉၈၅ | ၆၁၂၀ | ၆၁၂၀ | ၆၁၂၀ | ၆၁၂၀ |
| ၄ | တောင်ကြီး | ၅၀၅၀ | ၄၉၀၀ | ၄၉၀၀ | ၄၈၀၀ | ၅၁၅၀ | ၅၁၀၀ | ၅၁၀၀ | ၅၀၅၀ |
| ၅ | လွိုင်ကော် | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၂၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ |
| ၆ | ဘားအံ | ၄၆၈၀ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၉၉၅ | ၄၉၇၃ | ၄၉၇၃ | ၄၉၇၃ |
| ၇ | မော်လမြိုင် | ၅၀၈၅ | ၅၀၄၀ | ၄၉၉၅ | ၄၉၉၅ | ၅၀၈၅ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ |
| ၈ | ထားဝယ် | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၈၅၁ | ၅၁၅၂ | ၅၁၅၂ | ၅၁၅၂ | ၅၁၅၂ |
| ၉ | မြိတ် | ၄၇၉၃ | ၄၇၉၃ | ၄၇၉၃ | ၄၇၉၃ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၉၃၂ | ၄၉၁၀ | ၄၉၁၀ | ၄၈၆၄ |
| ၁၁ | ပုသိမ် | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၂ | စစ်တွေ | ၄၄၈၀ | ၄၄၈၀ | ၄၄၈၀ | ၄၄၈၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၁၃ | ဟားခါး | ၅၄၄၀ | ၅၃၈၀ | ၅၃၈၀ | ၅၃၈၀ | ၅၂၅၀ | ၅၂၃၀ | ၅၂၃၀ | ၅၂၃၀ |
| ၁၄ | မုံရွာ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၅ | မန္တလေး | ၄၆၀၀ | ၄၆၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၆ | ပခုက္ကူ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ |
| ၁၇ | မကွေး | ၄၈၅၀ | ၄၈၅၀ | ၄၇၅၀ | ၄၇၅၀ | ၅၀၆၉ | ၅၀၆၉ | ၅၀၆၉ | ၅၀၇၀ |
| ၁၈ | ပြည် | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ |
| ၁၉ | ပဲခူး | ၄၆၁၀ | ၄၆၁၀ | ၄၆၁၀ | ၄၆၁၀ | ၄၈၃၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၂၀ | ပျဉ်းမနား | ၄၈၆၀ | ၄၈၆၀ | ၄၈၃၈ | ၄၇၂၅ | ၄၉၉၅ | ၄၉၉၅ | ၄၉၉၅ | ၄၉၅၀ |
| ၂၁ | နေပြည်တော် | ၄၈၆၀ | ၄၈၆၀ | ၄၈၃၈ | ၄၇၂၅ | ၄၉၉၅ | ၄၉၉၅ | ၄၉၉၅ | ၄၉၅၀ |
| ၂၂ | ကလေး | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၃၀၀ | ၅၃၀၀ | ၅၃၀၀ | ၅၃၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာငွေ . . . မှအဆက်

ပြီးခဲ့သည့် သုံးလက ရွှေဈေးကို ပြန်ကြည့်ပါက ဩဂုတ်လအတွင်း ပြည်တွင်းရွှေဈေးနှုန်း အနိမ့်ဆုံးနှုန်း ကျပ် ၉၄၇၃၀၀ (ဩဂုတ် ၆ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၉၈၅၀၀၀ (ဩဂုတ် ၂၈ ရက်)၊ စက်တင်ဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးဈေးနှုန်း ကျပ် ၉၆၅၀၀၀ (စက်တင်ဘာ ၂၈ ရက်)၊ အမြင့်ဆုံး ဈေးနှုန်း ကျပ် ၁၀၄၇၇၀၀ (စက်တင်ဘာ ၂၀ ရက်)၊ အောက်တိုဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးနှုန်း ကျပ် ၉၆၉၀၀၀ (အောက်တိုဘာ ၁ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၀၀၀၀ (အောက်တိုဘာ ၃၁ ရက်) တို့ဖြစ်ကြောင်း တွေ့ရပါသည်။


ကမ္ဘာ့ရွှေဈေးနှုန်းမှာ ၂၀၁၇ ခုနှစ် ဧပြီလမှစ၍ အတက်အဆင်း ကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် တစ်အောင်စလျှင် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိ ကွာခြားခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း ရွှေတစ်အောင်စအပေါ် လအလိုက် ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ဇန်နဝါရီတွင် ၁၃၁၀-၁၃၆၄ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၃၁၇-၁၃၄၇ ဒေါ်လာ၊ မတ်တွင် ၁၃၁၂-၁၃၅၅ ဒေါ်လာ၊ ဧပြီတွင် ၁၃၂၃ -၁၃၅၄၊ မေ တွင် ၁၂၈၈-၁၃၁၉၊ ဇွန်တွင် ၁၂၅၂-၁၂၉၉၊ ဇူလိုင်တွင် ၁၂၁၁-၁၂၅၈၊ ဩဂုတ်တွင် ၁၁၇၄- ၁၂၂၁၊ စက်တင်ဘာတွင် ၁၁၈၂-၁၂၀၆၊ အောက်တိုဘာတွင် ၁၁၈၅-၁၂၃၅ ဒေါ်လာ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၃၀ ဝန်းကျင်မှ ၅၀ ကျော်အထိရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြည်တွင်းအခေါက်ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့ပြီး အမြင့်နှုန်းဖြစ်သည့် တစ်ကျပ်သားလျှင် ကျပ် ၁၀၄၀၀၀၀ ခန့်တွင် ပေါက်ဈေးရှိနေပြီး ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာဈေးကြောင့် ယခုကဲ့သို့ မြင့်တက်နေကြောင်း၊ ကမ္ဘာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် တစ်အောင်စလျှင် ၁၂၃၀ ဒေါ်လာခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ လေ့လာသိရှိရပါသည်။ စက်တင်ဘာလ ၂၅ ရက်နေ့မှ နိုဝင်ဘာလ ၈ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂၅.၉.၂၀၁၈ | ၁၀၀၉၀၀၀ | ၁၁၉၉ |
| ၂ | ၂၆.၉.၂၀၁၈ | ၉၉၃၀၀၀ | ၁၂၀၀ |
| ၃ | ၂၇.၉.၂၀၁၈ | ၉၈၆၀၀၀ | ၁၁၉၇ |
| ၄ | ၂၈.၉.၂၀၁၈ | ၉၇၅၀၀၀ | ၁၁၈၅ |
| ၅ | ၂၉.၉.၂၀၁၈ | ၉၇၇၀၀၀ | ၁၁၉၃ |
| ၆ | ၁.၁၀.၂၀၁၈ | ၉၇၀၀၀၀ | ၁၁၈၇ |
| ၇ | ၂.၁၀.၂၀၁၈ | ၉၇၃၀၀၀ | ၁၁၈၈ |
| ၈ | ၃.၁၀.၂၀၁၈ | ၉၇၅၀၀၀ | ၁၂၀၃ |
| ၉ | ၄.၁၀.၂၀၁၈ | ၉၇၇၀၀၀ | ၁၂၀၀ |
| ၁၀ | ၅.၁၀.၂၀၁၈ | ၉၈၅၀၀၀ | ၁၂၀၀ |
| ၁၁ | ၆.၁၀.၂၀၁၈ | ၉၉၁၀၀၀ | ၁၂၀၃ |
| ၁၂ | ၇.၁၀.၂၀၁၈ | ၉၉၀၀၀၀ | ၁၂၀၃ |
| ၁၃ | ၈.၁၀.၂၀၁၈ | ၉၉၆၀၀၀ | ၁၁၉၄ |
| ၁၄ | ၉.၁၀.၂၀၁၈ | ၁၀၀၀၀၀၀ | ၁၁၉၀ |
| ၁၅ | ၁၀.၁၀.၂၀၁၈ | ၁၀၁၁၀၀၀ | ၁၁၈၇ |
| ၁၆ | ၁၁.၁၀.၂၀၁၈ | ၁၀၁၅၀၀၀ | ၁၁၉၇ |
| ၁၇ | ၁၂.၁၀.၂၀၁၈ | ၁၀၁၇၀၀၀ | ၁၂၂၁ |
| ၁၈ | ၁၃.၁၀.၂၀၁၈ | ၁၀၁၂၅၀၀ | ၁၂၁၈ |
| ၁၉ | ၁၅.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၃၁ |
| ၂၀ | ၁၆.၁၀.၂၀၁၈ | ၁၀၂၂၅၀၀ | ၁၂၂၉ |
| ၂၁ | ၁၈.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၂၃ |
| ၂၂ | ၁၉.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၉ |
| ၂၃ | ၂၀.၁၀.၂၀၁၈ | ၁၀၂၃၀၀၀ | ၁၂၂၇ |
| ၂၄ | ၂၂.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၃ |
| ၂၅ | ၂၃.၁၀.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၄ |
| ၂၆ | ၂၆.၁၀.၂၀၁၈ | ၁၀၂၄၀၀၀ | ၁၂၃၃ |
| ၂၇ | ၂၇.၁၀.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၃၃ |
| ၂၈ | ၂၉.၁၀.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၃၁ |
| ၂၉ | ၃၀.၁၀.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၃၁ |
| ၃၀ | ၂.၁၁.၂၀၁၈ | ၁၀၄၂၅၀၀ | ၁၂၃၂ |
| ၃၁ | ၃.၁၁.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၃၃ |
| ၃၂ | ၅.၁၁.၂၀၁၈ | ၁၀၄၀၀၀၀ | ၁၂၃၁ |
| ၃၃ | ၈.၁၁.၂၀၁၈ | ၁၀၃၇၅၀၀ | ၁၂၂၄ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.8 %၊ Annual Rate of Inflation 5.94 %၊ Year on Year Inflation က 8.59 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ် ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ၈ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂-၁၁-၁၈ | ၅-၁၁-၁၈ | ၆-၁၁-၁၈ | ၈-၁၁-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၆၉ | ၁၅၆၅ | ၁၅၆၂ | ၁၅၆၂ | -၀.၄၄၆ | ⬇ |
| ၂ | Thai Baht | THB | ၃၂.၉၀၀ | ၃၂.၈၄ | ၃၂.၉၂၀ | ၃၂.၈၄၀ | -၀.၁၈၂ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၇၇ | ၁.၃၇၄ | ၁.၃၇၅ | ၁.၃၇၂ | -၀.၃၉၄ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၇၄ | ၄.၁၆၆ | ၄.၁၇၅ | ၄.၁၇၁ | -၀.၀၇၁ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၅၀၇၉.၂၈၉ | ၁၄၉၅၁.၇၅ | ၁၄၉၈၁.၇၇၆ | ၁၄၆၂၅.၄၆၈ | -၃.၀၁၀ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၉၂၃ | ၆.၈၉၁ | ၆.၉၂၆ | ၆.၉၂၀ | -၀.၀၄၉ | ⬇ |
| ၇ | Indian Rupee | INR | ၇၃.၄၅၅ | ၇၂.၄၄ | ၇၃.၀၇၉ | ၇၂.၄၄၉ | -၁.၃၇၀ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၂.၇၈၈ | ၁၁၃.၁၉၃ | ၁၁၃.၂၇၀ | ၁၁၃.၆၂၅ | ၀.၇၄၂ | ⬆ |
| ၉ | Austrialia Dollar | AUD | ၁.၃၈၉ | ၁.၃၉ | ၁.၃၈၇ | ၁.၃၇၆ | -၀.၉၂၈ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၇၈ | ၀.၈၇၈ | ၀.၈၇၆ | ၀.၈၇၅ | -၀.၃၂၉ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၀ | ၀.၇၆၉ | ၀.၇၆၆ | ၀.၇၆၂ | -၁.၀၀၉ | ⬇ |

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ၈ ရက်နေ့အထိတွင် ကမ္ဘာ့နိုင်ငံအများစုတွင် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ ကျဆင်းခဲ့မှုနှင့်အတူ မြန်မာနိုင်ငံတွင်လည်း ယခုအပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၄၄၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်း ကျပ်ငွေတန်ဖိုးတည်ငြိမ်ရန် အစိုးရက တရားမဝင် ငွေလဲလုပ်ကိုင်သူများကို ဖမ်းဆီးအရေးယူခြင်း၊ ဗဟိုဘဏ်မှလည်း ဘဏ်များနှင့် ငွေလဲကောင်တာများ ဒေါ်လာဈေး ကစားခြင်းမပြုရန် ညွှန်ကြားချက်ထုတ်ပြန်ပြီး နိုင်ငံခြားငွေလုပ်ငန်း ဆိုင်ရာ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများကို ဒေါ်လာဈေးမကစားရန် ပွင့်လင်းမြင်သာစွာ အသိပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ယခုတစ်ပတ်အတွင်း ဒေါ်လာဈေး အနည်းငယ်ကျဆင်းခဲ့သော်လည်း ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရ ဒေါ်လာငွေကြေးခိုင်မာမှု၊ ကမ္ဘာ့ရွှေဈေးနှုန်း အမြင့်ဈေးတွင် တည်ငြိမ်နေမှုနှင့် ကမ္ဘာ့နိုင်ငံများအကြား စက်သုံးဆီဈေးနှုန်း ပြောင်းလဲမှုကွာဟချက် မြင့်မားမှုများ ဖြစ်ပေါ်လျက်ရှိရာ သွင်းကုန်ကို အဓိကအားထားနေရသော မြန်မာနိုင်ငံသည် ထိုအကျိုးဆက်၏ ရိုက်ခတ်မှုများကို ခံရနိုင်ဖွယ်ရှိနေသေးကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၃) မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စနစ် . . . မှအဆက်

UNCTA က Trade Readiness ဆန်းစစ်ချက်ပြုလုပ်ပြီးဖြစ်သည့် နိုင်ငံ ၁၄ နိုင်ငံအနက် မြန်မာနိုင်ငံသည် နိုင်ငံသုံးဘာသာစကားဖြင့် အစီရင်ခံစာအား ဘာသာပြန်ဆို ထုတ်ဝေနိုင်ခဲ့သည့် ဒုတိယမြောက်နိုင်ငံဖြစ်ပြီး အစီရင်ခံစာပါ Action Matrix များအတွက် မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားနှင့်အတူ Donor Roundtable Meeting အား ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်နိုင်ခဲ့သည့် နိုင်ငံဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Myanmar eTrade Readiness Assessment တွင် ပါဝင်သောလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်နိုင်ရေး သက်ဆိုင်ရာဌာန၊ ကော်မတီအသင်းအဖွဲ့များနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုအခမ်းအနားသို့ UNCTAD အဖွဲ့အစည်း၏ ကိုယ်စားလှယ်အဖြစ် Division on Technology and Logistics ၏ Director ဖြစ်သူ Ms. Shamika N. Sinmanne၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံး၏ Counsellor ဖြစ်သူ Dr. Johann Hesse၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ Economic Counsellor ဖြစ်သူ Mr. Kazuyuki Takami၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများဖြစ်သော အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID)၊ GIZ၊ ဓနအဖွဲ့အစည်း (The DaNa Facility - DFID) တို့မှ ဌာနေကိုယ်စားလှယ်များ၊ eTrade for all partner များဖြစ်သည့် Enhanced Integrated Framework – EIF၊ ကမ္ဘာ့ဘဏ်များအုပ်စု(WBG)၊ နိုင်ငံတကာ ကုန်သွယ်မှုစင်တာ (ITC)၊ Universal Postal Union-UPU၊ United Nations Capital Development Fund-UNCDF အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ E-Commerce နှင့်ဆက်စပ်သည့် အမျိုးသားအဆင့် ကော်မတီများဖြစ်ကြသော ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဦးထွန်းထွန်းနိုင်၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းနှင့် ဆက်စပ်ဌာနများမှ အဆင့်မြင့်အရာရှိကြီးများ နှင့် ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းနှင့် အခြားလုပ်ငန်း/ အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ အပါအဝင် စုစုပေါင်း ၁၅၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

aung pyitan

Since 1992

## MAPEI CONSTRUCTION CHEMICALS

- Concrete Admixture
- Grouting & Fixing
- Concrete Repair & Protection
- Structural Strengthening
- Joint Sealing & Elastic Bonding
- Steel Protection
- Waterproofing
- Flooring / Containment Linings
- Rooling
- Grinding Aid

## MACHINERY

| | |
|---|---|
| WIRTGEN GROUP | Road Construction Machinery |
| Putzmeister | Concrete Pumps |
| aliva | Concrete Spraying Machine |
| casagrande | Foundation Equipment |
| LINDEN COMANSA | Flat - Top Tower Crane |
| CARMIX | |
| Self - Loading Concrete Mixer | Tunnel Boring Machine |

**Yangon Office** - Room-6, Level 9, Pearl Condominium (B),Kabaraye Pagoda Rd, Bahan Tsp.,Yangon.09-797006101,01-401197/401198
Email : aungpyitan@ytp.com.mm

**Showroom** - No-5,South Horse Race Course Street, Tamwe Tsp.,Yangon. 09-5158172,01-400967

**Branch**

Mandalay - 09-5158173,09-797006106
Taunggyi - 09-5158170,09-797006104
Mawlamyaine - 057-24344,09-797002925
Naypyitaw - 067-417223,09-797006108

---

Myanma Pivot

မြန်မာ့မဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

MYANMA PIVOT CONSTRUCTION CO., LTD.








No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com

---




---


# Do can Do Company Limited




No-42A, Parami Road, 4th Ward, South, Oakkalarpa, Yangon.

Ph: 09 440224422


Pentens
Green Waterproofing, Leader in Asia
WATERPROOFING, EPOXY & SILICONE SEALANT
Add : No.(202), Yangon Industrial Zone, Sin Phone Kyaung Street, Yangon, Myanmar. Tel 959 421175268, 09-421033597.
E-mail : pentensmyanmarbranch@gmail.com, Website : www.pentens.com.my
Anti-Slip Car Park Flooring
Self-Leveling Flooring
Heavy Duty Flooring
PRODUCTS & SYSTEMS
WATERPROOFING SYSTEMS
INDUSTRIAL FLOORING SYSTEMS
STRUCTURAL REPAIR SYSTEMS
GROUT AND MORTAR SYSTEMS
JOINT SEALING SYSTEMS
SURFACE TREATMENT SYSTEMS
SURFACE COATING SYSTEMS
ADHESIVE SYSTEMS
ADMIXTURE SYSTEMS
DECORATING SYSTEMS
Products
❖ Acetic Cure Silicone Sealant
❖ Neutral Cure Silicone Sealant
❖ Acrylic Sealant


MYAWADDY
TRADING LIMITED
Vision
To be the leading organization in trading sector
Mission
To deliver best supports to achieve business goals by implementing the trading business in most efficient and effective way
MYAWADDY TRADING LIMITED
No. 55/61 STRAND ROAD,SEIKKAN TOWNSHIP,
YANGON. MYANMAR.
Tel: 95-01-373255,373265,373267,373291
Fax: 95-01-373257
E-mail: myawaddytrading@gmail.com
Website: www.myawaddytrade.com


PPC
Property People Connection
Under Management of Established Company
" PPC Group of Companies" in Singapore
Property Services
➢ Property Management
➢ M & E Services
➢ Cleaning
➢ Security
Renovation Service
➢ Renovation of Existing Building
➢ Painting, Roofing, Flooring, Ceiling
➢ Installation of Electricity & Plumbing
➢ Consultancy Services
Real Estate Services
➢ Leasing, Purchasing & Selling
No.19, 3rd Floor,Innwa Street, Kyauk Myaung Gyi Quarter,
Tamwe Township, Yangon, Myanmar.Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net


KAUNG HTET MYAT CO., LTD.
T-T Logistic Myanmar Limited
No. (32), Room (1), Shwe Ohn Pin Qvenue,
Yan Shin Street, Yankin Township, Yangon.
09 5011866, 09 5070948, Fax : 951 430056

# မေတ္တာရပ်ခံအပ်ပါသည် !!

**နိုင်ဦး (DOCA)**

"မကြာမီ အစည်းအဝေး စတင်တော့မှာဖြစ်တဲ့အတွက် လူကြီးမင်းတို့၏ လက်ကိုင်ဖုန်းအသံများကို ပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်" ဆိုသည့် မေတ္တာရပ်ခံသံသည် မြန်မာနိုင်ငံတွင်ပြုလုပ်သည့် အခမ်းအနားများမစတင်မီ နေရာယူရမှန်းမသိ နေရာဝင်ယူလာနေသည်ကို အစည်းအဝေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ ခပ်စိပ်စိပ်တွေ့လာရပေသည်။ ဘာမှန်းတော့မသိ အဆိုပါ သတိပေးချက်မလာမချင်း ခန်းမအတွင်းရှိ ဖုန်းပိုင်ဆိုင်သောသူတချို့သည် ဖုန်းတစ်လုံးနဲ့ခန်းမအတွင်း အလုပ်ရှုပ်နေတတ်ကြသည်။ ဖုန်းနဲ့ဝေးပါက ကမ္ဘာကြီးပျက်တော့မည့်အလား အသည်းအသန်ဖြစ်နေတတ်ကြသည်။ တစ်ခါတစ်ရံ မေတ္တာရပ်ခံသတိပေးနေသည့်ကြားထဲမှ ဖုန်းခေါ်သံများကို ကြားနေရတတ်သည်။ အပေါ်မှဆွေးနွေးပြောကြားနေသူ၏ စိတ်အာရုံ၊ တက်ရောက်လာကြသော ပုဂ္ဂိုလ်များ၏ စိတ်အာရုံထွေပြားသွားမည်။ ပြောဆိုဆွေးနွေးမည့် အကြောင်းအရာများ အံချော်သွားမည်ကို အလေးမထားသလို ဖုန်းသံတစ်ခုကြောင့် မလိုလားလားအပ်သော အခက်အခဲများ ဖြစ်ပေါ်လာနိုင်မည်ကို ဂရုမပြုရာ ရောက်နိုင်ပါသည်။

တာဝန်ရှိသူများသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်ဝင့်ထည်စေရေးအတွက် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားများကို ဟိုတယ်များ၊ အဆင့်မြင့်ခန်းမများတွင် အများအားဖြင့်ပြုလုပ်လေ့ရှိသည်။ ထိုဟိုတယ်ခန်းမများတွင်လည်း Wifi Free ပေးထားတတ်သည်။ ထိုအစည်းအဝေးများသို့နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာန အကြီးအကဲများ၊ အသင်းအဖွဲ့၊ စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားသားများ တက်ရောက်လေ့ရှိကြသည်။ မိမိစည်းကမ်းမလိုက်နာ၍ မြည်လာသောဖုန်းသံလေး တစ်ချက်ကြောင့် နိုင်ငံ့ဂုဏ်သိက္ခာကျဆင်းမှာ စည်းကမ်းလိုက်နာမှု အားနည်းတာ၊ ပြုလုပ်သောအစည်းအဝေးအပေါ် အလေးဂရုမပြုရာရောက်တာ ဖြစ်မည်ကို သတိထားသင့်ပါသည်။

အခမဲ့ဝန်ဆောင်မှုပေးထားတိုင်း အချိန်ပြည့်မသုံးသင့်ပေ။ အရေးတကြီးကိစ္စများဖြစ်လာပါမှ သုံးသင့်သည်။ သုံးစွဲရာတွင်လည်း အစည်းအဝေးခန်းမအပြင်သို့ထွက်၍ လိုရင်းတိုရှင်းပြောဆိုသင့်သည်။ ဆွေးနွေးပွဲတစ်ခုတွင် ဆက်သွယ်ရေးပညာရှင်တစ်ဦးမှ ပြောကြားခဲ့ဖူးသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သင့်ပါလျက် အချိန်ကြာမြင့်စွာ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် အချက်များတွင် ဆက်သွယ်ရေးမဖွံ့ဖြိုးခဲ့သည့် အချက်တစ်ချက်လည်းပါဝင်ကြောင်း ပြောပြခဲ့သည်။

ယခုတော့မူ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ယူစပြုနေသည်။ ထိုက်သင့်သော တိုးတက်ဖြစ်ပေါ်လာမှုများနှင့်အတူ ဆက်သွယ်ရေးစနစ်သည်လည်း တိုးတက်လာသည်။ လူတိုင်း ဖုန်းကိုင်လာနိုင်သည်။ တောရောမြို့ပါ ဆက်သွယ်ရေးစနစ်ကောင်းမွန်လာ၍ အိမ်နီးချင်းပမာ သာကြောင်း၊ မာကြောင်း၊ စီးပွားရေးအကြောင်းစသည့် အကြောင်းစုံများကို ဘေးတွင်ရပ်၍ ပြောနေသကဲ့သို့အသံရော၊ ရုပ်ရောမြင်လာကြသည်။ တချို့ဆို တစ်ဦးတည်းဖုန်း (၄/၅) လုံး ကိုင်ဆောင်အသုံးပြုနေကြသည်ကို တွေ့ရှိရသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်များအဖြစ် ကြည်နူးဝမ်းသာရသည်။ သို့သော်ဖုန်းတစ်လုံးဖြင့် အချိန်ကုန်ကာ မိမိဘဝတိုးတက်ရာ တိုးတက်ကြောင်းကိုမူ မျက်ကွယ်မပြုသင့်ပေ။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားတစ်ဦးချင်းစီ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေသည်ကို သတိမူသင့်သည်။ လေထဲတွင်ကုန်သွားမည့် မိမိငွေများကို နှမြောသင့်သည်။ အကျိုးမရှိ၊ အရေးမကြီးဘဲ ပြောဆိုကုန်ကျသွားမည့် မိမိဘဝအတွက် အကျိုးရှိစွာသုံးစွဲနိုင်မည့် ငွေကြေးများကို တန်ဖိုးထားသင့်သည်။

ယခင်က သတင်းအချက်အလက်များကို ရေဒီယို၊ သတင်းစာ၊ မဂ္ဂဇင်းများမှလောက်သာရခဲ့ကြသည်။ ထိုအခါ သတင်းသည် နောက်ကျခဲ့သည်။ ယခုမူ ယနေ့ဖြစ်ပျက်နေသော အဖြစ်အပျက်များကို ချက်ချင်းသိနေကြရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ Mobile Operator(၄) ခုတို့သည် အပြိုင်အဆိုင်ဆောင်ရွက်ပေးခဲ့သဖြင့် သုံးစွဲသူ (၁၁၀ ရာခိုင်နှုန်း) ကျော်အထိ အချိန်တိုအတွင်း မြင့်တက်ခဲ့ခြင်းကြောင့် အခြားနိုင်ငံများတွင် Key Pad Phone မှ Smart Phone သို့ပြောင်းလဲရန် ကြိုးစားနေချိန်တွင် မိမိနိုင်ငံ၌ ဖုန်းသုံးစွဲသူ ၇၅ ရာခိုင်နှုန်းကျော်သည် Smart Phone ကို ကိုင်ဆောင်သုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရှိရပါသည်။ နိုင်ငံတော်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးစားဆောင်ရွက်ပေးခဲ့မှုများ၏ အသီးအပွင့်များပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ဆက်သွယ်ရေးအော်ပရေတာများမှ ဆင်းကတ်သုံးစွဲသူအရေအတွက်အနေဖြင့် အမ်ပီတီ ၂၄ သန်းကျော်၊ တယ်လီနော ၁၉ သန်းကျော်၊ အော်ရီဒူး ၉ သန်းကျော်၊ မိုင်တဲလ် ၃ သန်းကျော် စုစုပေါင်း ဆင်းကတ်သုံးစွဲသူ ၅၅ သန်းကျော် ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံလူဦးရေထက် ပိုမိုသုံးစွဲလျက်ရှိနေပြီး လူတစ်ဦးတည်း ဖုန်းတစ်လုံးထက် ပိုမိုသုံးစွဲနေသည့် သဘောပင်ဖြစ်သည်။

အစည်းအဝေးတစ်ခုတွင် ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်အကောင် အထည်ဖော်မည့်ကိစ္စများကို အားရပါးရဆွေးနွေးခဲ့ကြသည်ကို မှတ်သားခဲ့ရသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဆောင်ရွက်ပေးနေ၍ ဝမ်းသာရသည်။

မိမိနိုင်ငံသားများ၊ အခြားနိုင်ငံသားများနည်းတူ ဆက်သွယ်မှုဆိုင်ရာကိစ္စများတွင် တန်းတူသုံးစွဲလာနိုင်တော့မည်ဖြစ်၍ ကျေနပ်မိသည်။ အချိန်ကုန်၊ လူပန်း၊ ငွေကုန် အလဟဿဖြုန်းတီးပစ်ကြမှာကိုတော့ စိုးရိမ်စိတ်ဖြစ်မိသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်မှုနည်းလမ်းပေါင်းစုံကို ရယူ အသုံးပြုနေသည့် လူဦးရေသည် ၅၅ သန်းကျော်ရှိနေပြီဟု သိရှိရသည်။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းများမှလည်း တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်ဝန်ဆောင်မှုများ ပေး၍ ၎င်းတို့၏လုပ်ငန်းများ တိုးတက်အောင်မြင်ရန် ကြိုးစားနေကြသည်။ သတိထားဆင်ခြင်သင့်သည်မှာ ထိုအပြိုင်အဆိုင် မက်လုံးပေးဆွဲဆောင်ဝန်ဆောင်မှုပေးနေသည်မှာ အလကားမဟုတ်ကြောင်း ဆင်ခြင်သင့်သည်။ ငွေကြေးနဲ့လဲလှယ်၍ ရယူရသောဝန်ဆောင်မှုများ ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ တယ်လီဖုန်းသုံးစွဲသူ ၅၅ သန်းကျော်နှင့် ချိန်ထိုးကြည့်ပါက တစ်စက္ကန့် လေးသုံးစွဲလျှင်ပင် မြန်မာငွေကျပ် ၁၀၀ သန်းကျော်ကျသင့်သည်ဆိုပါစို့ တစ်မိနစ်လျှင် သန်း ၆၀၀၀၊ တစ်နာရီလျှင် သန်း ၃၆၀၀၀၊ တစ်ရက် ဆိုပါက သန်း ၄၃၂၀၀၀ ရှိလာမည်ကို တွေ့ရှိရမည်ဖြစ်ပြီး တစ်လ၊ တစ်နှစ်ဆိုပါက မပြောဝံ့အောင်ပင်ဖြစ်မိသည်။ ထိုများပြားသော ကုန်ကျငွေများသည် လေထဲတွင် ကုန်သွားသော ငွေကြေး များဖြစ် သည်။ ထိုငွေများကြောင့် မိမိဘဝတိုးတက်ဖို့၊ မိမိနိုင်ငံဖွံ့ဖြိုးဖို့၊ မိမိလုပ်ငန်းအောင်မြင်ဖို့ သုံးစွဲသောငွေကြေး ဘယ်လောက်များပါနေသလဲ၊ အကျိုးမဲ့ဖြုန်းတီးပစ်သော ငွေတွေ ဘယ်လောက်များဖြစ်နေပြီလဲ အမုန်းမီးပွားများစေမည့်၊ အတ္တများကြီးထွားစေမည့်၊ သံသယများ ကြီးမားစေမည့်ကိစ္စများတွင် ဘယ်လောက်များသုံးစွဲခဲ့ပြီလဲ သိချင်စိတ်လေးဖြစ်မိသည်။

မီဒီယာများတွင်လည်း ဆက်သွယ်ရေးသုံးစွဲမှုများနှင့် ပတ်သက်၍ အဖြုန်းမဖြစ်စေဘဲ၊ အကျိုးရှိသည့် သုံးစွဲမှုများဖြစ်စေရန် မီးမောင်းထိုးပြနေသည် သင်ခန်းစာရရှိစေရန်၊ အတုယူမမှားစေရန် ဇာတ်လမ်းလိုတစ်မျိုး၊ ကြော်ငြာလိုတစ်သွယ်၊ ဆောင်းပါးလိုတစ်နည်း အသိပေးနေသည်။ ငွေကုန်ကြေးကျခံကာ ပညာပေးနေသည်။ အချိန်မနှောင်းသေးပါ ပြင်ဆင်ရန်အချိန်များစွာရပါသည်။ ဆက်သွယ်ရေးစနစ်များမှ ရရှိမည့် သတင်းအချက်အလက်များကို မိမိဘဝတိုးတက်ဖို့၊ မိမိ၏ မိသားစုလူနေမှုဘဝမြင့်မားဖို့၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အကျိုးရှိစွာ အသုံးပြုကြပါစို့၊ အလဟဿအကျိုးမဲ့စွာ အသုံးမပြုကြဖို့ လိုအပ်ပါသည်။

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်အတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆောင်ရွက်ပေးထားသည့် ဆက်သွယ်ရေးစနစ်များကို တစ်လွဲအသုံးမပြုဘဲ မိမိအတွက်လည်း အကျိုးရှိ၊ မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုမည့်ကိစ္စများအတွက်သာ အသုံးပြုသင့်သည်။ ထိုသို့မဟုတ်ဘဲ မိမိအတွက်လည်းအကျိုးမရှိ ငွေကုန်၊ အချိန်ကုန်သူတစ်ပါး အကျိုးမဲ့စေသည့် ကိစ္စများအတွက်သာ အသုံးပြုပါက မိမိဘဝတိုးတက်ရေးအတွက်၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲမည့်ငွေကြေးများသည် အလဟဿလေထဲတွင် ပျောက်ကွယ်ဆုံးရှုံးရမည်မှာ မလွဲဧကန်ဖြစ်နေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခေတ်ကာလအရ တီထွင်ပေါ်ပေါက်လာသော တယ်လီဖုန်းကဲ့သို့သော ဆက်သွယ်ရေးပစ္စည်းများကို အကျိုးရှိရှိအသုံးပြုကြပါ၊ မိမိဘဝတိုးတက်ရေး၊ မိမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရေးအတွက် ရည်ရွယ်၍ အသုံးပြုကြပါ၊ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်း အလဟဿ ဖြုန်းတီးမှုများကို ရှောင်ရှားကြပါ၊ မိမိနိုင်ငံပုံရိပ်ကျ ဆင်းစေမည့် ဆောင်ရွက်မှုများကို မပြုလုပ်ကြပါရန် စေတနာအရင်းခံဖြင့် တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သည့် အခမ်းအနားများတွင် "မကြာမီ အစည်းအဝေး စတင်တော့မှာ ဖြစ်တဲ့အတွက် လူကြီးမင်းတို့၏ လက်ကိုင်ဖုန်းအသံများကို ပိတ်ထားပေးပါရန်၊ မေတ္တာရပ်ခံသံများ မကြားရမယ့် အချိန်များရောက်ရှိလာအောင် အားလုံးမှကိုယ်စီ အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

---

စာမျက်နှာ (၈) မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ်. . . မှအဆက်

(၉၁)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေး (The 91st Meeting of the Coordinating Committee on Services – CCS) ကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အလိုက် အစည်းအဝေးများ၏ ဆွေးနွေးချက်များ၊ အစီရင်ခံတင်ပြလာခြင်းများနှင့် CCS နှင့် သက်ဆိုင်သည့် ဆွေးနွေးချက်များအပေါ် ဝန်ဆောင်မှုညှိနှိုင်းရေး ကော်မတီအစည်းအဝေးမှ မှတ်တမ်းတင်ခဲ့ကြကြောင်း၊ နိုဝင်ဘာ ၉ ရက်တွင် CCS အစည်းအဝေးအပြင် စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းအဝေး (Business Services Sectoral Working Group – BSSWG)၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိက ကဏ္ဍအစည်းအဝေး (Logistics and Transport Services Sectoral Working Group Private Sector Enagagement၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု ကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (Logistics and Transport Services Sectoral Working Group - LTSSWG) များကိုလည်း ကျင်းပပြုလုပ်ခဲ့ကြကြောင်း သိရပါသည်။

စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ အစည်းအဝေး (Business Services Sectoral Working Group – BSSWG)တွင် ယခင်နေ့များက ကျင်းပပြုလုပ်ခဲ့သည့် AAEC,ACPECC,AAC,ACPACC, Surveying အစည်းအဝေးများ၏ ဆွေးနွေးရရှိချက်များကို စုစည်းတင်ပြ၍ မှတ်တမ်းတင်ခဲ့ကြကာ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး (Logistics and Transport Services Sectoral Working Group - LTSSWG) တွင် ထောက်ပံ့ ပို့ဆောင်ရေး ဝန်ဆောင်မှုဆိုင်ရာ ကိစ္စများကို ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ကြပြီး၊ LTSSWG ၏ Private Sector Enagagement အစည်းအဝေးတွင် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက ကဏ္ဍမှ ပုဂ္ဂိုလ်များပါ အဆိုပါ ဝန်ဆောင်မှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးနောက်ဆုံးနေ့ဖြစ်သော နိုဝင်ဘာ ၁၀ ရက်တွင် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု ကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (Logistics and Transport Services Sectoral Working Group - LTSSWG)၏ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပခဲ့ပြီး ထောက်ပံ့ ပို့ဆောင်ရေးဝန်ဆောင်မှုဆိုင်ရာကိစ္စများကို ဆက်လက်ဆွေးနွေးမှတ်တမ်းတင်ခဲ့ကြကာ မြန်မာနိုင်ငံအနေဖြင့် (၉၁) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး (၁၅)ခုတို့ကို အိမ်ရှင်နိုင်ငံအနေဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# တရုတ်-မြန်မာစင်္ကြံလမ်းများ၏အစ မူဆယ်-မန္တလေးရထားလမ်းပိုင်းစီမံကိန်း

မောင်လွင်ပြင်

မူဆယ်- မန္တလေးရထားလမ်း စီမံကိန်း အကောင်အထည်ဖော်ရန် စီစဉ်နေကြသည်။ ယင်းရထားလမ်းစီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာခြင်းကိစ္စအတွက် တရုတ်နှင့်မြန်မာနိုင်ငံ တာဝန်ရှိသူတို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ယင်းရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းဖြစ်မြောက်နိုင်ခြေ ရှိ၊ မရှိကို လေ့လာရန် တရုတ်နိုင်ငံ China Railway Eryuan Engineering Group ကုမ္ပဏီက အကုန်အကျခံ လေ့လာမည်ဖြစ်သည်။ ယင်းကိစ္စအတွက် အောက်တိုဘာ ၂၂ ရက်က နေပြည်တော်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် တရုတ်နိုင်ငံ CREG ကုမ္ပဏီတို့ နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြသည်။

မူဆယ်- မန္တလေးရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံ ဆောင်ရွက်နေသော မဟာဗျူဟာမြောက်စီမံကိန်းကြီးဖြစ်သော ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု(OBOR)စီမံကိန်းကြီး၏ အရေးကြီးသည့် လမ်းပိုင်းဖြစ်သည်။ တရုတ်နှင့်မြန်မာတို့ လက်မှတ်ရေးထိုးပြီးဖြစ်သော တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း (China -Myanmar Corridor) စီမံကိန်းများအတွက်လည်း အရေးကြီးသည့် ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းတစ်ရပ်ဖြစ်သည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးသည့်နေ့တွင် မီဒီယာများသို့ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ကမ္ဘာ့လွှမ်းခြုံ မဟာဗျူဟာမြောက် ကုန်သွယ်ရေးစီမံကိန်းကြီးဖြစ်သော OBOR စီမံကိန်းကြီး သို့မဟုတ် ကုန်းကြောင်း၊ ရေကြောင်း၊ ခေတ်သစ်ပိုးလမ်းမစီမံကိန်းကြီးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်မည်ဟုသဘောတူလက်မှတ်ရေးထိုးပြီးဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဖော်ဆောင်မည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း စီမံကိန်းများသည် OBOR ၏ လက်အောက်ခံ စီမံကိန်းများ သို့မဟုတ်တစ်ဆက်တစ်စပ်တည်းသော စီမံကိန်းများဖြစ်သည်။ ထို့ကြောင့် မူဆယ်မြို့မှ မန္တလေးမြို့သို့ ဆက်သွယ်မည့် ရထားလမ်းပိုင်းသစ်သည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်း စီမံကိန်းများအတွက် အစပျိုးစီမံကိန်းတစ်ရပ်ဖြစ်ပြီး အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်း စီမံကိန်းလည်းဖြစ်သည်ဟု နှစ်ဖက်တာဝန်ရှိသူများက သဘောတူထားကြပြီး ပြောကြားခြင်းဖြစ်သည်။

> **ထိုင်းနိုင်ငံသို့ ဆက်သွယ်ပြီး စင်ကာပူအထိ ဆက်လက်ချိတ်ဆက်မည် ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံဘက်မှလည်း မိုရေးမြို့ တမူးမြို့များကိုဖြတ်ကာ ရထားလမ်းကြောင်း တစ်ကြောင်း မန္တလေးသို့ လာဆုံမည်။**

မူဆယ်- မန္တလေးရထားလမ်း စီမံကိန်းဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasility Study) ကို တရုတ်ကုမ္ပဏီက ကိုယ့်စရိတ်ကိုယ်ခံလေ့လာမည်ဖြစ်သော်လည်း ရထားလမ်းဖောက်လုပ်ခွင့်ရမည့် စီမံကိန်းကိုတော့ လုပ်ဆောင်ခွင့်ရမည့် အာမခံချက်မရှိဟု စာချုပ်ထဲတွင် ထည့်ချုပ်ထားသည်။ ဖြစ်မြောက်နိုင်ခြေလေ့လာခြင်းကို ယခုနှစ်ကစပြီး နှစ်နှစ်ကြာဆောင်ရွက်မည်ဖြစ်သည်။ ဖြစ်မြောက်နိုင်ခြေလေ့လာရာတွင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတကာအဆင့်မီ စီမံကိန်းတစ်ခုဖြစ်စေရေးအတွက် ပတ်ဝန်းကျင်သက်ရောက်မှုစစ်ဆေးခြင်း (EIA - Environmental Impact Assessment) နှင့်လူမှုဝန်းကျင် သက်ရောက်မှုဆန်းစစ်ခြင်း (SIA-Social Impact Assessment) စသည့်ကိစ္စများ လေ့လာဆန်းစစ်မည်ဖြစ်သည်။ မူဆယ်-မန္တလေးရထားလမ်းသစ်စီမံကိန်းသည် မြန်မာနိုင်ငံအတွက် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်း(National Transport Master Plan)ထဲတွင် အကျုံးဝင်နေပြီး၊ အရေးကြီးသည့် ဦးစားပေးလမ်းကြောင်းတစ်ခုလည်းဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဆိုသည်။ ထို့ပြင် နိုင်ငံတော်အစိုးရက မကြာသေးခင်ကာလ ပြင်ဆင်ရေးဆွဲချမှတ်ထားသည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၀) စီမံကိန်းကြီးအတွက်လည်း ဦးစားပေးစီမံကိန်းတစ်ခုဖြစ်နေပြန်သည်။ ယင်းရထားလမ်းပိုင်းသစ်သည် တရုတ်နိုင်ငံအတွက်လည်း အရေးကြီးနေပြန်သည်။

မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေးအခင်းအကျင်းသစ်များ ဖော်ဆောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး၊ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အရေးကြီးနေပြန်သည်။

ယူနန်ပြည်နယ်ကူမင်းမြို့မှလာမည့် ရထားလမ်းပိုင်းသည် မူဆယ်မြို့သို့ လာချိတ်ဆက်မည်။ ကူမင်း-မန္တလေးရထားလမ်းပေါက်သွားမည်။ မန္တလေးမှဆက်ပြီး အောက်သို့ဆင်းလာကာ ရန်ကုန်မြို့၊ သန်လျင်မြို့နယ် သီလဝါအထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်မည်။ ထိုမှ ထိုင်းနိုင်ငံသို့ဆက်သွယ်ပြီး စင်ကာပူအထိ ဆက်လက်ချိတ်ဆက်မည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံဘက်မှလည်း မိုရေးမြို့၊ တမူးမြို့များကိုဖြတ်ကာ ရထားလမ်းကြောင်း တစ်ကြောင်း မန္တလေးသို့ လာဆုံမည်။ အဓိကမန္တလေးနှင့်ကူမင်းချိတ်ဆက်မည့် လမ်းကြောင်းနှင့် မန္တလေးနှင့်စင်ကာပူချိတ်ဆက်မည့် လမ်းကြောင်းတစ်ကြောင်း ပေါ်ထွက်လာစေဖို့ဖြစ်သည်။ ထိုသို့ပေါ်ထွက်လာမှလည်း တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း ကွန်ရက်များပုံဖော်၍ရမည်။ သို့မှသာ တရုတ်နိုင်ငံ၏ OBOR ကမ္ဘာလွှမ်းခြုံကုန်သွယ်မှုခါးပတ်လမ်းကြီး မြန်မာနိုင်ငံကိုဖြတ်ကာ အိန္ဒိယသမုဒ္ဒရာနှင့်အရှေ့တောင်အာရှကျွန်းဆွယ်ဒေသကြီးတစ်ခုလုံးသို့ ထွက်ပေါက်လုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် မူဆယ်-မန္တလေးရထားလမ်းပိုင်းသည် ရခိုင်ပြည်နယ်ကျောက်ဖြူသို့ ဆက်သွယ်မည့်အစီအစဉ်လည်း ရှိသည်။

ကျောက်ဖြူဒေသတွင် တရုတ်တို့၏ရင်းနှီးမြှုပ်နှံမှု အကြီးကြီးနှစ်ခုရှိထားသည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့်ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းတို့ဖြစ်သည်။ ယင်းစီမံကိန်းကြီးနှစ်ခုကို တရုတ်တို့က ဒေါ်လာဘီလီယံနှင့်ချီကာ ရင်းနှီးမြှုပ်နှံရန် မြန်မာအစိုးရနှင့်သဘောတူထားပြီးဖြစ်သည်။ ရင်းနှီးမြှုပ်နှံရာတွင် တရုတ်တို့က ၇၀ ရာခိုင်နှုန်းနှင့်မြန်မာက ၃၀ ရာခိုင်နှုန်းပါဝင်ပိုင်ဆိုင်ခွင့်ရှိရန် နှစ်နိုင်ငံသဘောတူညီမှု အောက်တိုဘာလအတွင်းက နောက်ဆုံးအဆင့်ညှိနှိုင်းရရှိခဲ့ကြပြီးဖြစ်သည်။ ယခုကျောက်ဖြူရေနက်ဆိပ်ကမ်းတည်ဆောက်ရေး ပထမအဆင့် စတင်နေပြီဖြစ်သည်။ ထို့ပြင် ကျောက်ဖြူ-ကူမင်းရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများလည်း အခိုင်အမာအဆက်အသွယ်ရှိထားပြီးဖြစ်သည်။ ကျောက်ဖြူ-ကူမင်းရထားလမ်းစီမံကိန်းသည်လည်း ယင်းပိုက်လိုင်းများ သွယ်တန်းတည်ဆောက်နေကတည်းက ဖောက်လုပ်ရန် အစီအစဉ်ရှိထားသည်။ ယခု မူဆယ်-မန္တလေးရထားလမ်း စီမံကိန်းနှင့်အတူ တစ်ဆက်တစ်စပ်တည်း ကူမင်း-ကျောက်ဖြူ ရထားလမ်းပေါ်ပေါက်ရေးကိုလည်း ဆက်လက်ဆောင်ရွက်ကြမည်ဟု ခန့်မှန်းရသည်။ မူဆယ်-မန္တလေးရထားလမ်းပေါက်သွားလျှင် မန္တလေးမှ ကျောက်ဖြူသို့ ဆက်လက်ချိတ်ဆက်ရေးသည် မခက်ခဲတော့ပေ။ ထို့ကြောင့် မူဆယ်-မန္တလေး ရထားလမ်းဖောက်လုပ်ရေးသည် နှစ်နိုင်ငံအတွက် အရေးပါပြီး အထူးအရာရောက်မည့်ကိစ္စဖြစ်၍ ဦးစားပေးစီမံကိန်းအဖြစ် သတ်မှတ်ထားကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဖော်ဆောင်မည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း လေးခုရှိသည်။ ယင်းစင်္ကြံလမ်းလေးကြောင်းနှင့်လည်း အဆိုပါရထားလမ်းပိုင်းက ဆက်စပ်နေပြန်သည်။ စင်္ကြံလမ်းလေးခုကို မူဆယ်-မန္တလေးကိုဖြတ်၍ ကူမင်းနှင့်ကျောက်ဖြူကို ဆက်သွယ်မည့် အရှေ့မြောက်-အနောက်တောင် စင်္ကြံလမ်းနှင့် အိန္ဒိယ၊ တရုတ်၊ မြန်မာ၊ ထိုင်းနိုင်ငံတို့ကို ဆက်သွယ်မည့် အရှေ့-အနောက် စင်္ကြံလမ်းတို့နှစ်ခုအကြား ချိတ်ဆက်ရေးဆွဲထားသည်။ ထိုစင်္ကြံလမ်းလေးခုမှာ -(၁)ထိုင်းနယ်စပ်နှင့်သန်လျင် သီလဝါအထူးစီးပွားရေးဇုန်ကို ဆက်သွယ်မည့် ရန်ကုန်-မြဝတီစင်္ကြံလမ်း၊ (၂) မန္တလေးမြို့ကို ဖြတ်ပြီး ရန်ကုန်-မြစ်ကြီးနားကို ဆက်သွယ်မည့် ဗဟိုအူတိုင်တောင်-မြောက်စင်္ကြံလမ်း၊ (၃) မန္တလေးမြို့ကိုဖြတ်ပြီး ကျောက်ဖြူ-မူဆယ်ကို ဆက်သွယ်မည့် အနောက်တောင်-အရှေ့မြောက်စင်္ကြံလမ်း၊ (၄) မြန်မာနှင့်အိန္ဒိယ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့ကိုဆက်သွယ်ထားမည့် အရှေ့-အနောက်စင်္ကြံလမ်းတို့ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ချိတ်ဆက်ဆောင်ရွက်မည့် ယင်းစင်္ကြံလမ်းလေးသွယ်သည် မူဆယ်-မန္တလေးရထားလမ်းပိုင်းက အခရာကျနေပြန်သည်။ ယင်းစင်္ကြံလမ်းလေးသွယ်သည် အပြန်အလှန် အသွားအပြန်ချိတ်ဆက်ကြရာတွင် မူဆယ်မြို့၊ မန္တလေးမြို့များကို ဆုံမှတ်ထားဖြတ်သန်းသွားလာရမည်ဖြစ်သည်။ ထို့ကြောင့် မူဆယ်-မန္တလေးရထားလမ်းပိုင်းသစ်ပေါ်ပေါက် ရေးသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းများအတွက် အစပျိုးသည့် အရေးကြီးစီမံကိန်းတစ်ရပ်ဖြစ်သည်ဟု ပြောဆိုနေကြခြင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**စာရေးသူ၏အာဘော်သာဖြစ်သည်။**

Commerce ကာတွန်း



## ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၈) ဖွင့်ပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၈) ကို နိုဝင်ဘာလ ၅ ရက်က ဖွင့်လှစ်ခဲ့ပါသည်။ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ဌာနတွင်း လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးညီညီသိန်းဇံက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းကို နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးစည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်းအခွန်ဥပဒေများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေများ ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများကို ဌာနဆိုင်ရာပညာရှင်များက ဆွေးနွေးပို့ချပေးသွားမှာ ဖြစ်ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာတာဝန်ခံများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သင်တန်းသား/သူ စုစုပေါင်း (၇၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**(KTDA) (DOT)**

## အောက်တိုဘာလအတွင်း ရော်ဘာတန်ချိန် တစ်သောင်းကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးလထက် ပိုမို



အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၂၆ သန်း တန်ဖိုးရှိရော်ဘာတန်ချိန် ၇၉၄၀ နီးပါးတင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစားတန်ချိန် ၂၀၀ နဲ့ MSR-20 အမျိုးအစားတန်ချိန် ၅၀၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၇၃၃ တန်နဲ့ Concentrate Later 60 ရာခိုင်နှုန်း တန်ချိန် ၃၀ တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ Later 60 ရာခိုင်နှုန်း DRC တန်ချိန် ၁၅၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၆၄ တန် ပိုမိုတင်ပို့ခဲ့ပြီး အောက်တိုဘာ တစ်လုံးမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၂၆ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၉၄၀ နီးပါးတင်ပို့ခဲ့ကြောင်း သိရပါတယ်။ အနီးစပ်ဆုံး စက်တင်ဘာလ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၃၁၆၀ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ရော်ဘာဈေးမှာ RSS-3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၇ ဒသမ ၆၈၂ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်လျှင် ၂၃၇၈၇ ကျပ် ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၉ သန်း တန်ဖိုးရှိ ရော်ဘာ ၈၄၂ တန် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၂၈၅ တန်၊ ကိုရီးယားနိုင်ငံသို့ MSR -20 အမျိုးအစား ၃၅၅ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၂၀၂ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၆၃၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာလအတွင်း ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၈၆ သန်းတန်ဖိုးရှိရော်ဘာ ၃၇၈၉ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး စက်တင်ဘာလနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၃၉၇ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေး တစ်တန်လျှင် ဒေါ်လာ ၅၀ ကျော် ဈေးကျကြောင်း သိရပါတယ်။ နိုင်ငံတကာ ရော်ဘာဈေးကျတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း တစ်တန်ကို ဒေါ်လာ ၅၀ ဈေးကျကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်များကို အောက်ပါအတိုင်း သိရှိရပါတယ်။

| | | |
|---|---|---|
| RSS-1 တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၃၅၀ |
| RSS-2 တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS-3 တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| RSS-4 တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| RSS-5 တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubberတစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR-20 တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |

**ယဉ်ယဉ်အေး**

## တောင်ကြီးဈေးကွက်အတွင်း ပြောင်းအဝင်ရှိသလောက် အထွက်များ

ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီး ဈေးကွက်တွင် အစေ့ထုတ် ပြောင်းတွေကတော့ ပိုမို ဝင်ရောက်လာပါတယ်။ မိုးရွာသွန်းမှုကလည်း အတော်နည်းသွားတာဖြစ်၍ ပြောင်းအဖူးချိုးမှုတွေ မြို့နယ်တိုင်းလိုမှာ လုပ်နေကြပါတယ်။ လုပ်သားခ နေ့တွက်တစ်ယောက်ကို ၄၀၀၀ ကျပ် ပေးရပါတယ်။ မိုးလင်းလာတာနဲ့ အမျှ နေလှန်းပြောင်း အခြောက်တွေလည်း ဝင်ရောက်လာပြီး လုပ်ငန်းပူတဲ့သူတွေကတော့ တောင်လေးလုံးရှိ မြနဒီနဲ့ ပြောင်းအခြောက်ခံစက်နဲ့ မြို့နယ်အတွင်းရှိ ပြောင်းအခြောက်ခံစက်ငယ်တွေမှာ လှော်နေကြဆဲဖြစ်ပါတယ်။ အခြောက်ခံစက်မှာ ပြောင်းလှော်ခနှုန်းတွေကတော့ တစ်ပေါင် (ပြောင်းတစ်တင်းခွဲဝင် ၇၀-၈၀အိတ်) ကို ကျပ် ၁၅၀၀၀ ပေးရတယ်လို့ဆိုပါတယ်။ အစိုဒီဂရီနဲ့ အရည်အသွေးပေါ်မှာ မူတည်ပြီး ပြောင်းအစိုတစ်ပိဿာကျပ် ၃၀၀-၃၂၀ အသီးသီးရှိပြီး၊ အခြောက်တစ်ပိဿာကျပ် ၄၅၀-၄၇၀ ရှိတယ်လို့ ဆိုပါတယ်။ ပြောင်းတစ်ဧကအထွက်နှုန်းတွေကတော့ မြေအမျိုးအစားအလိုက် တင်း ၅၀ မှ ၈၀ အထိရှိတယ်လို့သိရပါတယ်။ ဈေးကွက်မှာ တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုတွေကတော့ တင်း ၃၀၀၀၀ ခန့် အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်က ဝယ်ယူရရှိတဲ့ ပြောင်းတွေကိုတော့ ရန်ကုန်၊ မန္တလေး ဝယ်လက်များသို့ တင်ပို့နေကြတယ်လို့ သိရပါတယ်။ နောက်သီတင်းပတ်တွေမှာတော့ အရောင်းအဝယ် ပိုဖြစ်လာမယ်လို့ ပြောင်းဈေးကွက်က သတင်း ရရှိပါသည်။

**(စောမောင်)တောင်ကြီး**

## ပွင့်လင်းရာသီရောက်လာသဖြင့် ကားအရောင်းအဝယ်အနည်းငယ်ဖြစ်လာ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်းရှိ ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် အခြားအရောင်းနေရာများတွင် ဂျပန်ကားဟောင်း ကားလေးများ အရောင်းအဝယ် အနည်းငယ်ဖြစ်လာပြီး နယ်အဝယ်များသည့်ပွင့်လင်းရာသီအရောက်တွင် အဆင်းများလာကြောင်း သိရသည်။

မြို့တွင်း ယာဉ်ရောင်းဝယ်သည့် နေရာအသီးသီးတွင် သီတင်းကျွတ်အပြီး ယခုလဆန်းပိုင်းမှစ၍ အထူးသဖြင့် ဂျပန်ညာ မောင်းကားလေးများ အရောင်းအဝယ်ဖြစ်လာပြီး ဈေးတန်း သိန်း ၂၀၀ ဝန်းကျင်နှင့် ၂၀၀ သိန်းနှင့် ၃၀၀ သိန်းကြား မော်ဒယ်မြင့် ကားလေးများ အဝယ်လိုက်နေပြီး အခြားအက္ခရာနိမ့် ဂျပန်ညာမောင်းကားများလည်း အရောင်းအဝယ်ဖြစ်ကြောင်း၊ ယင်းသို့ ဈေးကွက်အတွင်း ကားဟောင်းများ ပြန်လည် အဝယ်လိုက်လာရခြင်းမှာလည်း အောက်တိုဘာနှောင်းပိုင်း တွင် ထုတ်ပြန်ခဲ့သည့် ၂၀၁၉ ခုနှစ် မော်တော်ယာဉ်တင်သွင်းမှု နှစ်အလိုက် ကန့်သတ်ချက်များနှင့် အတူ ၂၀၁၈ မူအတိုင်း ယာဉ်ဟောင်းများသာ တင်သွင်းခွင့်ပြုသဖြင့် လာမည့်နှစ်တွင် တစ်နိုင်တစ်ပိုင် တင်သွင်းသူနည်းပါးမည် ဖြစ်သလို ကားအရောင်းပြခန်းများသည်လည်း လက်ရှိတင်သွင်းရာတွင် ရောက်ရှိခုနှစ်နှင့် ၃ နှစ်ခွာ၍သာ သတ်မှတ်ထားသဖြင့် ပြည်ပ တင်သွင်းမှုအား ယခင်ကကဲ့သို့ စိတ်ဝင်စားမှုမရှိကြဘဲ ပြည်တွင်းထုတ် အစိတ်အပိုင်း တပ်ဆင်ကားများအား စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင်ကိုမြင့်ကျော်မှ ပြောသည်။

လတ်တလော ရန်ကုန်ကားဈေးကွက်အတွင်းတွင်လည်း ရှေ့လာမည့်နှစ်တွင် ကားတင်သွင်းရမည့်အခြေအနေမှာ ယခင်မူဝါဒအတိုင်းသာ အပြောင်းအလဲမရှိသည့်အတွက် ပြည်တွင်းထုတ် စူဇူကီးနီဆန်း စသည့် အများကြိုက်ကား အမှတ် တံဆိပ်များနှင့် ကိုရီးယား၊ တရုတ်နိုင်ငံလုပ် ဇီးရိုးကီလိုကားသစ်များအား စိတ်ဝင်စားမှုမြင့်တက်ကာ အဝယ်များ အမှာများပြားနေပြီး အရစ်ကျစနစ်ဖြင့် ဝယ်ယူခွင့်သတ်မှတ်ပေးသဖြင့် ရောင်းအား ကောင်းနေကြောင်း သိရသည်။

ယခုအချိန်တွင် စလစ်ဈေးတန်းများမှာလည်း အပ်ကား ပိုမိုရှားပါးလာသည့်အတွက် အမည်ပေါက် သိန်း ၁၃၀ ရှိနေပြီး ကွန်ဆိုင်းမန့်ကား ဝယ်ယူမည့်သူနှင့် ရန်ကုန်လိုင်စင်ဝယ်မည့်သူများသာ အဝယ်ရှိသဖြင့် အမြင့်ဈေးတန်းဖြင့်သာ ဈေးတန်းနေကြောင်း သိရသည်။

**SN**

### ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | စူဇူကီးဆွစ် (၂၀၁၁) | M | ၁၈၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | နီဆန်းနုတ် (၂၀၀၄) | ယာယီ | ၂၇၀ သိန်း | ၁.၂ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ပါဆို (၂၀၀၉) | J | ၁၂၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | မတ်စ်တူး (၂၀၀၃) | G | ၂၇၅ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အေဒီဗစ် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၂၁၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | တိုယိုတာ/ရက်တစ် (၂၀၁၂) | N | ၁၈၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | ဟွန်ဒါဖစ် (၂၀၁၂) | M | ၁၉၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |

## ဂျာမနီနိုင်ငံတွင် ပုံနှိပ်လုပ်ငန်းဆိုင်ရာနည်းပညာပြပွဲ Drupa 2020 ကျင်းပမည်

ဂျာမနီနိုင်ငံ Dusseldorf မြို့တွင် ကျင်းပမည့် Drupa 2020 နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို နိုဝင်ဘာလ ၃ ရက်က ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်တွင် ကျင်းပခဲ့သည်။

ဂျာမနီနိုင်ငံတွင် ကျင်းပမည့် Drupa 2020 သည် ပုံနှိပ်လုပ်ငန်းများဆိုင်ရာပြပွဲဖြစ်ပြီး ပုံနှိပ်လုပ်ငန်းနှင့် ပတ်သက်သည့်စက်ပစ္စည်းများ၊ သရီးဒီပရင်တာများ၊ 4 Unit, 5 Unit ပုံနှိပ်စက်များ၊ ပုံနှိပ်လုပ်ငန်းနှင့် ပတ်သက်သည့် နည်းပညာများ စသည့် ပုံနှိပ်လုပ်ငန်းဆိုင်ရာများကိုပြသသည့် ကုန်စည်ပြပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲကို Messe Dusseldorf မှ ကြီးမှူး၍ ခင်းကျင်းပြသခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်မူ Messe Dusseldorf မှ တရားဝင်ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားသည့် ဆုရွှေနဒီကုမ္ပဏီလီမိတက်၏ ဦးဆောင်မှုဖြင့် အဆိုပါကုန်စည်ပြပွဲသို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်းသိရသည်။

ယင်းကုန်စည်ပြပွဲသို့ သွားရောက်လေ့လာခြင်းဖြင့် ပုံနှိပ်လုပ်ငန်းနှင့် ပတ်သက်သည့် နည်းပညာများ၊ ဗဟုသုတများကို ရရှိမည့်အပြင် မြန်မာနိုင်ငံမှ ပုံနှိပ် လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီတိုးတက်သည့် နည်းပညာများကို အသုံးချခွင့် ရရှိနိုင်မည့် အခွင့်အရေးများရရှိနိုင်ကြောင်း ဆုရွှေနဒီကုမ္ပဏီလီမိတက်မှ မန်နေးဂျင်း ဒါရိုက်တာဖြစ်သူ ဒေါ်သက်ဆုလှိုင်က ပြောကြားခဲ့သည်။

" Trade Show တစ်ခုကို သွားရောက် လေ့လာကြည့်ရှုတယ်ဆိုတာက ကျွန်မတို့ ရိုးရိုးတန်းတန်း လှည့်ပတ်ကြည့်ရှုတာမျိုးမဟုတ်ပါဘူး။ ကျွန်မတို့ ယူတတ်ရင်ရပါတယ်။ ဒီ Information ကနေ သင်ယူချင်တဲ့ သူတွေအတွက် Education ဆိုတဲ့ ပညာရေးဆိုတာ ထွက်ပါတယ်။ အဲဒီပညာရေးဆိုတာထက် Drupa ပွဲသည် လေးနှစ်တစ်ကြိမ်လုပ်တာဖြစ်တဲ့အတွက် ဒီလေးနှစ်အတွင်း မှာရှိတဲ့ Innovation တွေ၊ Creation တွေ၊ Trend တွေ၊ ဒါတွေအားလုံးဟာ ဘယ်ဘက်ကို ဦးတည်ပြီးသွားနေတာလဲ ဆိုတာ မြင်ရပါတယ်။ တချို့ကလည်း ပြောကြပါတယ်။ မြန်မာပြည်က အရမ်းကို နောက်ကျနေတာဆိုတော့ ဒီဟာတွေနဲ့ ဘယ်လိုမျိုးဆက်စပ်ပြီးတော့ လုပ်မလဲဆိုပေမယ့် ကျွန်မတို့ ဒီလိုပွဲတွေကို သွားရောက် လေ့လာခြင်းအားဖြင့် အတွေ့အကြုံတွေ အများကြီးရပါတယ်။ ဒါကြောင့် ပုံနှိပ်လုပ်ငန်းကို လုပ်ကိုင်နေကြတဲ့လုပ်ငန်းရှင်တိုင်း သွားရောက်လေ့လာသင့်ပါတယ်"ဟု ဆုရွှေနဒီကုမ္ပဏီလီမိတက်မှ မန်နေးဂျင်း ဒါရိုက်တာဒေါ်သက်ဆုလှိုင်က ပြောကြား ခဲ့သည်။

အဆိုပါ Drupa 2020 ပြပွဲကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်မှ ၂၆ ရက်အထိ ဂျာမနီနိုင်ငံ Dusseldorf မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းကုန်စည်ပြပွဲသို့ သွားရောက်လေ့လာလိုသူများအနေဖြင့် ဆုရွှေနဒီကုမ္ပဏီလီမိတက်နှင့် ဆက်သွယ်၍ သွားရောက်နိုင်ကြောင်း ဆုရွှေနဒီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆုရွှေနဒီကုမ္ပဏီလီမိတက်သည် ၂၀၁၃ခုနှစ်က ဂျာမနီနိုင်ငံတွင် ဒုတိယအကြီးဆုံးကုန်စည်ပြပွဲတစ်ခုဖြစ်သည့် မက်ဆီဖရန့်ဖတ်၏တရားဝင်ကိုယ်စားလှယ်ဖြစ်ပြီး နိုင်ငံတကာ ကုန်စည်ပြပွဲများကို မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ သွားရောက်လေ့လာကြည့်ရှုနိုင်ရန် လုပ်ဆောင်ပေးသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့ပြင် ဆုရွှေနဒီကုမ္ပဏီလီမိတက်အနေဖြင့် ယခုနှစ်တွင် မက်ဆီဒူဆယ်ဒေါ့ဖ်ကုန်စည်ပြပွဲ၏တရားဝင်ကိုယ်စားလှယ်အဖြစ်ရရှိခဲ့သဖြင့် မက်ဆီဒူဆယ်ဒေါ့ဖ်မှ ကြီးမှူးကျင်းပသည့် Drupa 2020 သို့ သွားရောက်လိုသည့် ပုံနှိပ်လုပ်ငန်းရှင်များအတွက် ဝန်ဆောင်မှု ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းသန်းခန့်**

## ရှမ်းကော်ဖီသမိုင်းကြောင်းနဲ့ အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်း

၁၈၈၅ ခုနှစ်မှာ ကော်ဖီမျိုးများကို ရှမ်းမြို့နယ်သို့ အင်္ဂလန်နိုင်ငံမှ ခရစ်ယာန် သာသနာပြု အမျိုးသမီးသီလရှင်တစ်ဦးက စတင်ယူဆောင်ခဲ့ကြောင်း၊ ကော်ဖီမျိုးကတော့ ဒေသအတွင်း ဖြန့်ဖြူးရောင်းချရန်မဟုတ်ဘဲ အသီး၊ အမှည့် ဆွတ်စားခြင်းလောက်သာ ရှိတယ်လို့ဆိုပါတယ်။ အဲဒီနောက်မှာ ဈေးကွက်ဖြစ်လာပြီး ၁၉၈၅ ခုနှစ်လောက်မှာ ဒေါက်တာစိန်လှဘော်ဆိုသူမှ ကော့စတာရီကာနိုင်ငံမှ ယခုလက်ရှိစိုက်ပျိုးနေသော အာရေဗီးကားကတ်တွိုင်းမျိုးကို ယူဆောင်လာခဲ့ပြီး အစားထိုးကာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့ကြတယ်လို့ သိရပါတယ်။

ရှမ်းမြို့နယ်ကော်ဖီအသင်းအဖွဲ့ကိုတော့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်မှာ အမှုဆောင် ၁၁ ဦးနဲ့ စတင်ဖွဲ့စည်းခဲ့တယ်လို့ ဆိုပါတယ်။ အဆိုပါ အလုပ်အမှုဆောင်အဖွဲ့တွင် အချို့ပုဂ္ဂိုလ်များအသက်အရွယ်ကြီး၍ စိတ်ဝင်စားမှုနည်းလာခြင်း၊ အချို့ပုဂ္ဂိုလ်များ အခြားဒေသသို့ ပြောင်းရွှေ့သွားကြခြင်း၊ အချို့ပုဂ္ဂိုလ်များမရှိကြတော့ခြင်းကြောင့် စိတ်ပါဝင်စားသော လူငယ်လူရွယ်များဖြင့် အလုပ်အမှုဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်းခြင်းကို ရှမ်းမြို့ ဇထူးခန်းမတွင် အောက်တိုဘာလ ၂၇ ရက်က ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ပြန်လည်ဖွဲ့စည်းခဲ့သော အလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင် ၂၅ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။

လက်ရှိအခြေအနေမှာ ကော်ဖီအများဆုံးစိုက်ပျိုးတဲ့ ရှမ်း၊ ပင်လောင်း၊ ရပ်စောက်၊ ကျေးသီး၊ ဟိုပုံးမြို့နယ်များမှာ ကျေးရွာပေါင်း ၉၇ ရွာ၊ အသင်းသား ၅၀၀ ကျော်နဲ့ စိုက်ဧက ၁၀၀၀၀ ကျော် ရှိပါတယ်။ ဈေးကွက်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်မှစတင်ပြီး အမေရိကန်၊ ထိုင်ဝမ်၊ အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိတယ်လို့သိရပါတယ်။ ဂျာမနီနှင့် အနောက်ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း စတင်မိတ်ဆက်ကြိုးစားနေတယ်လို့ဆိုပါတယ်။

ရှမ်းမြို့နယ်ကော်ဖီအသင်းအဖွဲ့၏ လက်ရှိလုပ်ဆောင်နေမှုများကတော့ အသင်းအဖွဲ့ကို တိုးတက်ခိုင်မာအောင်၊ စိတ်ဝင်စားပြီးစွမ်းဆောင်ရည်ရှိသော လူငယ်လူရွယ်များဖြင့် ပြန်လည်ဖွဲ့စည်းခဲ့တာကို တွေ့ရပါတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့စိုက်ပျိုးထုတ်ကုန်တစ်ခုကို ဈေးကွက်က ယုံကြည်စွာလက်ခံနိုင်ရေး၊ ဘေးအန္တရာယ်ကင်းပြီး အော်ဂဲနစ်ထုတ်ကုန်နဲ့ စိုက်ခင်းများဖြစ်ရန်အတွက် ကော်ဖီစိုက်ကျေးရွာပေါင်း ၉၇ ရွာသို့ အသိပညာပေး ဆွေးနွေးပွဲများအဓိက ဆောင်ရွက်လျက်ရှိတယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

## သက်တမ်းကုန်ဆုံးနေသဖြင့် အပ်နှံခဲ့သည့် ဆေးဝါးများမီးရှို့ဖျက်ဆီး

ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော ဆေးဝါးများနှင့်ပတ်သက်၍ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး ၊ ထိရောက်သော အကျိုးအာနိသင် အပြည့်အဝရရှိရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် စားသုံးသူရေးရာ ဦးစီးဌာန (DOCA)၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြို့နယ်ဆေးဝါးကြီးကြပ်မှုကော်မတီတို့၏ ကွင်းဆင်းစစ်ဆေးမှု ၊ အသိပညာပေးဆွေးနွေးမှုများကြောင့် AA. medical products Co.Ltd နှင့် မြတ်မွန် ဆေးဆိုင်များမှ သက်တမ်းကုန်ဆုံးသည့် စားဆေး၊ ထိုးဆေး၊ ဆေးရည်မျိုးစုံနှင့် ကျန်းမာရေး လုပ်ငန်းသုံးပစ္စည်းများကို FDA ထံ ဆက်သွယ်အပ်နှံခဲ့ပါသည်။

AA. medical products Co.Ltd မှ အပ်နှံခဲ့သည့် ဆေးဝါးများ၏ ခန့်မှန်းတန်ဖိုးမှာ ၂၆၆ သိန်းကျော်နှင့် မြတ်မွန်ဆေးဆိုင်မှ အပ်နှံခဲ့သည့် ဆေးဝါးများ၏ တန်ဖိုးမှာ ကျပ် ၃၅ သိန်းကျော် စုစုပေါင်း ကျပ်သိန်း ၃၀၀ ကျော်၊ ဖြစ်ပြီးစားသုံးသူရေးရာဦးစီးဌာန ၊ FDA ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆေးကုမ္ပဏီနှင့်မြတ်မွန်ဆေးဆိုင်မှ တာဝန်ရှိသူများ၊သတင်းမီဒီယာများပါဝင်သော အဖွဲ့မှ မြစ်ကြီးနားမြို့ နန်ကျင်ကျေးရွာရှိ အမှိုက်စွန့်ပစ်သည့်နေရာတွင် နိုဝင်ဘာ ၂ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခွာညို (မနောမြေ)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၁၂-၁၁-၂၀၁၈ မှ ၁၈-၁၁-၂၀၁၈ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး

### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မင်းအစိုးရနှင့်ဖက်စပ်လုပ်ကိုင်သော လုပ်ငန်းများမှ စိတ်ရှုပ်စရာများတတ်သည်။ တပည့်လက်အောက်ငယ်သားများ အတွက် သောကထွေပြားရမည့် ကာလဖြစ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ သင့်တင့်သော အနေအထားတွင်ရှိမည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အအေးပတ်သော ဝေဒနာဖြစ်တတ်သော ကာလဖြစ်သည်။

**ယတြာ။ ။ ထောပတ်နှင့်ပြုလုပ်သော မုန့်လှူပြီး လိုရာဆုတောင်းပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင်ကျယ်နေမည်။ ဝင်ငွေကောင်းမည်။ မင်းတို့၏ ချီးမြှင့်မြှောက်စားမှုခံရတတ်သည်။ ဂုဏ်အရှိန်အဝါမြင့်မားလာမည့်ကာလ ဖြစ်ပါသည်။ အချစ်ရေးတွင် တွေဝေမှုများနေမည်။ အိမ်ထောင်ရေးသာယာနေမည်။ အိမ်ထောင်ဖက်၏ အကျိုးခံစားနေရတတ်သည်။ ကျန်းမာရေးတွင် သွေးတိုးခြင်း၊ မူးဝေခြင်း၊ နှလုံးတုန်ခြင်း ဝေဒနာ ခံစားရတတ်သည်။

**ယတြာ။။ လိုအင်ဆန္ဒပြည့်ရန် အရှေ့အရပ်တွင်ရှိသော ဘုရားကို ရောင်တော် ဖွင့်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းများအဆင်ပြေအောင်မြင်မှုရှိနေမည်။ ဘာသာရေးဆိုင်ရာ သက်န်းပရိက္ခရာနှင့် ဘာသာရေးပစ္စည်းများ ရောင်းဝယ်ထုတ်လုပ်ခြင်းဖြင့် အောင်မြင်မှုများရရှိပြီး ဝင်ငွေအားကောင်းနေတတ်သည်။ အချစ်ရေးတွင် သဘောထားတိုက်ဆိုင်မှုလွဲနေတတ်သည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးအအေးမိသော နှာစေး၊ ချောင်းဆိုးရောဂါ ခံစားရတတ်သည်။

**ယတြာ။။ ဆီမီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာဘက်ဆိုင်ရာ လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေတတ်သည်။ ဒါရိုက်တာ၊ မင်းသား/သမီး၊ စာပေလုပ်ငန်းများ ကြီးပွားလာနိုင်သောကာလဖြစ်ပါသည်။ ဝင်ငွေအားကောင်းလိမ့်မည်။ အချစ်ရေးတွင် ဒွိဟများနေတတ်သည်။ အိမ်ထောင်ရေး တကျက်ကျက် ဖြစ်နေမည်။ ကျန်းမာရေးတွင် ဝမ်း၊ ရင်နှင့်ပတ်သက်သော ဝေဒနာ ခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ ဘုရား၊ ကျောင်းတို့တွင် သန့်ရှင်းရေးပြုလုပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ပညာရေးဆိုင်ရာ လုပ်ငန်းများတွင်ကျယ်၍ဝင်ငွေအား ကောင်းနေတတ်သည်။ စာပေကျမ်းဂန်များ စုဆောင်းပြုစုခြင်း၊ သုတေသန လုပ်ကိုင်ခြင်းတို့အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ဘုန်းတန်ခိုးအရှိန်အဝါမြင့်မားတိုးတက်မှုရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေတတ်ပါသည်။ ကျန်း မာရေးအနည်းငယ်ချူချာနေတတ်သည်။ အထူးသဖြင့် မျက်စိနှင့်ပတ်သက်သော ဝေဒနာ ခံစားရမှုရှိလိမ့်မည်။

**ယတြာ။ ။မိမိမွေးနံဒေါင့်တွင် ရေသက်စေ့လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အထည်ချုပ်လုပ်ငန်း ကောင်းနေတတ်သည်။ ရတနာပစ္စည်းဆိုင်ဖွင့်ပါက သင့်တင့်မှုသာရှိနေမည်။ ရင်းနှီးမြှုပ်နှံမှုများနေတတ်သည်။ စီးပွားရေးအခြေအနေ အတက်အကျရှိနေမည့်ကာလဖြစ်သည်။ အချစ်ရေးတွင် ချစ်ခင်သူပေါများနေတတ်သည်။ အိမ်ထောင်ရေးသင့်တင့် နေမည်။ ကျန်းမာရေးတွင် ဆီးချိုဝေဒနာခံစားရခြင်း၊ သွေးကြော အဆီပိတ်ခြင်းတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။ ပိတောက်ညွန့်လှူပါ။**



**စနေသားသမီးများအတွက်** တပည့်များစွာနှင့်ပြုလုပ်ရသော စီးပွားရေးတွင် တပည့်တို့၏တွန်းလှန်မှုကို ခံရတတ်သည်။ ဝပ်ရှော့လုပ်ငန်းတွင်ကျယ်မှု ဝင်ငွေကောင်းခြင်းရှိသော်လည်း လက်အောက်ငယ်သားကြောင့် ငွေကုန်ကြေးကျများနေရတတ်သည်။ ဝင်ငွေနှင့် အဝင်အထွက်များနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ချူချာနေတတ်သည်။ သွေးတိုး၊ နှလုံးတို့ ရှိနေတတ်သည်။ **ယတြာ။ ။ ပရဟိတလုပ်ငန်းများတွင် ငွေကြေးထည့်ဝင်ပါ။**

# ငါးသယံဇာတတိုးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၊ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာနနှင့် Korea International Cooperation Agency တို့ ပူးပေါင်း၍ ငါးသယံဇာတတိုးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ချမ်းအေးသာစံမြို့နယ်၊ ကမ်းနားလမ်း ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ မန္တလေးရေပေါ် ဟိုတယ်တွင်ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ ငါးလုပ်ငန်းဦးစီးဌာန ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာနမှ တာဝန်ရှိသူများ၊ Korea International Cooperation Agency မှစီမံချက်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အဖွင့်အမှာစကား ပြောကြားပြီး Korea International Cooperation Agency မှစီမံချက်မန်နေဂျာက ငါးသယံဇာတတိုးပွားစေရေး စားနပ်ရိက္ခာဖူလုံစေရေးအတွက် သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် ရေချိုငါးများ မွေးမြူသားဖောက်ခြင်းကို ငါးလုပ်ငန်း ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ငါးသားပေါက်များအား ဧရာဝတီမြစ်အတွင်း ငါးမျိုး စိုက်ထည့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများသည် ငါးသားပေါက်များအား ကြည့်ရှုကြပြီး သင်္ဘောဖြင့် ရွှေဝါငါးကြင်းငါးသားပေါက် (၂)သိန်းအား ဧရာဝတီမြစ်အတွင်း စိုက်ထည့်ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်စုံတွင် ၂၀၁၈-၁၉ မိုးကောက်စာ စပါးများဈေးကွက်ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်စုံနီးပါး ၂၀၁၈-၁၉ မိုးကောက်စာ ဧည့်မထစပါးများ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး လက်ရှိတိုင်းအတွင်း ပေါက်ဈေး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀-၅၅၀၀၀၀-၅၇၀၀၀၀ ဝန်းကျင်ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆန်သစ်တစ်အိတ်ကို ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀-၂၁၀၀၀၊ မြောင်းမြမြို့နယ်မှာ ပေါ် ဆန်းရင်စပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၈၇၆၀၀၀ ဆန်တစ်အိတ်ကို ကျပ် ၄၅၀၀၀ အတွင်း ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှာ မိုးကောက်စာစပါးများ ထွက်ရှိ၍ ဈေးကွက်တွင် ရောင်းဝယ်လျက်ရှိပြီး ဆန်သစ်များကိုလည်း ကြိတ်ခွဲရောင်းချလျက်ရှိရာ ဈေးကွက်အရောင်းအဝယ်သွက်မှုနှင့် အစိုဓာတ်ပါဝင်မှု အနည်းအများပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိပြီး ဆန်စပါး အဟောင်းဈေးကွက်မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## ရေကြည်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်တွင်းကုန်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝါးလက်မှုလုပ်ငန်းရှင်နှင့်တွေ့ဆုံ

ရေကြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးအေးသိမ်းနှင့် ဝန်ထမ်းများသည် ပြည်တွင်း ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးသိုင်းချောင်းမြို့၊ အောင်ဆန်းရပ်ကွက်ရှိအောင်မိသားစု ဝါးအိမ်တွင်းလက်မှုအလုပ်ရုံသို့ နိုဝင်ဘာ ၆ ရက်က သွားရောက်၍ ဝါးဖြင့်ပြုလုပ်သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေပုံနှင့် ဈေးကွက်အခြေအနေတို့ကို သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

ထိုသို့ တွေ့ဆုံရာတွင် မြို့နယ်တာဝန်ခံ ဦးအေးသိမ်းက ဝါးဖြင့်ပြုလုပ်သော လက်မှုပစ္စည်းလူသုံးကုန် အမျိုးအစားတစ်ခုခြင်း ပြုလုပ်ပုံ၊ ကုန်ကြမ်းရရှိမှုဈေးကွက်ဖြန့်ဖြူးမှု၊ ဈေးကွက်ရောင်းလိုအား/ဝယ်လိုအား အကျိုးအမြတ်ရရှိမှုတို့နှင့် ပြည်တွင်းကုန်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် သာမက ဈေးကွက် ကျယ်ပြန့်လာစေရန်နှင့် ပြည်ပ ဈေးကွက်ထိုးဖောက်နိုင်ရန် Export အရည်အသွေးမီထုတ်လုပ်နိုင်ရေး ကုမ္ပဏီဖွဲ့စည်းနိုင်ရေးအတွက်လည်း မိမိတို့ဌာနအနေဖြင့် ကူညီချိတ်ဆက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ **ဧရာမြေ (ပုသိမ်)**

## သား/ငါးဈေးနှုန်းများ ပုံမှန် အရောင်းအဝယ် ဖြစ်လျက်ရှိ

ယခုတစ်ပတ် သား/ငါး လက်လီဈေးကွက်မှာ နေစဉ် ပုံမှန် အရောင်းအဝယ်ဖြစ်လျက် ရှိနေပြီး ဝက်သား တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ကြက်သား (CP) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ကြက်သား (ဒေသတောကြက်) တစ်ပိဿာလျှင်ကျပ် ၁၀၀၀၀၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငါးရံ့ တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ငါးဘတ် တစ်ပိဿာလျှင် ကျပ် ၄၅၀၀၊ ငါးကြင်းဖြူတစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြင့် ဈေးနှုန်းအတက်အကျမရှိဘဲ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါသည်။ **သန်းသန်း(ပဲခူး)**

# ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ဖို့ ငါးမွေးမြူရေးကန်များ ဖော်ထုတ်ထိန်းသိမ်းစို့

ကျော်စိန်ငြေး(DOCA ကသာ)

ဟိုယခင် စာရေးသူတို့ ငယ်စဉ်အချိန်က ကသာခရိုင်ဟာ တောတောင်များတွင် သစ်တောကြီးများ ဖုံးလွှမ်းလျက် စိမ့်စမ်းရေထွက်များဖြင့် အမြဲစိမ်းလန်းနေကာ သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ကောင်းမွန်ခဲ့ခြင်းကြောင့် သဘာဝဘေးအန္တရာယ် ကြီးကြီးမားမားမရှိခဲ့ဘဲ သာယာလှပပြီး အေးချမ်းသော ဒေသဖြစ်ခဲ့ပါတယ်။ စိမ့်စမ်းရေထွက် တောင်တန်းမြိုင်ယံများကို မြစ်ဖျား၊ ချောင်းဖျားခံကာ မြစ်ချောင်းများအဖြစ် ကွေ့ပတ် စီးဆင်းလျက်ရှိရာမှာ အထင်ကရ မြစ်ချောင်းများအနေဖြင့် မူးမြစ်၊ မဲဇာမြစ်၊ နမ္မားချောင်း၊ ဒေါင်းမြူးချောင်း၊ စင်လင်ချောင်းနှင့် မင်းတရားချောင်းတို့အပြင် အခြားချောင်းငယ်များဟာ တောင်တန်းတောင်စွယ်များရှိ စိမ့်စမ်းရေထွက်များမှတစ်ဆင့် တောင်စွယ်၊ ကျောက်ဆောင်ကျောက်ခဲများကိုဖြတ်သန်းစီးဆင်းခဲ့ရသဖြင့် ကြည်လင်အေးမြပြီး ငြိမ့်ညောင်းသာယာလှသလို စိတ်ကြည်နူးမှုများကိုလည်း ခံစားခဲ့ရပါတယ်၊ မြစ်ချောင်းကမ်းပါးယံမှ ရေအိုင်ကြီး/ ငယ်များနှင့် ရှင်းပြင်း (ရေအမြင့်မှ အနိမ့်သို့ စီးဆင်းခြင်း) များကို ကြည့်လိုက်လျှင် မြောက်များစွာသော ငါးအုပ်မျိုးစုံတို့ ကူးခတ်ဆော့ကစားနေတာကို အတိုင်းတာကြည်နူးစွာ တွေ့မြင်ခဲ့ရဘူးပါသည်။

ငါးသယံဇာတ ဘယ်လောက်ထိပေါများခဲ့သလဲဆိုလျှင် တံငါတွေရဲ့ စကားပုံမှာပင် တော်သလင်းငါး ခွေးမစားဆိုတာ တကယ်ပင် ဆည်မြောင်းကန်ချောင်းတွေမှာ တံငါလုပ်ငါးဖမ်းသူများ ငါးရလွန်းလို့ ခွေးကျွေးတာပင် ငါးစားရလွန်းလို့ ခွေးပင် မစားနိုင်တော့သဖြင့် ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။ စာရေးသူတို့ဒေသရဲ့ ရာသီဥတုအခြေအနေအရ တော်သလင်း၊ သီတင်းကျွတ်လဟာ မိုးများပြီး မြစ်ရေချောင်းရေ တက်ချိန်ဖြစ်တာကြောင့် မြစ်ရေချောင်းရေတို့နှင့်အတူ ငါးများ စုန်ဆင်းကြရာတွင် တံငါသည်များမှာ ရိုးရာငါးဖမ်းနည်းမျိုးစုံဖြင့် ဖမ်းဆီးကြရာဝယ် တောင်းကြီး၊ တောင်းငယ်တို့ဖြင့် အပြည့်အမောက်ရရှိခဲ့ကြတာကို တွေ့မြင်ခဲ့ဖူးပါသည်။

လွန်ခဲ့သောနှစ် အနည်းငယ်မှစ၍ တောတောင်များတွင် သစ်တောနှင့် မြေအောက် သယံဇာတများ အလွန်အကျွံ ခုတ်ယူခြင်း၊ စက်ကြီးစက်ငယ်များဖြင့် တူးဖော်ခြင်းတို့ကြောင့် သစ်တောများ အတော်အတန် ပြုန်းတီးလာခြင်း မိုးရေအား သစ်တောသစ်ပင်များမှ မထိန်းထားနိုင်ခြင်း၊ မြေအောက်သယံဇာတ တူးဖော်ထားသော မြေဇာများအား မိုးရေများက တိုက်စားသယ်ဆောင်ကာ မြစ်ချောင်းများအတွင်းသို့ ရောက်ရှိသွားသောကြောင့် မြစ်တိမ်၊ ချောင်းတိမ်များအဖြစ် ရောက်ရှိသွားပြီး ဟိုးယခင်ကမြစ်များ ချောင်းများတွင် ဆင်တပြန် ဝါးတစ်ပြန်နက်ခဲ့သော ရေအိုင်ကြီး၊ ရေအိုင်ငယ်များ မရှိတော့လောက်အောင် ပျောက်ကွယ်ခဲ့ကာ မြစ်ရေ ချောင်းရေများမှာလည်း ရွံ့နွံများကြောင့် အမြဲလိုလို နောက်ကျိနေသဖြင့် ၎င်းမြေအောက်သယံဇာတ တူးဖော်ရာတွင် အသုံးပြုသည့်ဓာတုဓာတ်ကြွင်းရေများ၊ ချောင်း၊ မြောင်းများအတွင်း ဝင်ရောက်ခြင်းတို့ကြောင့် ၎င်းမြစ်ချောင်းများတွင် ငါးများရှားပါးလာခြင်းကြောင့်လည်း အစိုးရမှ နှစ်စဉ်လေလံခေါ်သော စည်းကမ်းတကျ ဖမ်းရသော ချောင်းများ၊ အင်းများတွင် ငါးများရှား ပါးလာပြီဖြစ်ပါသည်။

ငါးမဖမ်းရာသီဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လများတွင် ဥများလွယ်ထားသော ငါးများကို နည်းမျိုးစုံဖြင့် တရားမဝင် လျှပ်စစ်ဖြင့် ရှော့တိုက်ဖမ်းဆီးမှုများကြောင့် ငါးများနေထိုင်ခြင်းမရှိ တော့၍ ငါးများရှားပါးလာကာ အချို့ငါးမျိုးစိတ်များ ပျောက်ကွယ်လာနေပြီ ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းကာ သစ်တောသစ်ပင် ပြန်လည်ထူထောင်သည့် စိုက်ခင်းများ ပြုစုခြင်း၊ စိုက်ပျိုးခြင်းတို့ကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာပြီး တရားမဝင် သစ်ခိုးထုတ်သူများအား ထိရောက်စွာ ဖမ်းဆီးအရေးယူလာခြင်း၊ တရားမဝင် မြေအောက် သယံဇာတ တူးဖော်ခြင်းများအား တားဆီးထိန်းသိမ်းလာပြီး စနစ်တကျ တူးဖော်သည့် ကုမ္ပဏီများနှင့် အကျိုးတူဆောင်ရွက်လာခဲ့ခြင်းတို့ကြောင့် မြစ်ချောင်း များတွင် ရေများကြည်လင်စပြုလာပြီး ငါးမျိုးစုံတို့လည်း အနည်းငယ် တွေ့ရှိလာနေရပြီ ဖြစ်ပါသည်။ သို့သော် မြစ်၊ ချောင်းများတွင် ငါးများနေထိုင်ခိုအောင်းနိုင်မည့် ရေနက်သည့် အိုင်များမရှိတော့ခြင်းက ငါးများပေါက်ပွားနေထိုင်မှုကို အဟန့်အတားဖြစ်စေပါသည်။ မြေတူးစက်များဖြင့် မြစ်ချောင်းများ ဖောက်လုပ်ရာတွင် ရေစီးရေလာကောင်းအောင် တစ်ဖြောင့်တည်း ဖောက်လုပ်ခြင်းကလည်း မိုးရွာသည့်အခါသာ ရေများ တင်ရှိသော်လည်း မိုးမရွာပါက ရေအနည်းငယ်သာ စီးဆင်းတော့သဖြင့် ဆောင်းနှင့်နွေတို့၌ ချောင်းမြောင်းများတွင် ရေပြတ်လပ်မှုနှင့် ကြုံတွေ့ရပါသည်။ ထိုသို့ မဖြစ်စေရန် စက်ယန္တရား



များဖြင့် မြစ်ချောင်းများ ပြုပြင်ဖော်ထုတ်ရာတွင် ရေနက်အိုင်များစွာ ဖော်ထုတ်ထားမှသာ နွေ၊ မိုး၊ ဆောင်း ချောင်းရေအဆက်မပြတ်ရှိပြီး ငါးသယံဇာတလည်း ပေါများလာမှာဖြစ်ပါသည်။

စာရေးသူတို့ နိုင်ငံတွင် ငါးစားသုံးမှုမှာ နှစ်အနည်းငယ်အတွင်း များပြားလာတာကို တွေ့ရပါတယ်။ နှစ်စဉ် ရာသီဥတု ပူပြင်းလာခြင်းကြောင့် ဗိုင်းရပ်စ်ကူးစက်ရောဂါများ ပြန့်ပွားလာ သဖြင့် ကြက်ငှက်တုပ်ကွေး၊ ဝက်နားရွက်ပြာ၊ ဒေါင့်သန်းရောဂါကဲ့သို့သော တိရစ္ဆာန်များတွင် ကျရောက်မှုများရှိသဖြင့် လူတို့၏ စားသုံးမှု ပုံစံပြောင်းလဲလာကာ တိရစ္ဆာန်အသားများအစား ရေနေသတ္တဝါ ငါးများကို အလေးထား စားသုံးလာတာကို တွေ့ရမှာဖြစ်ပါတယ်၊ ယခင်က စာရေးသူတို့ ခရိုင်တွင် ငါးသယံဇာပေါများခဲ့ပြီး အခြား ခရိုင်များသို့ပါ တင်ပို့နိုင်တဲ့ အခြေအနေမှ ယခုအခါ အခြားတိုင်းနှင့် ခရိုင်များကပါ ငါးကို ပြန်လည်တင်သွင်းနေရပါတယ်။ သို့အတွက်ကြောင့် ငါးသယံဇာတ ပေါများလာအောင် ဆောင်ရွက်ရန်အတွက် စနစ်တကျ ငါးမွေးမြူသည့်လုပ်ငန်းရှင်များ ပေါများလာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ နည်းပညာပေးခြင်း၊ လယ်ယာလုပ်ကိုင်၍ မရသော အပတောအင်းအိုင်မြေများကို တူးဖော်လုပ်ကိုင်လာစေရန် ဆောင်ရွက်ပေးခြင်း၊ သင့်တင့်သော အတိုးနှုန်းဖြင့် နှစ်တို၊ နှစ်ရှည် ချေးငွေများ ချမှတ်ဆောင်ရွက်စေကာ လုပ်ငန်းရှင်အချင်းချင်း ထိန်းညှိဆောင်ရွက်ပေးစေပြီး ဈေးကွက်ရှာဖွေဖော်ထုတ်ပေးမည်။ ငါးသယံဇာတ ကုန်ထုတ်အသင်းများ ထူထောင်ဆောင်ရွက်ပေးခြင်းဖြင့် နှစ်အနည်းငယ်အတွင်း တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ငါးမွေးမြူလိုသူများအနေဖြင့် ငါးကန်တူးဖော်ရန် မြေလျှောက်ထားရာတွင် သစ်တောကြိုးဝိုင်းမြေထဲတွင် မပါဝင်သောမြေ၊ လယ်ယာလုပ်ကိုင်၍မရသောမြေတို့ကို လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် လယ-၃၀ လျှောက်ထား ဆောင်ရွက်နိုင်ကြောင်း သိရှိရပါသည်။ ငါးမွေးမြူရာတွင် တသီး တခြား တူးဖော်ဆောင်ရွက်ခြင်းထက် တစ်ဖက်ဆည်ကန်များ ပြုလုပ်ဆောင်ရွက်ခြင်းက ငါးကြီးထွားမှုနှုန်း မြန်ဆန်ခြင်း၊ ကျွေးမွေးသည့်ငါးစာအပြင် သဘာဝ အစားအစာများ ဖြစ်တည်မှုရှိခြင်း၊ ကန်ရေပြင်ကျယ်သဖြင့် ငါးများလွတ်လပ်စွာ မြူးတူးကစားနိုင်ခြင်းတို့ကြောင့် ကြီးထွားနှုန်း မြန်ဆန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ငါးကန်များ တူးဖော်ခွင့်ရရှိပါကငါးကန်အား လေးဖက်လေးတန် ပြင်ညီ အနက်မတူဖော်သင့်ဘဲ တစ်ဖက်နိမ့်စောင်း (တစ်ဖက်က အနက် တဖက်ကအတိမ်) တူးဖော်သင့်ပါသည်။ သို့မှသာ ရေတိမ်ပိုင်းတွင် လှုပ်ရှားသွားလာနိုင်မှာဖြစ်ပြီး နေရောင်ခြည်ကိုလည်း တိုက်ရိုက်ရရှိမှာဖြစ်ကာ ငါးကန်အတွင်း အောက်စီဂျင် အလုံအလောက် ရရှိမှာ ဖြစ်ပါသည်။ ငါးကန်အသစ်တူးရာတွင် (၁. ၀၀)ဧက ဧရိယာနှင့် အနက် ၅ ပေ ၃ ပေသည် ငါးမွေးမြူရန် အကောင်းဆုံးဖြစ်ပြီး အသစ်တူးထားသော ကန်အနေဖြင့် သဘာဝ အစားအစာများ ဖြစ်ပေါ်လာရန် မြေအတွင်းမှ ဘက်တီးရီးယားများ သေဆုံးစေရန်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ မထွက်စေရန်အတွက် ငါးကန်အသစ် (၁ ဒသမ ၀၀)ဧရိယာတွင် ဖောက်ထုံး(၅၀)အိတ်အား ငါးကန်အနှံ့ ဖြန့်ဖြူး၍ ၁၀ ရက်ခန့် နေပူလှန်းပြီးမှ နွားချေး ၁၅ စီးခန့်ထည့်ပြီး ၁၄ ရက်ခန့်ဆိုလျှင် ရေသွင်းထားပါက နှစ်လခန့်တွင် သဘာဝ အစားအစာများ ပေါက်ရောက်လာမည်ဖြစ်ပါသည်။

စာရေးသူသည်လည်း ၁၀ဧကကျော်ရှိသော ငါးကန်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းအား ၅ နှစ်ခန့် လုပ်ကိုင်ခဲ့ဖူးရာ ငါးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပို့ချသော သင်တန်းမှ ဗဟုသုတများနှင့် လက်တွေ့လုပ်ကိုင်၍ ရရှိခဲ့သော အတွေ့အကြုံများကို ပေါင်းစပ်တင်ပြခြင်းသာ ဖြစ်ပါသည်။ ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ငါးမျိုး ဆေးထိုးသားဖောက်ခြင်း သင်တန်းများ လက်တွေ့သင်ကြားပေးသလို ငါးသားဖောက်နှစ်ခြင်းမျိုး၊ နှစ်ချို့မျိုး နှစ်မျိုးခွဲခြား၍ ရောင်းချဖြန့်ဖြူးပေးခြင်း၊ နည်းပညာ အကူအညီပေးမှုများလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

ငါးကန်တူးဖော်ရာ၌ တူးဖော်နှစ်တွင်သာ အရင်းအနှီး စိုက်ထုတ်ရပြီး နောက်နှစ်များတွင် ငါးမျိုးဖိုးနှင့် ငါးစာဖိုးတို့လောက်သာ ကုန်ကျမှုရှိပါသည်။ ငါးကန်(၁)ဧက တူးဖော်စရိတ်မှာ ပျမ်းမျှ (၁၈) သိန်းခန့်မှန်းမျှသာ ကုန်ကျမှုရှိပြီး ငါးကန်ဧရိယာ ၁ ဧကတွင် နှစ်ချို့ငါးမျိုးဆိုလျှင် အကောင်ရေ ၅၀၀၀ နှင့် နှစ်ခြင်း ငါးမျိုးဆိုပါက အသေအပျောက်ရှိနိုင်သဖြင့် အကောင်ရေ ၈၀၀၀ မှ ၁၀၀၀၀ ခန့် ထည့်သွင်းပြီး နှစ်ခြင်းငါးမျိုးမှာ (၁)လက်မဆိုဒ် အရွယ်ဆို တစ်ကောင်လျှင် ပျမ်းမျှ ငါးကျပ်နှုန်းသာရှိပြီး နှစ်ချို့ ငါးမျိုး (၂) လက်မ (၃) လက်မဆိုဒ်ဆိုလျှင် ပျမ်းမျှကျပ် ၃၀ နှုန်းလောက်သာ ရှိပါသည်။ မိုးဦးကျကာစ ဇွန်လတွင် ငါးသားပေါက်များ ထည့်နိုင်ပါက အကောင်းဆုံး ဖြစ်ပါသည်။ ယခုအခါ အစာအဟာရများကို အချိုးကျစပ်ထားသည့် ငါးစပ်စာအိတ်များမှာ ငါးအသေးစာ၊ ငါးအကြီးစာဟူ၍ အရံသင့်ကျွေးမွေးနိုင်သော ၅၀ ကီလို အိတ်တစ်အိတ်တွင် ကျပ် ၃၀၀၀၀မှ ၃၅၀၀၀ ကျပ်သာရှိပါသည်။ ငါးကိုကျွေးမွေးသည့် စပ်စာအား အလေအလွင့် မရှိအောင် မမွေးနိုင်ပါက ကြီးထွားမှုလျှင်မြန်ပြီး နှစ်ချို့ငါးကြင်းများဆိုပါက ၄-၅ လအတွင်း ၅၀ ကျပ်သား အထက်ဖြစ်လာနိုင်ပါသည်။ နှစ်ခြင်းငါးဆိုလျှင် ၂၅ ကျပ်သားမှ ၃၀ ကျပ်သားလောက်သာ ကြီးထွားပါသည်။ ငါးစပ်စာမကျွေးနိုင်ပါကလည်း ငါးလုပ်ငန်းရှင် အများစုမှာ ဖွဲနုနှင့် ပဲဖတ်ကို သုံးပုံတစ်ပုံရောကျွေး၍ မွေးမြူကြခြင်းဖြင့် ကြီးထွားပါသည်။

ငါးကန်မွေးမြူခြင်း လုပ်ငန်းလုပ်ကိုင်သူအနေဖြင့် မိုးရာသီကာလတွင် မိမိငါးကန်ရေရှိမှု အခြေအနေအား မပြတ်စောင့်ရှောက်ခြင်း၊ အလေအလွင့်မရှိစေရန် စနစ်တကျ တန်း (သို့မဟုတ်)တိုင်စိုက်၍ ပိုက်ခြင်းများတွင်ထည့်ကာ တစ်ရက်(၂)ကြိမ်ခန့် ပုံမှန် ကျွေးပေးခြင်း၊ နွေရာသီငါးကန်တွင် ရေနည်းချိန်၌ အောက်စီဂျင်ပြတ်လပ်မှု မရှိစေရန်နှင့် ငါးများ ရောဂါကျရောက်မှု မရှိစေရန် ရေဟောင်း အချို့ထုတ်ပစ်ပြီး ရေအသစ်များသွင်းပေးခြင်း၊ ငါးများနားခိုရန်အတွက် အရိပ်လုပ်ပေးခြင်းတို့ ဆောင်ရွက်ပေးလျှင်ပင် ငါးများပုံမှန်ကြီးထွားနေမှာဖြစ်သလို အချိန်တိုအတွင်း စီးပွားဖြစ်နိုင်သော လုပ်ငန်းဖြစ်ပါသည်။

ကသာခရိုင်အနေဖြင့် ၂၀၁၀ ခုနှစ်တွင် ငါးကန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄၈ ဦး၊ ဧရိယာ ၆၄၀ ဒသမ ၁၀ ဧကရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၃၅၂ ဦး၊ ဧရိယာ ၁၀၁၅ ဒသမ ၂၅ ဧကထိ တိုးတက်မွေးမြူလာခြင်းအား ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရပါသည်။ ငါးမွေးမြူရေးကန် (လိုင်စင်) မှတ်ပုံ တင်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များမှာ ပုံစံ-၁၀၅/၁၀၆ (သို့) လယ-၃၀၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ မြို့နယ်ထွေ/အုပ် ထောက်ခံချက်၊ ပုံစံ ၆၆/ဃ/ မှတ်ပုံတင် မိတ္တူနှင့် လိုင်စင်ဓာတ်ပုံတို့ဖြင့် သက်ဆိုင်ရာ ငါးလုပ်ငန်း ဦးစီးဌာနများတွင် လျှောက်ထားလုပ်ကိုင်နိုင်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း နှစ်စဉ် ငါးသားဖောက် မွေးမြူနည်း ပြုစုခြင်းနည်းပညာပေး သင်တန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ခရိုင်အတွင်း မြစိမ်းရောင်စီမံကိန်းဖြင့် အရင်းမပျောက် ချေးငွေကို ကျေးရွာများတွင် ဆောင်ရွက်ပေးလျက်ရှိရာ ငါးကန်များ ဖော်ထုတ်ပြီး ငါးမွေးမြူခြင်းဖြင့် ငါးသယံဇာတများ ထိန်းသိမ်းကာ အချိန်တိုအတွင်း စီးပွားဖြစ်ထွန်းနိုင်သော လုပ်ငန်းဖြစ်ကြောင်း လေ့လာရေးသား တင်ပြလိုက်ရပါသည်။

■

# မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော် ကျင်းပမည်

မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာဒေသနှင့် ရိုးရာအဆောက်အဦများ၊ တိုင်းရင်းသားဒေသအသီးသီး၏ သာယာလှပသည့် ခရီးသွားဆိုင်ရာ စိတ်ဝင်စားဖွယ်ရာများကို လေ့လာနိုင်စေရန်၊ မျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို လေ့လာနိုင်ရန်၊ တိုင်းရင်းသားဒေသ ထုတ်ကုန်များ၊ ရိုးရာအဝတ်အထည်များအား ပိုမိုစိတ်ဝင်စားလာရန်၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းစု၊ လုပ်ငန်းရှင်အချင်းချင်း မြှင့်တင်နိုင်စေရန်နှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်ရန်တို့အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီအသင်းက နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးတည်ချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေတဲ့အသင်း ဖြစ်ဖို့လိုပါတယ်။ နောက်ပြီး လုပ်ငန်းတာဝန်ကျေပွန်ဖို့အတွက် လူ့အခွင့်အရေး၊ ဝန်ထမ်းရေးရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ အဂတိလိုက်စားမှုကို မပါဝင်ဖို့ဆိုတဲ့ အခြေခံလေးချက်လိုပါတယ်။ အဲဒီအခြေခံလေးချက်ကို အသင်းကြီးက လိုက်နာပြီး တာဝန်ကျေအောင် ကြိုးစားစေချင်ပါတယ်" ဟု ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က ပြောသည်။

"ဒီအသင်းကို ထူထောင်တာက ငြိမ်းချမ်းရေးကို ထူထောင်သလိုပါပဲ။ ငြိမ်းချမ်းရေးကို ထူထောင်တဲ့အခါ စီးပွားရေးကို မေ့ထားလို့မရပါဘူး။ အဲဒါကြောင့် ဒီအသင်းက ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေမယ့် အသင်းဖြစ်ဖို့လိုသလို ငြိမ်းချမ်းရေး အသီးအပွင့်ရဖို့ကလည်း ကြိုးစားမှုရမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါပွဲတော်ကို 'သွေးချင်းတို့ရဲ့ ပွဲတော်ဆီ'ဟု အမည်ပေးထားပြီး လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# စက်မှုလုပ်ငန်းကဏ္ဍများသို့ တရုတ်နှင့် ကိုရီးယား လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာ

ရန်ကုန်မြို့ရှိ စက်မှုလုပ်ငန်းကဏ္ဍများသို့ တရုတ်နှင့် ကိုရီးယားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်အတွင်း တိုးမြင့်လာကြောင်း သိရသည်။

"တိုးတက်လာတဲ့စက်ရုံအများစုက အထည်ချုပ်စက်ရုံတွေများတယ်။ ကျန်တဲ့ ဖိနပ်ချုပ်တာတို့ တခြားလုပ်ငန်းတို့မှာလည်း တိုးလာပါတယ်။ အဲဒီစက်ရုံတစ်ရုံစီက လုပ်သားရာဂဏန်းလောက်ကို အလုပ်အကိုင်ပေးနိုင်မယ်လို့လည်း မျှော်မှန်းထားတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အလုပ်ရုံ အလုပ်သမားဥပဒေရေးရာ စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် တရုတ်၊ ကိုရီးယား လုပ်ငန်းရှင်များ၏ စက်ရုံ အလုပ်ရုံ ၁၀၀ ကျော်ခန့် တိုးတက်လာသလို စက်ရုံ ယာယီပိတ်သိမ်းခြင်းနှင့် အပြီးပိတ်သိမ်း မှုများမှာလည်း ၁၀ လအတွင်း၌ စက်ရုံပေါင်း ၂၀ ထက်မနည်းရှိခဲ့ကြောင်း အဆိုပါဌာန၏ စာရင်းများအရ သိရသည်။

စက်မှုလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြင့်လာခြင်းသည် အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဦးစားပေးအကောင်အထည်ဖော်နေသော ပြည်တွင်းအလုပ်အကိုင် ပိုမိုတိုးမြှင့်ခန့်အပ်နိုင်ရေးအတွက် အထောက်အကူပြုပေးသည့် သဘောသက်ရောက်ကြောင်း၊ လက်ရှိတွင်လည်း တိုးမြင့်လာသည့် ပြည်တွင်း အလုပ်အကိုင်နေရာပေါင်း ပျမ်းမျှနှစ်သောင်းကျော်အတွက် ပုံမှန်အလုပ်အကိုင် ရှာဖွေပေးနေကြောင်း သိရသည်။ **ချောစု**

# Invest Myanmar Summit 2019 ကို စက်တင်ဘာလဆန်းတွင် နေပြည်တော်၌ ပြုလုပ်မည်

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူး၍ Invest Myanmar Summit 2019 ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တွင် နေပြည်တော်ရှိMyanmar International Convention Centre-2 တွင် ကျင်းပပြု လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နှစ်ရက်တာကျင်းပမည့် ယခု Summit ကို မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် အခွင့်အလမ်းများကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ပိုမိုသိရှိ နားလည်စေရန် အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

Invest Myanmar Summit 2019 တွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ အရာရှိကြီးများနှင့် တွေ့ဆုံကာ ဒေသအလိုက် ဖော်ဆောင်သွားမည့် စီးပွားရေးလုပ်ငန်း ပရောဂျက်များကို ဆွေးနွေးနိုင်မည့်အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍ မှ စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ စွမ်းအင်ထုတ်လုပ် ဖြန့်ဖြူးခြင်း၊ အစားအသောက်ထုတ်လုပ်ခြင်းနှင့် ရေလုပ်ငန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ခရီးသွားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိမ်ခြံမြေလုပ်ငန်းတို့မှ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကိုလည်း တစ်နေရာတည်းတွင် ဆွေးနွေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်၊ အများနဲ့မတူတဲ့ခြားနားချက်ကတော့ အလုပ်အကိုင်ဖြစ်မြောက်စေဖို့နဲ့ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် စီးပွားရေးလုပ်ငန်းတွေကိုပဲ အဓိကထားတဲ့အချက်ပါ။ ဒီပွဲမှာ ရင်းနှီးမြှုပ်နှံသူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ စီး ပွားရေးဆိုင်ရာ တွေ့ဆုံမှုများကို လွယ်ကူချောမွေ့စွာ တွေ့ဆုံဆွေးနွေးပြီး အလုပ်အကိုင်များ အောင်မြင်ဖြစ်မြောက်သွားသော အနေအထားမျိုးဖြစ်နိုင်ရန် ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်" ဟုမြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် ဒု-ဥက္ကဋ္ဌ၊ Invest Myanmar Summit ဥက္ကဋ္ဌ ဦးဝေဖြိုးက ပြောသည်။

**သန်းထိုက်အောင်**

# AGRO MYANMAR 2018 စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲကို ရန်ကုန်မြို့တွင် ပြုလုပ်



စိုက်ပျိုးရေးဆိုင်ရာ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ဓာတုဆေးများနှင့် စက် ပစ္စည်းများကို တင်ဆက်ပြသသော AGRO MYANMAR 2018 စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲကို ရန်ကုန်မြို့ ရှိစ်ဂါးဒင်းဟိုတယ်၌ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ယခုပြပွဲအခမ်းအနားကိုတရုတ် ကောက်ပဲသီးနှံ ကာကွယ်စောင့်ရှောက်ရေး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCPIA)၊ တရုတ်အမျိုးသား ဓာတုသတင်းအချက်အလက်စင်တာ (CNCIC)နှင့် Minh Vi Exhibition & Advertisement Service Co.,Ltd တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ၊ စိုက်ပျိုး ဓာတုဆေးဝါးများတင်ပို့ ရောင်းချနေသည့် နိုင်ငံတကာကုမ္ပဏီများ၏ ကုန်ပစ္စည်းအမျိုးအစားပေါင်း ၂၀၀ ကျော်ကို ပြသပေးခဲ့ကြောင်း သိရသည်။

"Agro Chemical နဲ့ ပတ်သက်တဲ့ကုမ္ပဏီတွေ ဒီမှာ ပြပွဲတွေလုပ်ပြီးတော့ လာရောက်ပြသတာကို ကျွန်တော်တို့ အနေနဲ့ ကြိုဆိုပါတယ်။ ဒီပြပွဲမှာ ပြည်တွင်းဥပဒေနဲ့အညီ မှတ်ပုံမတင်ရသေးတဲ့ စိုက်ပျိုးရေးဆိုင်ရာ ဆေးဝါးပစ္စည်းတွေ ရှိကောင်းရှိနိုင်ပါတယ်။ ရှိလာခဲ့ရင်လည်း မှတ်ပုံတင်ရမယ့် နည်းလမ်းတွေ၊ လုပ်ငန်းစဉ်တွေကိုလည်း ရှင်းလင်းပြသပေးဖို့ အဆင်သင့်ပါပဲ။ အခုလို စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုပစ္စည်းတွေကို လာရောက်ပြသရင်း မြန်မာနိုင်ငံရဲ့မူဝါဒ စည်းမျဉ်းစည်းကမ်းတွေကို ရှင်းလင်းတင်ပြရင်း စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်တဲ့ သွင်းအားစုတွေကို လျှင်လျှင်မြန်မြန် လွယ်လွယ်ကူကူ ကုန်သွယ်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ဒါရိုက်တာ ဦးအောင်ကျော်ဦးက ပြောသည်။

ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းရှင်များကိုအခြားစိုက်ပျိုးရေး နိုင်ငံများမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်နှင့် အခွင့်အလမ်းများရရှိစေရန်၊ ကုန်သွယ်မှု ဆက်ဆံရေး မြှင့်တင်နိုင်ရန်အတွက် ယခုပြပွဲကိုရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး ပြပွဲနှစ်ရက်တာအတွင်း နိုင်ငံတကာမှ စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်လုပ်ငန်းရှင်များ၊ ပညာရှင်များက နောက်ဆုံးပေါ် စိုက်ပျိုးရေးနည်းပညာများနှင့် မူဝါဒဆိုင်ရာကိစ္စရပ်များကို ဟောပြောဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# MCEA နှင့် JMHU/JIBH တို့ ပူးပေါင်း၍ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA) နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးနှင့် အိမ်ရာလုပ်ငန်းအသင်း (JMHU/JIBH) တို့ ပူးပေါင်း၍ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးနှင့် အိမ်ရာလုပ်ငန်းရှင်အသင်းနှင့် MCEA တို့ ပူးပေါင်းလုပ်ဆောင်နေသော မြန်မာပြည်သူများအတွက်လိုအပ်သည့် သင့်တင့်မျှတသော တန်ဖိုးနည်း၏တိုက်ခန်း၊ အိမ်ရာစီမံကိန်း (Affordable Housing) ဖော်ဆောင်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး လက်ရှိတွင်လည်း Pilot Project များ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။


"ရန်ကုန်မှာ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးပွားလာတာကြောင့် အမြို့မြို့အနယ်နယ်က ပြောင်းလာကြတဲ့သူတွေများပါတယ်။ အဲဒီသူတွေ က ရန်ကုန်မှာနေရေးအတွက် အခက်အခဲဖြစ်တာတွေရှိတယ်။ အဲဒါတွေကြောင့် ဂျပန်နိုင်ငံနဲ့ ပူးပေါင်းလုပ်ဆောင်နေတဲ့ ပရောဂျက်ဆောင်ရွက်ချက်အခြေအနေပေါ်မူတည်ပြီး ရှေ့ဆက်ဘယ်လိုဆောင်ရွက်ရင် ကောင်းမယ်ဆိုတာကို ဂျပန်နိုင်ငံဘက်က တာဝန်ရှိသူတွေနဲ့ ဆက်လက်ဆွေးနွေးမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်မြို့ပေါ်တွင် နေစရာမရှိဘဲ ကျူးကျော်နေထိုင်ရသည့် အိမ်ထောင်စုပေါင်း ၁ သိန်းခွဲကျော်ရှိပြီး လူဦးရေအရ ၄ သိန်းဝန်းကျင်ရှိကြောင်း၊ ထိုကဲ့သို့ နေစရာအခက်အခဲဖြစ်သည့် ပြည်သူများ၏ဘဝကို မြှင့်တင်ပေးခြင်းအားဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရာရောက်မည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ကျူးကျော်နေထိုင်သူများ အားလုံးပေါင်းပါက အိမ်ရာအခန်းပေါင်း ၃ သိန်းခန့် တည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေအနေများကို ဆောင်ရွက်ရန်အတွက် အစိုးရသစ် စတင်တာဝန်ယူသည့် အချိန်ကတည်းက ကြိုးပမ်းခဲ့သော်လည်း မြေနေရာရရှိရန်၊ တည်ဆောက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေခြင်းများအတွက် ပြင်ဆင်နေရသည့် ကာလ၌ပင် ရှိနေသေးကြောင်း သိရသည်။ လက်ရှိတွင်လည်း ရန်ကုန်မြို့၌ စက်မှုဇုန် ၂၉ ခုနှင့် စီးပွားရေးဇုန်တစ်ခုရှိပြီး အဆိုပါစီးပွားရေးဇုန်မှာ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီးပွားရေးဇုန်ကြီးဖြစ်ကြောင်း ဝန်ကြီးချုပ်၏ ပြောကြားချက်အရ သိရသည်။

**ချောစု**

စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်




Source: www.isosugar.org

၂၀၁၈ ခုနှစ် နိုဝင်ဘာပထမပတ်အတွင်း နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၀၃ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၆၉၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀-၃၉၀၊ အိန္ဒိယနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၄၄-၅၇၈ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နှင့် အိန္ဒိယတို့၏သကြားဈေးမြင့် တက်ခဲ့ပြီး ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ လဆန်းပိုင်းအတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၆၀ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၀၃ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၇၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၀ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာ

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | |
|---|---|---|---|---|---|
| | | နိုဝင်ဘာ ၂ | နိုဝင်ဘာ ၅ | နိုဝင်ဘာ ၆ | နိုဝင်ဘာ ၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

ကျပ် ၁၈၀၀ အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ်၁၂၀၀ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသောဈေးနှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၂ဒသမ ၆၅ ရာခိုင်နှုန်း လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ လဆန်းပိုင်းအတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ■

## မိုးရွာသွန်းမှု လျော့နည်းသဖြင့် ဗီယက်နမ်အလယ်ပိုင်းတွင် အခက်အခဲတွေ့နေ

မိုးရွာသွန်းမှုများပြားရမည့် ကာလဖြစ်သော်လည်း မိုးနည်းခဲ့သဖြင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတွင် မိုးကိုမျှော်ခဲ့ရသည်မှာ သုံးလ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း vnexpress သတင်းတွင် ဖော်ပြသည်။ နိုင်ငံအလယ်ပိုင်းဒေသတွင် ပုံမှန်မိုးရွာသွန်းသောရာသီမှာ ဩဂုတ်မှ နိုဝင်ဘာအထိဖြစ်ပြီး ရာသီအလိုက် ရေလွှမ်းမိုးလေ့ရှိသည်။သို့သော်လည်းယခုနှစ်တွင် မိုးရွာသွန်းမှုမှာ စံချိန်တင် လောက်အောင်နိမ့်ကျလျက်ရှိသည်။

မိမိတို့၏ ရေလှောင်ကန်များတွင် မိုးလယ်ကာလ၌ ယခုလောက်ရေနည်းပါးမှုမဖြစ်ဖူးကြောင်း ကွမ်နမ်ပြည်နယ် အာဘောင်၊ ဒတ်မီနှင့် ဆောင်ထရမ် ရေအားလျှပ်စစ် စီမံကိန်းများမှ အော်ပရေတာများက ပြောသည်။ အလယ်ပိုင်း ကုန်းမြင့်ဒေသ ဒတ်လတ်ပြည်နယ်တွင် တောင်သူလယ်သမားများ မိုးကို မျှော်နေသည်မှာ လပေါင်းများစွာကြာပြီဖြစ်သည်။ ပြည်နယ်အတွင်းရှိ အများအားဖြင့် စပါးစိုက်သောနွေနှင့် ဆောင်းဦးရာသီကာလ စိုက်ပျိုးဧရိယာဟက် တာ ၂၃၀၀ (ဧက ၆၆၈၀ ) များမှာ သေဆုံးနေပြီး အများစုမှာ စပါးသီးနှံများဖြစ်သည်။ ယခုအခါ လယ်ကွင်းအများအပြားမှာလည်း ရေလှောင်ကန်နှင့် ချောင်းငယ်များတွင် ရေနည်းနေသည့်အတွက် ခြောက်သွေ့မှုကို မတွန်းလှန်နိုင်အောင်ဖြစ်နေကြောင်း ဒိုင်ဒိုအန်ကက် သတင်းစာတွင်ဖော်ပြသည်။

မိုးလယ်ရာသီတွင် ယခုကဲ့သို့ အလွန်အမင်း မိုးနည်းပါးမှုမျိုးကို မကြုံဖူးခဲ့ကြောင်း ဒတ်လက်ဒေသရှိလယ်သမားများက သတင်းစာဌာနကို ပြောသည်။

ပူပြင်းခြောက်သွေ့မှုသည် ဩဂုတ်မှစတင်ဖြစ်ပွားခဲ့ပြီး ၎င်းတို့စပါးကွင်းများမှာ ခြောက်သွေ့လျက်ရှိကြောင်း သူတို့ကပြောသည်။ အလယ်ပိုင်းဒေသ အသီးသီးရှိနေရာများတွင်လည်း ရေချိုရှားပါးမှုများ ဖြစ်ပေါ်နေကြောင်း သိရ သည်။

ပင်လယ်ရေငန်များဝင်ရောက်လာမှုကြောင့် ပင်လယ်ကမ်းခြေမြို့ ဖြစ်သော ဒါနန်းမှာ ရေဖြန့်ဖြူးရေးလုပ်ငန်းတွင် အဟန့်အတားများကြုံတွေ့ရသည့်အတွက် နိုဝင်ဘာ ၅ ရက်က ရေပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ **စံမီအောင်**

## တိုက်ဖွန်းမုန်တိုင်းဒဏ်ကြောင့် ဖိလစ်ပိုင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုကျဆင်း



ဖိလစ်ပိုင်နိုင်ငံ၏ အဓိကဆန်စပါး ထုတ်လုပ်ရေးနှင့် ငါးဖမ်းဒေသများတွင် တိုက်ဖွန်မုန်တိုင်းဒဏ် ဆက်တိုက်ခံခဲ့ရပြီး နောက်ပိုင်း သီးနှံများနှင့် ငါးဖမ်းလုပ်ငန်းကို အကြီးအကျယ် ထိခိုက်ခဲ့သည့်အတွက် ယခုနှစ် တတိယသုံးလပတ်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှု ကျဆင်းခဲ့ကြောင်း Inquirer သတင်းဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

လယ်ယာကဏ္ဍ ထုတ်လုပ်မှုတိုးတက်နှုန်းမှာ ယခင်နှစ်က ၂ဒသမ ၃၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် သုညဒသမ ၈၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ဤကဲ့သို့ကျဆင်းမှုကြောင့်တစ်နှစ်လုံးအတွက် ထုတ်လုပ်မှု တိုးတက်နှုန်းမှာ ယခင်နှစ်က ၄ ဒသမ ၅၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် သုညဒသမ ၁၅ ရာခိုင်နှုန်းခန့်သာရှိလိမ့်မည်ဟု ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သောကိန်းဂဏန်းများအရ သိရသည်။

ဝန်ကြီးဌာနအနေဖြင့် တိုးတက်မှုနှုန်းမှာ အနည်းငယ်သာရှိနိုင်သော်လည်း ကျဆင်းသွားသည်အထိ မဖြစ်နိုင်ကြောင်း စောစောပိုင်းပြုလုပ်သောတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီး အီမန်နျူရာယ် ပီနိုးက ပြောသည်။

လက်ငင်းပေါက်ဈေးများအရ လယ်ယာကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုးမှာ ပီဆို ၄၀၉ ဘီလီယံရှိမည်ဟု ခန့်မှန်းသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၈၂ ရာခိုင်နှုန်းတိုးတက်လာမည်ဟု ခန့်မှန်းရသည်။ ဝယ်လိုအားမြင့်မားနေချိန်တွင် ထုတ်လုပ်မှုမြင့်တက်သည့် အတွက် လယ်ကွင်းအရောက်လာရောက်ဝယ်ယူသောနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပျမ်းမျှ ၇ ဒသမ ၇၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

လယ်သမားများနှင့် ရေလုပ်သားများ၏ ကွင်းအရောက်ဈေးများ မြင့်တက်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်လောင်စာ ဆီဈေးနှုန်းများ မြင့်တက်မှုကြောင့်ဖြစ်ကြောင်း သိရသည်။

ဟင်နရီ၊ အင်းဒေး၊ ဂျိုစီနှင့် အွန်ပေါင်း စသည့် တိုက်ဖွန်းမုန်တိုင်းတို့ကြောင့် အပျက်အစီးများ ဖြစ်ပေါ်ခဲ့ပြီး နောက်သီးနှံထုတ်လုပ်မှုနှင့် ရေလုပ်ငန်းကဏ္ဍတို့တွင် ထုတ်လုပ်မှုမှာ ပမာဏအရ ကျဆင်းခဲ့သည်။

အဆိုပါတိုက်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုဒဏ်ကြောင့် ဤကဏ္ဍများ၏ဆုံးရှုံးမှုမှာ ပီဆို ၂၉ ဒသမ ၅ ဘီလီယံရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဌာနနှင့် အမျိုးသား သဘာဝဘေးဒဏ်နှင့် အန္တရာယ်များ လျှော့ချရေး စီမံခန့်ခွဲမှု ကော်မတီတို့၏ ခန့်မှန်းချက်အရ သိရသည်။

**စံမီအောင်**

## ယင်းမာပင်ခရိုင်ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ အထကကျောင်း ပညာပေး ဟောပြောခြင်းနှင့် ကုန်မျိုးစုံဈေးဆိုင်များအား ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေး

ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၈ ရက်က ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ အထက ကျောင်းတွင် စားသုံးသူ အကာအကွယ် ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အဖွင့် အမှာစကား ပြောကြားပြီး ယင်းမာပင် ခရိုင်စားသုံးသူရေးရာ ဦးစီး ဌာနမှ ဒေါ်ခိုင်မို့မို့က စားသုံးသူ အကာ အကွယ်ပေးရေး ဥပဒေပေါ် ပေါက်လာ ပုံ၊ စားသောက်ကုန်၊ လူသုံးကုန် ဝန် ဆောင်မှုများအကြောင်းကို ကျယ်ကျယ် ပြန့်ပြန့် ဟောပြောခဲ့သည်။ ထို့အပြင် အကြီးတန်းစာရေး ဒေါ်မိုးမိုးမြင့်က စားသုံးသူအခွင့် အရေးများ သိရှိစေရန် အရောင်ဆေးဆိုးများအကြောင်း ဟော ပြောဆွေးနွေးပြီး ကျောင်းအုပ်ဆရာမ ကြီး၊ ကျောင်းကော်မတီ၊ ကျောင်းသား မိဘများနှင့် ကျောင်း စားသုံးသူရေးရာ အသင်းများသည် ကျောင်းမုန့်ဈေးတန်း များအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိ ပါသည်။ ဆက်လက်၍ ကန့်ဒေါင့်ကျေးရွာ ရှိ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ရပ်မိရပ်ဖများအား ကျေးရွာစားသုံးသူ ရေးရာအသင်းဖွဲ့စည်းခြင်းနှင့် ကုန်မျိုးစုံ ဆိုင်များကိုလည်း စားသုံးသူများလုံခြုံ စိတ်ချရမှုများရှိစေရန်နှင့် ထုတ်ကုန် များ လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ဈေးကွက်အတွင်း ရောင်းချနေသော ဈေးသည်များအား ကုန်ပစ္စည်း၊ စား သောက်ကုန်များ ရောင်းချရာတွင် အညွှန်း၊ ပါဝင်ပစ္စည်း၊ လိပ်စာ၊ ထုတ် လုပ်၊ ရက်ကုန်ဆုံးရက်များ ပါဝင်သည့် အချက်အလက်များ ပြည့်စုံစေရန်နှင့် မြန်မာစာဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့် မြန်မာဘာသာ တွဲလျက်ဖြစ်စေ၊ ရေး သားဖော်ပြထားသော ကုန်ပစ္စည်းမျိုး ကိုသာ ရောင်းချစေကြောင်းများ သိရှိ စေရန်နှင့် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြော်ငြာထားသည်များ၊ ရက်လွန်များ၊ မှိုတက်များ ရောင်းချခြင်း မရှိစေရန် စစ်ဆေးခြင်း၊ ပညာပေးခြင်း လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းများကို ဆောင် ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ တင်းတိမ်ရံစံပြကျေးရွာ စည်ပင်သာယာဈေးတွင် ရှောင်တခင်ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ရွှေဘိုခရိုင် စားသုံးသူ ရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်ငွေဦးဆောင်သည့် ရွှေဘိုခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်း(၃)ဦး၊ ရေဦး မြို့နယ်တာဝန်ခံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တင်းတိမ်ရံစခန်းမှူး၊ တိုင်းရင်းဆေးမှူး၊ ကျန်းမာရေးမှူး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စည်ပင် သာယာရေးအဖွဲ့၊ တင်းတိမ်ရံစံပြကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစားသုံးသူရေးရာအဖွဲ့တို့ ပါဝင်သောအင်အား ၁၆ ဦးပါ ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက်က တင်းတိမ်ရံ စံပြကျေးရွာ စည်ပင်သာယာ ဈေးရှိ မုန့်မျိုးစုံဆိုင်(၅)ဆိုင်၊ ကုန်မျိုးစုံဆိုင်(၁၄)ဆိုင်၊ ပေါင်း(၁၉) ဆိုင်သို့ ရှောင်တခင် ကွင်း ဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ကွင်းဆင်းစစ်ဆေး ရာတွင် မုန့်မျိုးစုံဆိုင်တစ်ဆိုင်မှ ထုတ်လုပ်သူလိပ်စာနှင့် အမှတ် တံဆိပ်မပါရှိသော ခါးလီးမုန့် ၃၂ ခု တန်ဖိုး ကျပ် ၃၂၀၀၊ ကုန်မျိုးစုံဆိုင် ၇ ဆိုင်မှ ဆိုးဆေးများလွန်းသော နေကြာပန်း ငရုတ်ဆီလေးဗူး၊ တန်ဖိုး ကျပ် ၁၀၀၀ အထုပ်အတွင်းပါရှိသော အသားချောင်း၊ ရက်လွန်နေသည့် မြတ်ပန်းပွင့် အမှတ်တံဆိပ် မာလာဟင်းထုတ် ၁၅ ထုပ် တန်ဖိုး ကျပ် ၇၅၀၀၊ ရွှေမြင့်မိုရ် အမှတ်တံဆိပ်ပါ မာလာဟင်းထုပ် ၃၇ ထုပ်၊ တန်ဖိုး ကျပ် ၁၈၅၀၀၊ ရက်လွန်နေသည့် တရုတ်စာတန်းပါ အသားချောင်း



ထုပ် ၈၄ ထုပ် တန်ဖိုး ကျပ် ၈၄၀၀ တန်ဖိုးရှိစားသောက်ကုန်များ အား ဆက်လက်ရောင်းချခြင်း မပြုရန် တားမြစ်ခဲ့ပြီးနောက် မုန့်မျိုးစုံဆိုင် နှစ်ဆိုင်မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် ရောင်စုံဝေဖာ ချောင်း ၄၁ ထုပ် တန်ဖိုး ကျပ် ၁၆၀၀ ကောင်းလွန်းအမှတ် တံဆိပ်ပါ ပဲကြီးလှော် ၂ ထုပ်၊ တန်ဖိုး ကျပ် ၁၀၀၀ စုစုပေါင်း တန်ဖိုး ကျပ် ၂၆၀၀ ရှိ စားသောက်ကုန်ပစ္စည်းများကို သိမ်း ဆည်းကာ တင်းတိမ်ရံစံပြကျေးရွာ အမှတ်(၄)ရပ်ကွက်၊ ဆုတောင်းပြည့် ဘုရားဝန်းအတွင်းတွင် သိမ်းဆည်းခဲ့သည့် အဖွဲ့ဖြင့်မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။ ရှောင် တခင် စစ်ဆေးခဲ့သည့် ဈေးဆိုင်ပိုင်ရှင်များအား ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ပညာပေးဆွေး နွေးခဲ့ကြောင်းကိုလည်း သိရှိရပါသည်။ **အောင်ညွှန့်(ရေဦး)**

## စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး အမှတ်စဉ်(၄)သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံး သူရေးရာဦးစီးဌာနသည် နိုဝင်ဘာ ၁ ရက်နေ့မှ ၂ ရက်ထိ စစ်ကိုင်းတိုင်း ဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစည်း အဝေးခန်းမ၌ စားသုံးသူအကာအကွယ် ပေးရေး အသိပညာပေး အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ တိုင်း ရုံးဝန်ထမ်းများ၊ ခရိုင်ရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

သင်တန်းတွင် တိုင်းဒေသကြီး ဦးစီးမှူးက အောက်တိုဘာ ၂၇ ရက် ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထုတ်ပြန်ကြေညာခဲ့သည့် ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြု လုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံ ရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံ နှင့် ပတ်သက်သော သတင်းအချက် အလက် သို့မဟုတ် ညွှန်ကြားချက်များ ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာ နှင့် အခြား ဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် အမိန့်ကြော်ငြာစာ ထုတ်ပြန် သည့်နေ့မှ ၆ လပြည့်သည့်နေ့တွင် စတင် အာဏာသက်ရောက်စေရမည် ဖြစ်ပြီး လိုက်နာခြင်းမရှိပါက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အရေးယူခံရမည်ဖြစ်သည်ကို စားသုံးသူများနှင့် လုပ်ငန်းရှင်များအား အသိပညာပေး ဆောင်ရွက်မှု အခြေ အနေများနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စားသုံးသူအကာအကွယ်ပေး ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ဈေး၊ ကျောင်း၊ ရပ်ကွက်များတွင် စားသုံးသူရေးရာ အဖွဲ့ငယ်များ ဖွဲ့စည်း၍ ပူးပေါင်းဆောင် ရွက်သွားရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ခံများမှ ဌာနတစ်ခုချင်းစီအလိုက် ဌာန၏လုပ်ငန်း ဆောင်ရွက်ချက်၊ အထက်ဌာနလမ်းညွှန်ချက်၊ ညွှန်ကြား ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ခရိုင်ရုံးဝန်ထမ်း များမှလည်း မိမိတို့ခရိုင်၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်ချက်၊ လက်တွေ့မြေပြင် ကွင်းဆင်းဆောင်ရွက်ရာတွင် ရရှိသည့် အတွေ့အကြုံများကို အသီးသီး ဆွေး နွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သင်းသင်းအေး (မုံရွာ)**

## ကျိုင်းတုံမြို့ရှိစတိုးဆိုင်နှင့် ကုန်စုံဆိုင်များမှ သက်တမ်းလွန် စားသောက်ကုန်များ သိမ်းဆည်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့အမှတ် ၂/၃ ရပ်ကွက်များအတွင်းရှိ စတိုးဆိုင်နှင့် ကုန်စုံဆိုင်များအား နိုဝင် ဘာ ၆ ရက်က ကျိုင်းတုံခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ရှောင် တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ ပြည်တွင်း/ ပြည်ပထုတ် သက်တမ်းလွန်စားသောက် ကုန်မျိုးစုံ၊ ထောက်ခံချက်မရှိ တရုတ် နိုင်ငံထုတ် စားသောက်ကုန်မျိုးစုံ၊ ထောက်ခံချက်မရှိ ဒေသထုတ် စား သောက်ကုန်မျိုးစုံ၊ FDA တားမြစ်ထား သော ဘုတ်ဆုံမတံဆိပ် အရောင်တင် မှုန့်နှင့် မဆလာထုတ်များ သိမ်းဆည်း ခဲ့ကြောင်း သတင်းရရှိပါသည်။

ကျိုင်းတုံခရိုင် စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ပေးအပ် ထားသော မြေပြင်ကွင်းဆင်း စစ်ဆေး ရေးအဖွဲ့ဝင်များသည် ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်များအရ ကျိုင်းတုံမြို့ အမှတ်(၂)/(၃)ရပ်ကွက် များအတွင်းရှိ စတိုးဆိုင်နှင့် ကုန်စုံဆိုင် ၁၁ ဆိုင်အား ရှောင်တခင် ဝင်ရောက် စစ်ဆေးခဲ့ရာ စတိုးဆိုင်/ကုန်စုံဆိုင် (၄)ဆိုင်တွင် ပြည်တွင်း/ပြည်ပထုတ် သက်တမ်းလွန် စားသောက်ကုန်မျိုးစုံ၊ ထောက်ခံချက်မရှိ တရုတ်နိုင်ငံထုတ် စားသောက်ကုန်မျိုးစုံ၊ ထောက်ခံချက် မရှိ ဒေသထုတ် စားသောက်ကုန်မျိုးစုံ၊ FDAတားမြစ်ထားသော ဘုတ်ဆုံမ တံဆိပ် အရောင်တင်မှုန့်နှင့် မဆလာ



ထုတ်များ စုစုပေါင်း ကာလတန်ဖိုး ကျပ် ၃၇၇၀၀၀ အားတွေ့ရှိ၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ သိမ်း ဆည်းခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ အောက်တိုဘာ ၂၆ ရက်က စားသုံးသူ အကာအကွယ်ပေး ရေး ဗဟိုကော်မတီမှ ထုတ်ပြန်ကြေညာ ထားသော ကုန်စည်(၉)မျိုးအား ထုတ် လုပ်ခြင်း ကုန်သွယ်ခြင်းပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသို သိမ်း ဆည်းပုံအညွှန်း၊ ဓာတ်မတည့် ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိ ပေးချက်၊ ဘေးထွက်ဆိုးကျိုးများအား မြန်မာဘာသာဖြင့် ဖော်ပြပေးရမည်ဖြစ် ကြောင်း လိုက်နာခြင်းမရှိပါက အဆိုပါ ထုတ်ပြန်ကြေညာချက် ခြောက်လပြည့် သည့်နေ့ နောက်ပိုင်း စစ်ဆေးတွေ့ရှိပါ က စားသုံးသူ အကာအကွယ်ပေးဥပဒေ ပုဒ်မ (၁၉) အရ အရေးယူခြင်းခံရမည် ဖြစ်ကြောင်းကိုလည်း စတိုးဆိုင်နှင့် ကုန်စုံ ဆိုင် ပိုင်ရှင်များအား ရှင်းလင်းဆွေးနွေး ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရန်နောင် (ကျိုင်းတုံ)**

## မွန်ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့၏ (၅/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ မွန် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၅/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင် ဘာလ ၆ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးဝဏ္ဏကျော် (ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)က အဖွင့် အမှာစကားပြောကြားခဲ့ပြီး မွန်ပြည် နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ ခေတ္တ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က ၂၀၁၈-၂၀၁၉ ပထမ (၆)လပတ်အတွင်း လုပ်ငန်းဆောင်ရွက်ရန် လျာထားချက် နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အောက်တိုဘာလအတွင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက် အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ယခု အစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များအား ရှင်းလင်း တင်ပြပါ သည်။ ထို့နောက် တက်ရောက်လာသူ များမှ အစည်းအဝေးတွင် ဆုံးဖြတ် ရမည့်အချက်များအား ဝိုင်းဝန်း ဆွေး နွေးဆုံးဖြတ်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ မွန် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့၊ ဥက္ကဋ္ဌ ၊အတွင်းရေးမှူး၊ အဖွဲ့ ဝင်များနှင့် လုပ်ငန်းကော်မတီ (၂) ရပ် တို့မှ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် များ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး (မွန်)**

# ရန်ကုန်အနောက်ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၈) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်(၈) ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နယ်အုပ်ချုပ်ရေးမှူး ၁၃ ဦးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးဇော်စိုးမှ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ စားသုံးသူပြည်သူများသည် အစားအသောက်၊ အသုံး အဆောင်နှင့် ဝန်ဆောင်မှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ သုံးစွဲနိုင်ရန် လိုအပ်ကြောင်း၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ သာမက ပြည်သူအားလုံးနှင့် သက်ဆိုင်သော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ဈေး၊ ရပ်ကွက်နှင့် ကျောင်းများသို့ ကွင်းဆင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာ လိုက်ပါစေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်ဌေးမှ (၁၀/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အသေးစိတ် ရှင်းလင်းဆွေးနွေးရာ အောက်တိုဘာလတွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောခြင်း (၈)ကြိမ်၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဖြင့် စည်ပင်သာယာဈေး စစ်ဆေးခြင်း(၂) ကြိမ်၊ ကျောင်းဈေးစစ်ဆေးခြင်း (၁) ကြိမ်၊ စည်ပင်ဈေးစစ်ဆေးခြင်း (၁) ကြိမ်နှင့် မိတ်ဖက် ဌာနများနှင့် ကွင်းဆင်းခြင်း ၁ ကြိမ်၊ စုစုပေါင်း ၅ ကြိမ် ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော FDAမှ ဘူးသွင်းစားသုံးဆီများ၏ အမှတ်တံဆိပ်တွင် ဖော်ပြထားသော ပါဝင်ပစ္စည်း ဖော်ပြချက်နှင့် Iodine Value ကိုက်ညီမှုမရှိကြောင်းနှင့် မြေပဲဆီဓာတုအနံ့(Essence)များ ရောနှောထည့်သွင်းထားသော စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် စံမညီစားသုံးဆီ အမှတ်တံဆိပ် ၁၃ မျိုးတို့တွင် လာဘ်ရွှင်၊ ဧကရာဇ်၊ သူဌေးမင်း ယင်းအမှတ်တံဆိပ်ပါ စားသုံးဆီများကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း (Market Recall)ပြုလုပ်စေခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များ၏အမှတ်တံဆိပ်တွင် သုံးစွဲပုံအညွှန်း၊ ထားသို သိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက် ဘေးထွက်ဆိုးကျိုးနှင့်ပတ်သက်သော သတင်းအချက်အလက် ရေးသားမှုများကို မြန်မာဘာသာဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထိုသို့ ဆွေးနွေးခဲ့ပြီး နိုဝင်ဘာလအတွင်း အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်မည့် လျာထားချက်များကို ဆွေးနွေးခဲ့ပါသည်။ တက်ရောက်လာကြသော ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**West Doca Yangon**

# အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သဃ်န်းကျွန်းမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း (သုဝဏ္ဏ) တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာလ ၆ ရက်တွင် သဃ်န်းကျွန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (သုဝဏ္ဏ)သို့ သွားရောက်ပြီး စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများတွင် ကျင်းပပြုလုပ်ခဲ့ပြီး ထိုဟောပြောပွဲတွင် ဒု-ကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းက စားသုံးသူအကာအကွယ်ပေးရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများ၏ ကုန်စည်နှင့် ဝန်ဆောင် မှုများအပေါ် သုံးစွဲရာတွင် နစ်နာမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ (Consumer Information Complaint Center - CICC ) ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ Online Shopping နှင့်ပတ်သက်၍ တိုင်ကြားမှုအပေါ် ကွင်းဆင်း ဆောင်ရွက်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့်ထုတ်ပြန်ကြေညာခဲ့သော 'ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း' အချက်နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

ဆက်လက်၍ ဒု-ကြီးကြပ်ရေးမှူးဒေါ်အေးအေးမော်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကြော်ငြာထားသည့် စားသုံးရန်မသင့်သော အစားအသောက်များကို မစားသောက်ကြရန်၊ အစားအသောက်များကို ဝယ်ယူစားသောက်ရာတွင် သက်တမ်းလွန်အစားအသောက်များကို သတိပြု၍ စားသောက်ရန် အသိပညာပေး ဟောပြောခဲ့ပါသည်။ ဟောပြောပွဲအပြီးတွင် တာဝန်ခံ ဆရာ/ဆရာမများနှင့် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်စစ်ဆေးရာ ကလေးများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ၊ ဆိုးဆေးမပါဝင်သော အစားအစာများကိုရောင်းချရန် ဈေးသည်များအား အသိပညာပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သဲမောင်မောင်ကျော်ရှိန်**

# ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပခုက္ကူခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၆ ရက်က ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒု-ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ပခုက္ကူခရိုင်၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းအရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒု-ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးသန်းဦးက ယခင်လ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အစည်းအဝေး ဆုံးဖြတ်ချက်တွင် ပါဝင်သော ရေသန့်လုပ်ငန်းများကို ကော်မတီဝင်များဖြင့် ရေသန့်စက်များကို ကွင်းဆင်း စစ်ဆေးခဲ့ပါကြောင်း၊ ပခုက္ကူမြို့ပေါ် ရေသန့်စက်(၁၂)စက်ကို စစ်ဆေးရာ ရေသန့်စက် ၂ ခုမှာ မည်သည့် ထောက်ခံချက်မှ မရှိပါကြောင်း တွေ့ရှိရသဖြင့် ဆက်လက်မရောင်းချရန် ခံဝန်ကတိလက်မှတ် ရေးထိုးခဲ့ပါကြောင်း၊ လက်မှတ်ရေးထိုးထားသော အောင်ဘားမား သောက်ရေသန့်သည် ဈေးကွက်တွင် ဆက်လက် ထုတ်လုပ်ရောင်းချနေသည်ကိုတွေ့ရသဖြင့် ထပ်မံ၍ ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ပါကြောင်း၊ လိုက်နာမှုမရှိပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ(၁၉)ဖြင့် အပြစ်ပေး အရေးယူသွားမည်ဖြစ်ပါကြောင်း၊ တရားဝင် ပိတ်ပင်ထားသော Mikiko ချယ်ရီသီးဗူးများကို ဈေးကွက်တွင် တွေ့ရှိလျှင် သိမ်းဆည်းရမည်ဟု ညွှန်ကြားစာများ ထုတ်ပြန်ထားပါကြောင်း၊ ဈေးများ၊ ကုန်စုံဆိုင်များ၊ စူပါမားကတ်များတွင် တွေ့ရှိပါက ကော်မတီဝင်များအားလုံးဖြင့် သိမ်းဆည်းသွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များပေါ်တွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင် သတိပေးချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဟု စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပါကြောင်း၊ ကော်မတီအဖွဲ့များအနေဖြင့် သိရှိနိုင်စေရန် တင်ပြဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ စားသုံးသူအငြင်းပွားအဖွဲ့ဝင်များအနေဖြင့်လည်း အကြံပြုဆွေးနွေး၍ လိုအပ်သည့် အခက်အခဲများကိုလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များမှ သက်ဆိုင်ရာ ကဏ္ဍအသီးသီး အလိုက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် အမှုထမ်းဝန်ထမ်းများ သည် နိုဝင်ဘာ ၆ ရက်တွင် အင်းစိန်မြို့နယ်အတွင်းရှိ အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်းနှင့် မင်္ဂလာဒုံမြို့နယ် အတွင်းရှိအမှတ်(၁၁) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချမှုများအား ကွင်းဆင်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ်အတွင်းရှိအမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်းရှိ ခရေခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူး၊ ဒေါ်ထားထားလှိုင်က ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးအကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်းချက်ပါ စားသုံးသူ၏အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးရှိ (CICC)သို့ တိုင်ကြားလာသည့် ကုန်စည်/ဝန်ဆောင်မှုများအပေါ် မကျေနပ်မှုများကို ဖြေရှင်းဆောင်ရွက်ပြီးစီးခဲ့မှုများ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီက စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းပြုလုပ်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံစေရန်အတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံ အညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင် သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန် အမိန့်ကြေငြာစာကို ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသည့်နောက် (၆)လပြည့် မြောက်သည့်နေ့တွင် အာဏာသက်ရောက်မည်ဖြစ်သဖြင့် ကျောင်းသားလူငယ်များ ဗဟုသုတ ရရှိစေရန်ရည်ရွယ်၍ အသိပေး ပြောကြားထားခြင်းဖြစ်ကြောင်း ဟောပြောခဲ့ပါသည်။ အလားတူ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၁၁) အခြေခံပညာ အလယ်တန်းကျောင်း တွင် ဒုဦးစီးမှူး၊ ဒေါ်နီလာသန်းနှင့် အကြီးတန်းစာရေး၊ ဒေါ်နီလာဦးတို့ကလည်း ကောင်း၊ အမှတ် (၁၀) အခြေခံပညာမူလတန်းကျောင်းရှိ ပိတောက်ဆောင်တွင် ဒုတိယခရိုင်ဦးစီးမှူး၊ ဒေါ်ထားထားလှိုင်ကလည်းကောင်း အသီးသီးစားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခြင်းနှင့် စားသုံးရန်မသင့် သော အသိပညာပေး Venly ကို ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများထံ လှူဒါန်းကာ တာဝန်ခံဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထားလှိုင် (ရန်ကုန်)**



## ပူးမားက စတာလင်း၊ ဆာနေး၊ ကွန်ပနီတို့နှင့် စပွန်ဆာစာချုပ် ချုပ်ဆိုမည်

ကမ္ဘာကျော် အားကစားပစ္စည်းများ ထုတ်လုပ်သည့် ပူးမားကုမ္ပဏီသည် အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်း ကစားသမားများဖြစ်သည့် တောင်ပံကစားသမား စတာလင်း၊ ဆာနေးနှင့် နောက်ခံကစားသမား ကွန်ပနီတို့ကို လာမည့်နှစ် ရာသီအစတွင် တစ်နှစ်လျှင် ပေါင်သန်း ၅၀ တန်စပွန်ဆာ ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ဂျာမန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ပိုင်ဆိုင်သည့် ပူးမားကုမ္ပဏီကို ၁၉၄၈ ခုနှစ်ကပင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် ပူးမား၏သက်တမ်းမှာ နှစ်ပေါင်း ၇၀ ပင်ရှိလာခဲ့ပြီဖြစ်သည်။ ပူးမားကုမ္ပဏီသည် အားကစားပစ္စည်းများ ထုတ်လုပ်ဖြန့်ချိရာတွင် အက်ဒီးဒစ်ကုမ္ပဏီနှင့် အပြိုင် အောင်မြင်မှုရရှိနေသည့် ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ ပူးမားသည် ယခင်ကလည်း မန်စီးတီးအသင်း ကစားသမားများဖြစ်သည့် တိုက်စစ်မှူး အဂူရို၊ ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားတို့နှင့်လည်း စပွန်ဆာစာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။ ထို့ပြင် ပူးမားသည် မန်စီးတီးအသင်း၏ အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ဒီဘိုင်းနှင့်လည်း စပွန်ဆာစာချုပ် ချုပ်ဆိုသွားနိုင်ရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ထပ်မံဖော်ပြထားသည်။

## အာဆင်နယ်အသင်း တိုက်စစ်မှူး ဝဲလ်ဘက် ခြေချင်းဝတ်ကျိုး ဒဏ်ရာရရှိ

အာဆင်နယ်အသင်း၏ တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဝဲလ်ဘက်သည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ခြေချင်းဝတ်ကျိုးဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ကာလအတန်ကြာ အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

ဝဲလ်ဘက်သည် စပို့တင်းလစ္စဘွန်းအသင်းနှင့် ဂိုးမရှိ သရေကျခဲ့သည့် ယင်းပွဲစဉ်တွင် ပထမပိုင်း ပွဲချိန် မိနစ် ၃၀ မှာပင် စပို့တင်းလစ္စဘွန်းအသင်း ကစားသမားနှင့် ထိခိုက်မိပြီး ခြေချင်းဝတ်ကျိုးခဲ့ခြင်းကြောင့် တိုက်စစ်မှူးတစ်ဦးဖြစ်သူ အူဘာမီယန်းနှင့် လူစားလဲခဲ့ရခြင်းဖြစ်သည်။

ဝဲလ်ဘက်၏ ယခုရရှိသောဒဏ်ရာမှာ ပြင်းထန်မှုရှိခြင်းကြောင့် ဆေးရုံသို့ချက်ချင်း ပို့ဆောင်ဆေးကုသပေးခဲ့ရသည်။ ဒဏ်ရာအနေအထားကို တိတိကျကျ မသိရသေးသော်လည်း အာဆင်နယ်အသင်း ဆရာဝန်ကမူ ဝဲလ်ဘက်၏ ဒဏ်ရာမှာ ပြင်းထန်ကြောင်း၊ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း၊ သို့သော် မည်မျှကြာသည်အထိ အနားယူရမည်ကို မသိရှိရသေးကြောင်း ပြောဆိုခဲ့သည်။

ဆာအင်နယ်အသင်း နည်းပြ အူနိုင်းအမ်မရီကမူ ဝဲလ်ဘက် ဒဏ်ရာရသွားခြင်းမှာ အသင်းအတွက် များစွာနစ်နာလှကြောင်း၊ သူအမြန်ဆုံး ပြန်ကောင်းလာရန် ဆုတောင်းပေးနေကြောင်း ပြောကြားခဲ့သလို အသင်းကစားဖော်များကလည်း ဝဲလ်ဘက်အတွက် ဝိုင်းဝန်းဆုတောင်းပေးနေကြောင်း ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။



ဟန်နေသစ် စုစည်းသည်

## ဝီလ်ဆင်ကိုခေါ်ယူရန် ချယ်လ်ဆီးအသင်း ကမ်းလှမ်းထားဟုဆို



ချယ်လ်ဆီးအသင်းသည် တိုက်စစ်ပိုင်းကိုအားဖြည့်ရန်အတွက် ဘုန်းမောက်အသင်းမှ အင်္ဂလန်နိုင်ငံသား ဝီလ်ဆင်ကိုခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးဘဲ ရလဒ်ကောင်းပြီး အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသော်လည်း တိုက်စစ်ပိုင်း အားနည်းမှုများရှိနေသည်။ ကွင်းလယ်ကစားသမားများ၏ အားနှင့်သာ နိုင်ပွဲဆက်ပြီး ရလဒ်ကောင်းနေသည့် ချယ်လ်ဆီးအသင်းသည် တိုက်စစ်ပိုင်းကို မဖြစ်မနေ ပြောင်းလဲရမည်ဖြစ်သည်ကို နည်းပြဆာရီကလည်း ကောင်းကောင်းနားလည်သည်။

ထို့ကြောင့် နည်းပြ ဆာရီအနေဖြင့် အသက်(၂၆)နှစ်ရှိ ဘုန်းမောက်တိုက်စစ်မှူး ဝီလ်ဆင်ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန် ယခုကတည်းက ကြိုတင်ကမ်းလှမ်းထားခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ဝီလ်ဆင်ကို ခေါ်ယူရန် ကမ်းလှမ်းနေသည်ဟုဆိုသော်လည်း ၎င်းကစားသမား၏ ပြောင်းရွှေ့ကြေးကိုမူ ထုတ်ဖော်ပြောဆိုထားခြင်း မရှိကြောင်း သိရသည်။

## ပက်ဒရိုကို ခေါ်ယူရန် ဝက်ဖို့ဒ်အသင်း သဘောတူညီမှုရရှိထား

ပရီးမီးယားလိဂ်ကလပ် ဝက်ဖို့ဒ်အသင်းသည် ဖလူမီနင်ဆီအသင်းမှ ဘရာဇီးလူငယ်ကစားသမား ပက်ဒရိုကို ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သိရသည်။

ဝက်ဖို့ဒ်အသင်းသည် ယခုနှစ်ရာသီတွင် တိုက်စစ်ပိုင်းကို ပြင်ဆင်လာမှုနှင့်အတူ ရလဒ်ပိုင်း ကောင်းမွန်အောင် ပြင်ဆင်လာခဲ့ရာလက်ရှိ ပရီးမီးယားလိဂ် ပွဲစဉ်(၁၁) အပြီးတွင် ခြောက်ပွဲ



နိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးဖြင့် အဆင့်(၈)တွင် ရပ်တည်နေသည်။

ဝက်ဖို့ဒ်အသင်းနည်းပြ ဂျာဗီဂါစီယာအနေဖြင့် မိမိအသင်းကို ရာသီကုန်တွင် အဆင့်(၁၀)အတွင်း ရပ်တည်နိုင်အောင် ကြိုးပမ်းနေရာ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် ကစားသမားကောင်းများကို ထပ်မံခေါ်ယူအားဖြည့်သွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဝက်ဖို့ဒ်အသင်းနည်းပြ ဂျာဗီဂါစီယာသည် အသက်(၁၇)နှစ်သာ ရှိသေးသည့် ပက်ဒရိုကို ခေါ်ယူနိုင်ရေးအတွက် အလုံးစုံ သဘောတူညီမှုများ ရရှိထားပြီးဖြစ်သလို ဝက်ဖို့ဒ်အသင်းသည် ၎င်းကစားသမားကို ကနဦးတွင် ၂၀၂၀ ပြည့်နှစ်အထိသာ စာချုပ်ချုပ်ဆိုသွားရန် ပြင်ဆင်ထားကြောင်းလည်း သိရသည်။



## လီဗာပူးအသင်း ချန်ပီယံဖြစ်နိုင်ဟု ဂိုးသမား အလစ်ဆန် ပြောကြား

လီဗာပူးအသင်း ဂိုးသမား အလစ်ဆန်က မိမိတို့အသင်းမှာ လက်ရှိပရီးမီးယားလိဂ် ပွဲစဉ်(၁၁) အပြီးတွင် မန်စီးတီး၊ ချယ်လ်ဆီးအသင်းတို့၏ နောက်တွင် တတိယနေရာ၌သာ ရပ်တည်နေသော်လည်း ရာသီအကုန်တွင် ချန်ပီယံဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ လီဗာပူးအသင်းသည် ယခုနှစ်ရာသီတွင် ပရီးမီးယားလိဂ်အသင်းများထဲ၌ ပြင်ဆင်မှုအားအကောင်းဆုံး အသင်းဖြစ်သလို တိုက်စစ်ပိုင်းကလည်း အကောင်းဆုံးအသင်းထဲတွင် ပါဝင်နေသည်။ အရန်အင်အားတောင့်တင်းမှုနှင့်အတူ ကစားအားကောင်းနေသည့် လီဗာပူးအသင်းသည် မန်စီးတီး၊ ချယ်လ်ဆီးအသင်းတို့နှင့်အတူ ရှုံးပွဲမရှိသေးသော်လည်း သရေပွဲသုံးပွဲရှိလာခဲ့ခြင်းကြောင့် အမှတ်ပေးဇယား တတိယနေရာသို့ ဆင်းခဲ့ရခြင်းလည်းဖြစ်သည်။

လီဗာပူးဂိုးသမား အလစ်ဆန်က 'ကျွန်တော်တို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရလဒ်ကောင်းဖို့ ကြိုးစားနေသလို ပရီးမီးယားလိဂ်မှာလည်း ချန်ပီယံဖြစ်ဖို့ ကြိုးပမ်းနေပါတယ်။ ပရီးမီးယားလိဂ်ဟာ ပြိုင်ဆိုင်မှု ပြင်းထန်သလို ကစားသမားအင်အားတောင့်တင်းပြီး အကောင်းဆုံးပုံစံမှာရှိနေတဲ့ မန်စီးတီးအသင်းကို ကျော်ဖြတ်ဖို့ဆိုတာ လွယ်ကူတဲ့အနေအထားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့အသင်းမှာ ထိပ်တန်းကစားသမားတွေရှိနေသလို အတော်ဆုံးနည်းပြလည်း ရှိနေပါတယ်။ ဒါကြောင့် လက်ရှိမှာ ခြေစွမ်းကျနေတယ်လို့ ဝေဖန်ခံနေရပေမယ့် ချန်ပီယံဖြစ်ဖို့တော့ အခွင့်အရေးတွေ ရှိနေပါသေးတယ်။ မကြာခင်မှာ ကျွန်တော်တို့အသင်းရဲ့ အကောင်းဆုံးခြေစွမ်းတွေကို ပြန်လည်မြင်တွေ့ရတော့မှာပါ'ဟု ပြောကြားသည်။



# မြေဆီလွှာပျက်သုဉ်းခြင်းကို အံတု၍

## အောင်ဆန်း (စိုက်ပျိုးရေး)

မြေဆီလွှာပျက်သုဉ်းခြင်းဆိုသည်မှာ မြေဆီလွှာ၏ဂုဏ်သတ္တိများဖြစ်သော ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများ ပျက်စီးသွားခြင်းပင်ဖြစ်သည်။ ဤသို့ မြေဆီလွှာပျက်စီးဆုံးရှုံးရခြင်းသည် သီးနှံစိုက်ပျိုးသည့် နည်းစနစ်မမှန်ကန်ခြင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေတိုက်စားခြင်း၊ လေတိုက်စားခြင်း၊ တောမီးလောင်ခြင်းစသည့် အကြောင်းတရားများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် မြေဆီလွှာပျက်သုဉ်းခြင်းဒဏ်ကို ဟက်တာသန်းပေါင်းများစွာ ခံစားနေရသည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ထောက်ပြထားသည်။ မြေဆီလွှာပျက်သုဉ်းခြင်းကို ဂရုမမူ၊ လျစ်လျူရှုထားကြမည်ဆိုပါက နောင်နှစ်အတန်ငယ်ကြာကာလတွင် မြေဆီလွှာပျက်သုဉ်းသည့် ပမာဏ ၅ ဆကျော်ခန့် မြင့်တက်လာမည်ဟုလည်း အဆိုပါအဖွဲ့မှ ခန့်မှန်းထားသည်။

တရုတ်နိုင်ငံတွင် ရေတိုက်စားခြင်း၊ လေတိုက်စားခြင်းကြောင့် သီးနှံစိုက်ပျိုးမြေများ မြေဆီလွှာ ခန်းခြောက်ပျက်စီးရသည်ဟု ဆိုသည်။ တောင်အာဖရိကနိုင်ငံအချို့တွင် သီးနှံစိုက်ပျိုးနည်းစနစ်မမှန်ကန်မှုကြောင့် မြေဆီလွှာများ အာဟာရခမ်းခြောက်ပြီး လွင်တီးခေါင်ဖြစ်ရသည့် ပြဿနာနှင့် ကြုံတွေ့နေကြရသည်ဟု ဆိုသည်။ ကမ္ဘာအချို့နိုင်ငံများတွင်လည်း မြေဆီလွှာပျက်သုဉ်းမှု ဒဏ်ကိုခံစားနေကြရပြီး အဆိုပါ ပြဿနာကို ကုစားရန် ကြိုးပမ်းလျက် ရှိနေကြသည်။

မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးခြင်း၊ တောမီးလောင်ခြင်းကြောင့် သဘာဝဂေဟာစနစ်ပျက်စီးပြီး မြေဆီလွှာများ ပျက်သုဉ်းရသည်ဟု သစ်တောပညာရှင်များက ထောက်ပြထားသည်။

သီးနှံစိုက်ပျိုးသည့် စနစ်မမှန်ကန်မှုကြောင့် မြေဆီလွှာ ပျက်သုဉ်းမှုဖြစ်ပွားရခြင်းတွင် စနစ်မကျသော ရွှေ့ပြောင်း တောင်ယာစနစ်များလည်း ပါဝင်သည်။ မြေဆီလွှာအတွင်းမှ အာဟာရဓါတ်များနှင့် အစိုဓါတ်ကိုလွန်မင်းစွာ စုပ်ယူသော ယူကလစ်ပင်စိုက်ပျိုးခြင်းသည် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိပါ ပျက်စီးစေသည်။ ယူကလစ်စိုက်ခင်းများအောက်ရှိ မြေဆီလွှာကို ကြည့်လျှင် ခြောက်သွေ့ပြီး မြေဆီလွှာမဲ့ ရုပ်သွင်ဖြစ်နေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာခရိုင်၊ မင်းဘူးခရိုင်၊ စစ်ကိုင်းခရိုင်တို့တွင် သီးနှံစိုက်ပျိုး၍မရသော လွင်တီးခေါင်မြေများ များစွာတွေ့ရှိရသည်။ သီးနှံပုံစံစိုက်ပျိုးရေးတွင်လည်း သီးနှံတစ်ခု နှစ်ကြာရှည်စွာ စိုက်ပျိုးခြင်းသည်လည်း မြေဆီလွှာပျက်သုဉ်းခြင်း၏ အကြောင်းတရားဖြစ်သည်ကို တွေ့ရှိရသည်။ သီးနှံကို သီးလှည့်စနစ်ဖြင့် စနစ်တကျစိုက်ပျိုးရန် လိုအပ်ပါသည်။ သီးနှံတစ်မျိုးတည်းကို နှစ်စဉ်ဆက်တိုက်စိုက်ပျိုးလာပါက (၈) နှစ်မြောက်သောနှစ်မှစ၍ မြေဆီလွှာဂုဏ်သတ္တိ (၃) မျိုးစလုံး ယုတ်လျော့ပြောင်းလဲလာခြင်း (သဲဆန်လာခြင်း၊ အာဟာရဓာတ်များ လျော့နည်းလာခြင်း၊ မြေချဉ်ငန် ကိန်းလွန်ကဲလာခြင်း)ကြောင့် သီးနှံအထွက်နှုန်းလည်း သိသိသာသာ ကျဆင်းလာသည်ဟု စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း၏ သုတေသနရလဒ်က ဆိုထားပါသည်။ မြေဆီလွှာအတွင်းရှိ အစိုဓာတ်နှင့် အစာအဟာရ အလွန်အစားကြီးသော အစေ့ထုတ်ပြောင်းကို စိုက်ပျိုးမည်ဆိုပါက မြေဆီလွှာပျက်သုဉ်းရန် သေချာနေသဖြင့် အထူးဂရုပြုရန် လိုအပ်ပါသည်။

သီးနှံပုံစံမှန်ကန်အောင် စိုက်ပျိုးခြင်းသည်လည်း မြေဆီလွှာပျက်သုဉ်းခြင်းကို အကာအကွယ်ပေးသည်။ စပါး-ပဲမျိုးစုံ-စပါး၊ စပါး-ဆီထွက်-စပါး သီးနှံပုံစံများသည် တောင်သူလယ်သမားများ အတွက် ငွေတစ်ကျပ်ရင်းနှီးလျှင် နှစ်ကျပ် ပြန်လည်ရနိုင်သည့်အပြင် မြေဆီလွှာကို ကောင်းမွန်အောင်ထိန်းသိမ်းထားနိုင်သည်ဟု ဆိုပါသည်။ သီးနှံစိုက်ပျိုးစနစ်မမှန်ကန်မှုကြောင့် မြေဆီလွှာပျက်သုဉ်းခြင်းဆိုးကျိုးတရားများ ဖြစ်ပေါ်ရခြင်းမှာ မြေဆီလွှာအတွင်းသို့ သီးနှံများက ထုတ်နုတ်စားသုံးသွား၍ ကုန်ခမ်းသွားသော အာဟာရဓာတ်များကို ပြန်လည်ဖြည့်ဆည်းပေးခြင်း မရှိခြင်းက ကြီးစွာသော မြေပျက်သုဉ်းမှုကို ဖြစ်ပေါ်စေပါသည်။

မြေဆီလွှာအတွင်းတွင် သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်ပြီး အထွက်ကောင်းနေစေရန်အတွက် မြေဆွေးဓါတ် ၁ ဒသမ ၅-၂ ရာခိုင်နှုန်းထိ ပါဝင်စေရန် လိုအပ်သည်။ သီးနှံပင်များ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းနေစေရန်အတွက် မြေဆီလွှာအတွင်း အာဟာရ ဓာတ် (၁၆) မျိုးပြည့်ဝနေရန် လိုအပ်ပါသည်။ ဤသည်မှာ ဓာတ်ဂုဏ်သတ္တိ ပြည့်စုံနေခြင်းဖြစ်ပါသည်။

ရူပဂုဏ်သတ္တိပြည့်ဝခြင်းတွင် မြေဆွေးဓာတ်ပြည့်ဝခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ မြေ၏ရုပ်မစေးလွန်း၊ မဖွယ်လွန်းခြင်း၊ မြေချဉ်ငန်ကိန်းသမခြင်း၊ ရေထိန်းအားကောင်းခြင်း၊ ထယ်ထိုး ထွန်ယက်ရန် လွယ်ကူခြင်းတို့ဖြင့် ပြည့်စုံနေခြင်းဖြစ်သည်။ ဇီဝဂုဏ်သတ္တိတွင် မြေဆီလွှာအတွင်း မြေဆွေးဓာတ်ပြည့်ဝနေပြီး အကျိုးပြု အဏုဇီဝပိုးများ ရှင်သန်ပွားများနေနိုင်ခြင်းပင် ဖြစ်ပါသည်။ မြေဆီလွှာသည် ဇီဝဂုဏ်သတ္တိနှင့် ပြည့်စုံနေမှသာ မြေဆီလွှာအတွင်းရှိ ဖော့စပရပ်ဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ ကယ်လ်စီယမ်ဓာတ် စသည့်ဓာတ်များသည် အခြားအလျူမီနီယမ်၊ ဇင့်ကဲ့သို့သောဓာတ်များ၏ ဆွဲချုပ်ခံရမှုမှ ကင်းလွတ်နိုင်ပြီး အပင်၏အမြစ်မှ လွယ်ကူစွာ စားသုံးနိုင်သည့် အကျိုးတရားရရှိနိုင်သည်။

သီးနှံပင်များ စိုက်ပျိုးပြီး ရိတ်သိမ်းချိန်တွင် မြေဆီလွှာအတွင်းမှာရှိသော အာဟာရဓာတ်များကို ထုတ်နုတ်စားသုံးသွားသည်။ ဤသို့ဖြင့် သီးနှံပင်များ ရိတ်သိမ်းတိုင်း မြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များ တဖြည်းဖြည်း ယုတ်လျော့ကုန်ဆုံးသွားသည်။ စပါးသီးနှံရိတ်သိမ်းသည့်အခါ နိုက်ထရိုဂျင်ဓာတ် ၄၀ ရာခိုင်နှုန်း၊ ဖော့စဖရပ်ဓာတ် (၃၀-၃၅) ရာခိုင်နှုန်း၊ ပိုတက်စီယမ်ဓာတ် (၈၀-၈၅) ရာခိုင်နှုန်း၊ ဆာလ်ဖာဓာတ် (၄၀-၅၀) ရာခိုင်နှုန်း ထုတ်နုတ်စားသုံးသွားသည်။ အစေ့ထုတ်ပြောင်းရိတ်သိမ်းသည့်အခါတွင် နိုက်ထရိုဂျင်ဓာတ် (၁၁၄) ပေါင်၊ ဖော့စ်ဖရပ်ဓါတ် (၄၃) ပေါင်၊ ပိုတက်စီယမ်ဓါတ် (၁၂၅) ပေါင် ထုတ်ယူစားသုံးသွားသည်။ အားလူးသီးနှံဖော်သည့်အခါ နိုက်ထရိုဂျင်ဓာတ် (၇၆) ပေါင်၊ ဖော့စ်ဖရပ်ဓာတ် (၂၇) ပေါင်၊ ပိုတက်စီယမ်ဓာတ် (၁၂၅) ပေါင် စုပ်ယူစားသုံးသွားသည်။ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်ရိတ်သိမ်းသည့်အခါ နိုက်ထရိုဂျင်ဓာတ် (၁၀၂) ပေါင်၊ ဖော့စ်ဖရပ်ဓါတ် (၈၀) ပေါင်၊ ပိုတက်စီယမ်ဓာတ် (၇၅) ပေါင် ထုတ်နုတ် စားသုံးသွားသည်ဟု သုတေသန ရလဒ်များက ဆိုပါသည်။ ၎င်းအပြင် အဆိုပါ အာဟာရဓာတ်များအပြင် မြေဆွေးဓာတ်များကိုလည်း ရိတ်ယူစားသုံးသွားသည်ဟု ဆိုပါသည်။

ဤသို့ဖြင့် မြေဆီလွှာသည် သီးနှံပင်များ စိုက်ပျိုးလိုက်၊ ရိတ်သိမ်းလိုက်နှင့် နှစ်စဉ်တစ်သီးသာ စိုက်ပျိုးပါက တစ်ကြိမ် နှစ်သီး၊ သုံးသီး၊ သီးထပ်စိုက်ပျိုးပါက နှစ်ကြိမ်သုံးကြိမ်၎င်း၏ ရင်တွင်းမှ အာဟာရဓာတ်များနှင့် မြေဆွေးဓာတ်များကို နုတ်ယူစားသုံးခြင်းကို ခံစားနေရခြင်းဖြစ်သည်။ အဆိုပါ နုတ်ယူစားသုံးခံသွားရသော အာဟာရဓာတ်များ၊ မြေဆေးဓါတ်များကို အလုံအလောက် မှန်မှန်ပြန်လည်ဖြည့်တင်းပေးခြင်းမပြုလုပ်ကြလျှင် ငွေစုထားသော စုဘူးကို ထုတ်သုံးနေပြီး ပြန်လည်မစုလျှင် နောက်ဆုံးစုဘူးအခွံသာ ကျန်တော့သကဲ့သို့ မြေဆီလွှာအခွံသာကျန်တော့သည့်အဖြစ်နှင့် ကြုံလာရခြင်းဖြစ်သည်။ မြေဆီလွှာပျက်သုဉ်းလာပြီး မြေကန်းသွားခြင်းဖြစ်ပေါ်စေသည်။ မြေဆီလွှာသည် မြေနှင့် သီးနှံဟန်ချက်ညီအောင် ဆက်စပ်ဆောင်ရွက်ပေးနေမည်ဆိုလျှင် သုံးလခွဲ၊ လေးလ တစ်ကြိမ် ငွေစက္ကူများ ရိုက်ထုတ်ပေးနေသည့် စက်ရုံကြီးတစ်ရုံပမာ လွန်စွာတန်ဖိုး အနဂ္ဃထိုက်လှပေသည်။ ဤမျှတန်ဖိုးကြီးလှသော မိမိပိုင်မြေဆီလွှာအား မပြုမပြင်လျစ်လျူရှု၍နေကြမည်ဆိုလျှင် အဖိုးအနဂ္ဃထိုက်သည့် ရတနာတစ်ပါး ဆုံးရှုံးရဘိအလား ခံစားကြရမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မြေဆီလွှာ ပျက်သုဉ်းခြင်းကိုအံတု၍ တွန်းလှန်ကုစားရန် ကြိုးပမ်းနေလျက်ရှိကြသည်။ မြေဆီလွှာကုစားခြင်းကို အထူးအလေးထားဆောင်ရွက်နေသည့် လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ထားကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)မှလည်း ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် မြေဆီလွှာ ပျက်သုဉ်းမှုများကို အထူးအလေးထားဆောင်ရွက်ကြရန် နှိုးဆော်ထားသည်ကို တွေ့ရှိရသည်။

အစ္စရေးနိုင်ငံတွင် သဲကန္တာရများကို စက်ယန္တရားများဖြင့် ဖယ်ရှားပြီး မြေဆွေးတန်သန်းနှင့်ချီထည့်သွင်း၍ သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးလျက်ရှိသည်။ မြေဆီလွှာကို အံတုကုစား၍ အောင်မြင်မှုရရှိနေခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် တောင်စောင်း၊ ကျောက်တောင်ကျောက်စွန်းမြေများကို မြေခွက်၊ မြောင်းများအဖြစ် ဖန်တီးပြီး မြေဆွေးထည့်၍ သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည်။ အိန္ဒိယနိုင်ငံတွင် မြို့ပြအမှိုက် (သစ်ရွက်၊ သစ်ပင်)၊ သီးနှံအကြွင်းအကျန်များကို နွားချေး၊ တိရစ္ဆာန် အညစ်အကြေးနှင့်ရော၍ ၎င်းအပေါ်သို့မြစ်ချောင်းအင်းအိုင်များမှ နုန်းများကို စက်ကြီးများဖြင့် မှုတ်တင်ပြီး မြေဆွေးပုံပြုလုပ်သည်။ ဆွေးမြေ့သွားသောအခါ မြေဆွေးများကို မြေဆီလွှာပျက်သုဉ်းမှုကို ကုစားရန် တန်သန်းနှင့်ချီ၍ အသုံးပြုခဲ့သည်။ ဂျပန်နိုင်ငံတွင် လူ၊ တိရစ္ဆာန်အညစ်အကြေး၊ မြို့ပြအမှိုက်သရိုက်၊ သီးနှံအကြွင်းအကျန်၊ အဖျင်းအမှော်များကို မြေဆွေးအဖြစ် ဖန်တီး၍ မြေဆီလွှာပျက်သုဉ်းခြင်းကို အံတု၍ ကုစားလျက်ရှိသည်။ သီးနှံများ၏ အထွက်နှုန်းများသည်လည်း စံတင်ရပေသည်။

မြန်မာနိုင်ငံတွင် မြေဆီလွှာ ပျက်သုဉ်းခြင်း ဖြစ်ပေါ်ရသည်မှာ ဆယ်စုနှစ်ခန့်ရှိခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်လျက်ရှိသည်ကိုသတိမမူမိကြပေ။ မြန်မာနိုင်ငံတွင် မြေဆီလွှာပျက်သုဉ်းခြင်းကို ကုစားရန် လယ်၊ ယာမြေများသို့ သီးနှံအမှော်အမှိုက်၊ မြေဆွေး၊ တိရစ္ဆာန် အညစ်အကြေးများထည့်သည့် အလေ့အထ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရသည်။ သို့အတွက် မြန်မာနိုင်ငံရှိ စပါးအပါအဝင် သီးနှံများ၏ အထွက်နှုန်းများသည်လည်း နိမ့်ကျခဲ့ရသည်ကို တွေ့မြင်နေရပြီ ဖြစ်သည်။

ဤသို့ဆိုလျှင် မြန်မာနိုင်ငံ၏ လယ်၊ ယာမြေများ၏ မြေဆီလွှာပျက်သုဉ်းခြင်းကို အံတု၍ကုစားရန် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် မြေဆီလွှာပျက်သုဉ်းခြင်းကို အံတု၍ ကုစားရန် နည်းလမ်းများကို ဆွေးနွေးပါမည်။ အဆိုပါနည်းလမ်းများမှ (၁) မှန်ကန်သော သီးနှံစိုက်ပျိုးစနစ်ကျင့်သုံးရန် (၂) မှန်ကန်သော သီးနှံပုံစံများဖြင့် စိုက်ပျိုးရန် (၃) မြေဆီလွှာအတွင်းသို့ သဘာဝမြေဆွေး၊ တိရစ္ဆာန်အညစ်အကြေးမြေဆွေးများထည့်ရန် (၄) မြို့ပြ အမှိုက်သီးနှံအကြွင်းအကျန်အဖျင်းအမှော်များထည့်ရန် (၅) သစ်စိမ်းမြေဩဇာရရှိနိုင်သော အပင်များစိုက်ပျိုးရန် (၆) မြစ်ချောင်း အင်းအိုင်များမှ နုန်းများထည့်ပေးရန်တို့ ဖြစ်ပါသည်။

သဘာဝမြေဆွေးထည့်ရာတွင် နွားချေး၊ ကြက်ချေးနှင့် အခြားတိရစ္ဆာန်အညစ်အကြေးများကို အသုံးပြုသင့်သည်။ ကောင်းစွာ ဆွေးမြေ့နေသော နွားချေးတွင် နိုက်ထရိုက်ဂျင်ဓါတ် ၁ ဒသမ ၄ ရာခိုင်နှုန်း၊ ဖောစ်ဖရိတ်ဓါတ် ၂ ဒသမ ၁ ရာခိုင်နှုန်း၊ ပိုတက်စီယမ်ဓာတ် ၁ ဒသမ ၃ ရာခိုင်နှုန်း၊ ကယ်လ်စီယမ်ဓာတ် ၂ ဒသမ ၆ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ်ဓာတ် သုညဒသမ ၂ရာခိုင်နှုန်း၊ ဆာလ်ဖာဓာတ် ၁ဒသမ ၆ ရာခိုင်နှုန်း

**စာမျက်နှာ (၃၂)သို့**

# ပြန်လည်ပြင်ဆင်ပြီးသည့် တောင်ကိုရီးယား-အမေရိကန် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်အား အတည်ပြုလက်မှတ်ရေးထိုး

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်တို့သည် ပြန်လည်ပြင်ဆင်ပြီးဖြစ်သည့် ၎င်းတို့နှစ်နိုင်ငံ ကြား ကိုရီးယား-အမေရိကန် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို စက်တင်ဘာလ ၂၄ ရက်က လက်မှတ် ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ဆွေးနွေးညှိနှိုင်းမှု သုံးကြိမ် ပြုလုပ်ပြီးနောက် ပြန်လည်ပြင်ဆင်ပြီး လွတ်လပ်သော ကုန်သွယ်ရေးသဘော တူညီချက်ကို ၂၀၁၈ ခုနှစ် မတ်လတွင် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်နှင့် နှစ်နိုင်ငံ အကျိုးတူ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ဆောင်ရွက်သွားမည်ဟု ပူးတွဲ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာတွင် ဖော်ပြထားသည်။ အဆိုပါ သဘောတူညီချက်အသစ်တွင် အမေရိကန်အနေဖြင့် တောင်ကိုရီးယားနှင့် ကုန်သွယ်မှုလိုငွေပြနေမှုကို လျှော့ချနိုင်ရေးနှင့် အမေရိကန် ထုတ်ကုန်များ တောင်ကိုရီးယားသို့ တိုးချဲ့တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိရေးစသည်တို့ ပါဝင်ကြောင်းလည်း သမ္မတ ဒေါ်နယ်လ်ထရမ့်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားအနေဖြင့် ၎င်းတို့အမေရိကန်သို့တင်ပို့သည့် မော်တော်ကားများအပေါ် အခွန်ကင်း လွတ်ခွင့်ရရန် အဆိုပြုခဲ့သော်လည်း အမေရိကန်အနေဖြင့် ၂၀၄၁ ခုနှစ် အထိ တောင်ကိုရီးယားနိုင်ငံမှ pickup ထရပ်ကားများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမည့်အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ကနဦး ကိုရီးယား-အမေရိကန် လွတ်လပ်သော သဘောတူညီချက်ကို ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး ယခု ပြန်လည် ပြင်ဆင်ပြီးသည့် သဘောတူညီချက်မှာ လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင် အကျိုးသက်ရောက်မည် ဖြစ်သည်။ အမေရိကန်သည် တောင်ကိုရီးယား၏ ဒုတိယအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်ပြီး ဈေးကွက်ဝေစု၏ ၁၂ ရာခိုင်နှုန်းခန့်သည် အမေရိကန်သို့တင်ပို့နေခြင်း ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# WeChat Pay HK မှတစ်ဆင့် တရုတ်ပြည်မကြီးအတွင်း ငွေပေးချေရေး ဝန်ဆောင်မှု ဆောင်ရွက်နိုင်တော့မည်

အင်တာနက်ကုမ္ပဏီကြီး Tencent မှာ တရုတ်ပြည်မကြီး၏အကြီးဆုံးသော ငွေပေးချေမှုဆိုင်ရာလုပ်ငန်း China Union Pay နှင့် မိတ်ဖက်လုပ်ငန်း အဖြစ် ပူးတွဲဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ လက်အောက်ခံမှ Union Pay International မှ ဟောင်ကောင်ပြည်သူများအတွက် WeChat Pay ၏ Hong Kong Version အား အသုံးပြုခြင်းဖြင့် တရုတ်ပြည်မကြီးတွင် ပစ္စည်းဝယ်ယူမှုများအတွက် နယ်စပ်ဖြတ်ကျော် မိုဘိုင်းပေးချေမှု ဝန်ဆောင်မှုများ ပြုလုပ်နိုင်တော့မည် ဖြစ်ကြောင်း သိရှိရပါသည်။




အဆိုပါ ပူးပေါင်းဆောင်ရွက်မှုမှာကွမ်တုန်း-ဟောင်ကောင်-မကာအိုမဟာပင်လယ်ကွေ့ဒေသတွင် ဟောင်ကောင် ပြည်သူများနေထိုင်လုပ်ကိုင်ရာတွင် ပိုမို လွယ်ကူစေရန်အတွက် ဟောင်ကောင်နှင့် တရုတ်ပြည်မကြီး အကြားပူးပေါင်းဆောင်ရွက်မှုထပ်မံတိုးမြှင့်ခြင်းပင်ဖြစ်သည်။ အောက်တိုဘာလမှစတင်၍ WeChat Pay HK အသုံးပြုသူများအနေဖြင့် ခရီးသွား လည်ပတ်ခြင်း၊ စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊ ရထားလက်မှတ်ကြိုတင်စာရင်းပေးသွင်းခြင်းနှင့် ကားငှားရမ်းခြင်းအပါအဝင် တရုတ်ပြည်မကြီးတွင် နယ်စပ်ဖြတ်ကျော်မိုဘိုင်းပေးချေမှုများစွာအား စတင်ခံစားနိုင်မည်ဖြစ်သည်။ Tencent ၏ မိုဘိုင်းပေးချေမှု ပလက်ဖောင်းမှာ Wallet မှတစ်ဆင့် တရုတ်ပြည်မကြီးအတွင်း ၎င်းတို့၏ ဝယ်ယူခြင်းအတွက် ပေးချေနိုင်ရန် ဒေသတွင်း အသုံးပြုသူများအား ခွင့်ပြုပေးသော ဟောင်ကောင်ရှိပထမဆုံး လိုင်စင်ရလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ယခင်တွင် ဟောင်ကောင်မှ WeChat Pay HK အသုံးပြုသူများ အနေဖြင့် ဟောင်ကောင်၌သာလျှင် အသုံးပြုနိုင်ကြောင်း၊ ယခုအခါ အဆိုပါ နယ်စပ်ဖြတ်ကျော် မိုဘိုင်းပေးချေမှုမှာ ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးရှိ စီးပွားရေးလုပ်ငန်းများအတွက် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများ များစွာ မြင့်မားလာမည် ဖြစ်ကြောင်း Tencent ၏ ဒုတိယဥက္ကဋ္ဌ က ပြောကြားခဲ့ပါသည်။ ဘဏ်များနှင့် WeChat Pay HK တို့၏ ပူးပေါင်း ဆောင်ရွက်မှုတွင် ယွမ်ငွေကြေးမှ ဟောင်ကောင် ဒေါ်လာသို့ အလိုအလျောက် ပြောင်းလဲပေးမည် ဖြစ်သည်။ ဟောင်ကောင်မှ အသုံးပြုသူများအတွက် အလိုအလျောက် ငွေလဲလှယ်ရေး ဝန်ဆောင်မှုများနှင့် ငွေလဲလှယ် မှုနှုန်းများအား ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။ အဆိုပါ ဒစ်ဂျစ်တယ် ပလက်ဖောင်းမှာ ပွင့်လင်းမြင်သာပြီး ဥပဒေနှင့်ကိုက်ညီစွာ လုံခြုံစိတ်ချသောနည်းလမ်းဖြင့် ငွေပေးချေခြင်းနှင့် ရန်ပုံငွေ လွှဲပြောင်းမှုအတွက် ချိတ်ဆက်သွားမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့ မှ WeChat Pay HK အား Stored-Value Facilities လိုင်စင်ခွင့်ပြုခဲ့ပြီး WeChat Pay HK မှာ နိုင်ငံတကာမှ ထင်ရှားသောမြို့များတွင် ဈေးကွက်ထိုးဖောက်နိုင်ခဲ့ပြီး E-Commerce ကုမ္ပဏီကြီး အလီဘာဘာ၏ဒစ်ဂျစ်တယ်ပေးချေမှုပလက်ဖောင်း AliPay HK နှင့် ဈေးကွက် ရှယ်ယာများကို ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

# အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အဦ၊ ဆိပ်ကမ်း၊ ဆိုလာကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံရန် အမေရိကန် စိတ်ဝင်စားကြောင်း OPIC ပြောကြား

အမေရိကန်အစိုးရ၏ ဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Overseas Private Investment Corporation - OPIC သည် အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အဦ၊ ဆိပ်ကမ်း၊ ဆိုလာစွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်နေသည်ဟု အမေရိကန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၉ ရက်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

OPIC သည် ထွန်းသစ်စ နိုင်ငံများ၌ အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန်အတွက် အထောက်အကူပေးနေသည့် အစိုးရ အေဂျင်စီအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည့် OPIC ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ David Bohigian က အမေရိကန်အစိုးရ၏ အင်ဒိုပစိဖိတ် မဟာဗျူဟာအတွက် အိန္ဒိယသည် အားထားရာတစ်ခုဖြစ်သည်မှာ ရှင်းလင်းသေချာကြောင်း၊ အမေရိကန် လုပ်ငန်းများအနေဖြင့် အိန္ဒိယရှိ ရှယ်ယာအရင်းအနှီး အခြေခံအဆောက်အဦ၊ ဆိပ်ကမ်းအကောင်အထည်ဖော်ခြင်းနှင့် ဆိုလာစွမ်းအင်ကဏ္ဍတို့အပါအဝင် ကဏ္ဍမျိုးစုံ၌ ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းနေကြောင်း ၊ OPIC အနေဖြင့် အိန္ဒိယ၌ ရင်းနှီးမြှုပ်နှံရန်အတွက် ကိန်းဂဏန်းပမာဏ ကန့်သတ်ချက်မရှိဘဲ စီမံကိန်းလုပ်ငန်း လိုအပ်ချက်အပေါ် မူတည်၍ ဆောင်ရွက်မည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

OPIC သည် အိန္ဒိယ အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၉၀ တွင် အရွယ်စုံ၊ ကဏ္ဍစုံ၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂၃ ဘီလီယံရှိပြီး၊ အိန္ဒိယ၌ စီမံကိန်းပေါင်း ၄၀ ဝန်းကျင်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**နယူးဒေလီမြို့**

**စာမျက်နှာ (၃၁) မြေဆီလွှာပျက်သုဉ်းခြင်းကို အံတု၍ . . . . မှအဆက်**

နှင့် မြေဆွေးဓာတ် ၅၈ ရာခိုင်နှုန်းပါဝင်တဲ့အတွက် တောင်သူလယ်သမားကြီးများ မြေဆီလွှာပျက်သုဉ်းမှုကို အံတုကုစားရန် အကောင်းဆုံး ဖြစ်ပါသည်။

နှမ်းရိုးတွင် နိုက်ထရိုက်ဂျင်ဓာတ် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ်ဓာတ် သုညဒသမ ၂၄ ရာခိုင်နှုန်း၊ ပိုတက်စီယမ်ဓာတ် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ သစ်ဆွေးဓာတ် ၉၆ ရာခိုင်နှုန်း၊ ကာဗွန်နိုက်ထရိုဂျင် ၃၇ ဒသမ ၁ ရာခိုင်နှုန်းပါဝင်သည့် နှမ်းရိုး ကို မြေဆီလွှာအတွင်း ထည့်ခြင်းဖြင့် စပါးအထွက်နှုန်း ၁၀ ရာခိုင်နှုန်း တိုးနိုင်ပြီး စိမ့်ဆွဲမြေနှင့် ဒုံပေါက်မြေများကို ပြုပြင်နိုင်ကြောင်း သုတေသနရလဒ်က ဆိုပါသည်။ နှမ်းရိုးတစ်တန်ဆွေးမြေ့ပါက ယူရီးယား (၂၅) ပေါင်၊ တီစူပါ (၅) ပေါင်နှင့် ပိုတက်ရှ် (၃၅) ပေါင်နှင့် ညီမျှသော အာဟာရဓါတ်ရရှိနိုင်သည်ဟုလည်း ဆိုထားပါသည်။ နှမ်းစိုက် (၁) ဧကမှ နှမ်းရိုး တစ်တန်ရရှိနိုင်ပါသည်။ တောင်သူလယ်သမားကြီးများ အထူး သတိ ပြုသင့်သည့် အချက်ဖြစ်ပါသည်။

သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်သော အပင်များမှာ ညံပင်၊ ပိုက်ဆံလျော်ပင်၊ ဘောစကိုင်းပင်၊ ပဲလွန်း စသည်များဖြစ်ပါသည်။ ၎င်းအပင်များကို မြေမှာ ကြဲပက်ပြီး (၄၅) ရက်သားအရွယ်တွင် ထယ်ထိုး၊ မြေမြှုပ်ပေးပါက အာဟာရပြည့်ဝသော သစ်စိမ်းမြေဩဇာရရှိပါသည်။ အိန္ဒိယနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော လယ်၊ ယာမြေများကို နုန်းထည့် ကုစားခြင်း နမူနာ တင်ပြလိုပါသည်။ နုန်းသည် သဘာဝအလျောက် အာဟာရစုံများ စုစည်းပေးထားသော သဘာဝမြေဆွေးဖြစ်ပါသည်။ မြစ်ချောင်း၊ အင်းအိုင်များ စုစည်းပေးထားသော သဘာဝမြေဆွေး ဖြစ်ပါသည်။ မြစ်ချောင်း၊ အင်းအိုင်များမှ နုန်းမြေများကို စုတ်စက်ဖြင့် လယ်ယာမြေပေါ် သို့မှုတ်တင်ထည့်သွင်းပေးပါက မြေဆီလွှာပျက်သုဉ်းမှုကို ကုစားပြီး သီးနှံအထွက်သိသိသာသာ တိုးစေသည်ကို တွေ့ရှိရပါသည်။ 'အလွယ်ကူဆုံး၊ အဖိုးတန် နုန်း၊ အကျိုးရှိစွာသုံး' ဟု ဆိုချင်ပါသည်။

သို့ပါ၍ တောင်သူလယ်သမားကြီးများသည် မိမိပိုင် လယ်မြေ၊ ယာမြေများကို 'ဖြစ်ပျက်မှုသည်သဘာဝ၊ တီထွင်ကြံဆမှုသည်ပဓာန၊ နည်းပညာသည် အဓိက'ဟူသောခံယူချက်ဖြင့် မြေဆီလွှာပျက်သုဉ်းခြင်းများကို အံတုကုစားကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။

# မော်တော်ကားတင်ပို့မှုအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံမည်ကို စိုးရိမ်မှုကြောင့် ဂျပန်က အမေရိကန်၏ နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးမှုများပြုလုပ်ရန် တောင်းဆိုမှုအပေါ် သဘောတူ

ဂျပန်နိုင်ငံသည် ၎င်း၏မော်တော်ကားတင်ပို့မှုအပေါ် အမေရိကန်နိုင်ငံက တိုးမြှင့်ကောက်ခံမည့် အခွန်ကို ရှောင်တိမ်းနိုင်ရန် မျှော်လင့်ချက်ဖြင့် အမေရိကန်၏ နှစ်နိုင်ငံကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် အဆိုပြုလာခြင်းကိုလက်ခံခဲ့ကြောင်း၊ ယင်းအစီအစဉ်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေး၏ ပစိဖိတ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု Trans-Pacific Partnership (TPP) အရ နိုင်ငံစုံကုန်သွယ်မှုဆက်ဆံရေး အစီအစဉ်ဖြင့်သာ အမေရိကန်နှင့် ဆွေးနွေး ညှိနှိုင်းလိုသည့် ဆန္ဒကိုပျက်ပြားစေခဲ့ကြောင်း၊ သို့ရာတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ယခု ၁၁ နိုင်ငံ ပါဝင်သည့် TPP သို့ အမေရိကန် ပြန်လည်ဝင်ရောက်လာမည်ကို မျှော်လင့်နေဆဲဖြစ်ကြောင်း၊ ဂျပန်သည် နိုင်ငံစုံ ကုန်သွယ်ရေးမူဘောင်ဖြစ်သည့် TPP သို့ အမေရိကန်ပြန်လည်ဝင်ရောက်လာစေရေး တွန်းအားပေးနိုင်ရန်အတွက် TPP ဆွေးနွေးချက်များတွင် သဘောတူခဲ့သည့် အမေရိကန်၏ လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် အခွန်လျှော့ချကောက်ခံပေးရေး တောင်းဆိုမှုများအပေါ် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရ ပါသည်။

အမေရိကန်သမ္မတ Trump သည် နှစ်နိုင်ငံကုန်သွယ်ရေးတွင် ဂျပန်နိုင်ငံ၏ အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံကုန်သွယ်မှုပိုငွေ ပေါ်ပေါက်နေခြင်းကို ကျေနပ်မှုမရှိကြောင်း၊ ၎င်း ကိစ္စနှင့် စပ်လျဉ်း၍ နှစ်ဖက်သဘော တူညီမှုဖြင့် ဖြေရှင်းဆောင်ရွက်ရန် လိုလားနေကြောင်း၊ ထိုသို့ဂျပန်၏ ကုန်သွယ်မှုပိုငွေပေါ်ပေါက်မှုတွင် ၃ ပုံ ၂ ပုံခန့်သည် မော်တော်ကားတင်ပို့မှု ကြောင့်ဖြစ်ကြောင်း၊ ဂျပန် - အမေရိကန်ကုန်သွယ်ရေးသဘောထားကွဲလွဲမှုများသည် အမေရိကန်ကုမ္ပဏီများနှင့် လုပ်သားများအပေါ် မျှတမှုမရှိသည့် ကုန်သွယ်ရေး အခြေအနေအား ပြန်လည်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဟူသော ကတိဖြင့် Trump က အမေရိကန် သမ္မတဖြစ်လာချိန်မှစတင်၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချနိုင်ရန် ဂျပန်မှအမေရိကန်သို့ မော်တော်ကားတင်ပို့မှုအား လျှော့ချပေးရန်တောင်းဆိုလိမ့်မည်ဟု ဂျပန်အရာရှိများက စိုးရိမ်နေကြကြောင်း၊ ဂျပန်၏ မော်တော်ကားစက်မှုလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့်အတွက် အခြားကဏ္ဍများဖြင့် အစားထိုးဖြည့်ဆည်းနိုင်မည်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံပြီးနောက် ဂျပန်နိုင်ငံ၏ ဒုတိယ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ၎င်း၏အရင်းနှီးဆုံး မဟာမိတ်နှင့် ၎င်း၏ကာကွယ်ရေးအတွက် အာမခံချက်ရှိသော အမေရိကန်သို့မော်တော်ကားအရေအတွက် လျှော့ချ တင်ပို့ရန်မှလွဲ၍ အခြားရွေးချယ်ရန် နည်းလမ်းမရှိကြောင်း၊ သို့ရာတွင် ဂျပန်သည် ၎င်း၏ နိုင်ငံရေးအရ ထိခိုက်လွယ်သော လယ်ယာထွက်ကုန် ဈေးကွက်များကို နောက်ထပ်ဖြေလျှော့ပေးရန် အမေရိကန်ကဖိအားပေး တောင်းဆိုလာမည်ကို စိုးရိမ်နေကြောင်း ဖော်ပြထားပါသည်။

Trump သည် တရုတ်နှင့်ဖြစ်ပွားနေသော ကုန်သွယ်ရေးစစ်ပွဲကို ရပ်သိမ်းရန်ငြင်းဆိုခဲ့ပြီး မက္ကဆီကိုနိုင်ငံအား အမေရိကန်သို့ သတ်မှတ်အရေအတွက်ဖြင့် မော်တော်ကားတင်ပို့မှုအပေါ်တွင် သဘောတူညီချက်ပြုလုပ်ရန် တွန်းအားပေးခဲ့ခြင်းတို့ကြောင့် ဂျပန်သည် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်းနှင့် ကုန်သွယ်ရေး စစ်ပွဲကြောင့် Trump သည် ဂျပန်နှင့် ကုန်သွယ်ရေးအပေါ် ဦးစားပေး ဆောင်ရွက်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: the japan times**

**MNK**

# ကုန်သွယ်မှုလိုငွေလျှော့ချရန် ကုန်သွယ်ရေးစစ်ပွဲကြောင့် အထိနာနေသည့် တရုတ်သို့ လယ်ယာပို့ကုန်များ အိန္ဒိယ ပိုမိုတင်ပို့ရန်လိုကြောင်း CRISIL Ltd. သုံးသပ်

အိန္ဒိယနိုင်ငံအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် စာရင်းရှင်အပ်ငွေလိုငွေနည်းပါးလာစေရေးအတွက် သွင်းကုန်များလျှော့ချရုံမျှဖြင့် မလုံလောက်ဘဲ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရေး ဖော်ထုတ်ဆောင်ရွက်သင့်ကြောင်း၊ ကုန်သွယ်ရေးစစ်ပွဲမှ အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ပြီး ပဲပုပ်၊ ဝါဂွမ်းတို့ကဲ့သို့သော စိုက်ပျိုးရေးပို့ကုန်များအား တရုတ်သို့ တိုးချဲ့တင်ပို့ခြင်းဖြင့် နိုင်ငံ၏ ကုန်သွယ်မှုလိုငွေကို လျှော့ချနိုင်ရေး အထောက်အကူ ပြုစေနိုင်မည်ဟု CRISIL Ltd. ကဆိုထားပါသည်။

အမေရိကန်နှင့် တရုတ်တို့ အကြား ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲ၏ အဓိကဗဟိုချက်မှာ ပဲပုပ်ဖြစ်ပြီး ဝါဂွမ်းသည်လည်း အလားတူဖြစ်ကြောင်း၊ ယင်းအနေအထားသည် လစ်လပ်နေသည့် အမေရိကန်နေရာတွင် အိန္ဒိယက အစားထိုးဝင်ရောက်နိုင်သည့် အနေအထားတစ်ခုဖြစ်ကြောင်း၊ အိန္ဒိယ၏ ပို့ကုန်များအတွက် တရုတ်သည် ထိပ်တန်းဈေးကွက်ဖြစ်သည်နှင့်အညီ လတ်တလောလများ၌ တရုတ်နိုင်ငံသို့ အိန္ဒိယ၏ပို့ကုန်ပမာဏတိုးတက်နေပြီး ဧပြီလမှ ဩဂုတ်လအတွင်း တင်ပို့မှုပမာဏသည် ယခင်နှစ်ထက် ပျမ်းမျှ ၅၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အိန္ဒိယမှ အမေရိကန်၊ ယူအေအီးနှင့် အီးယူတို့သို့ ပို့ကုန် ပမာဏ တိုးတက်မှုမှာ ၁၄ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၁၂ ဒသမ ၆ ရာခိုင်နှုန်းတို့သာ ရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ တရုတ်သို့တင်ပို့သည့် အိန္ဒိယပို့ကုန်ပမာဏမြင့်တက်လာခြင်းကြောင့် အိန္ဒိယအနေဖြင့် တရုတ်နှင့် ကုန်သွယ်ရာ၌ ဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေကျဆင်းလာနိုင်ကြောင်း၊ နိုင်ငံအတွင်းသို့ အရင်းအနှီးစီးဝင်မှု ကျဆင်းနေသည့် အတွက် စာရင်းရှင်အပ်ငွေလိုငွေအပေါ် ဖိအားဖြစ်ပေါ်နေခြင်းကို ဖြေရှင်းနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရန် ဘဏ္ဍာရေးဝန်ကြီး Arun Jaitley က မကြာမီကပင် လှုံ့ဆော်ပြောကြားခဲ့ကြောင်း၊ ယင်းအနက် အဲကွန်းမှအစ ဖိနပ်အထိ သွင်းကုန်ခွန်များ တိုးမြှင့်ခြင်းကို လတ်တလောကြေညာခဲ့ကြောင်း၊ ရူပီးငွေတန်ဖိုးကျဆင်းနေခြင်းကြောင့် တစ်ဖက်တွင် ပို့ကုန်ကဏ္ဍအား အနည်းငယ်အထောက်အကူပြုနေသည့်တိုင် ပို့ကုန်တိုးမြှင့်ရေး ဆွဲဆောင်မည့်မူဝါဒများ ချမှတ်ရန်လိုအပ်နေကြောင်း ပညာရှင်များကဆိုထားသည်။

လက်ရှိတွင် ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်ကအမေရိကန်၏ ဝါဂွမ်းနှင့် ပဲပုပ်ကုန်စည်တို့အပေါ် သွင်းကုန်ခွန်များ တိုးမြှင့်ထားရာ ဝါဂွမ်း အဓိကတင်ပို့နေသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယအတွက် အခွင့်အလမ်းကောင်းဖြစ်ကြောင်း၊ ပဲပုပ်အနေဖြင့်လည်း တရုတ်သည် အမေရိကန်ပဲပုပ်များကို အများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်ပြီး ပမာဏအားဖြင့် အမေရိကန်၏ စိုက်ပျိုးရေး ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ၏ ၆၀ ရာခိုင်နှုန်း ထိရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ယင်းနေရာအား အိန္ဒိယအနေဖြင့် အခွင့်အလမ်းဖန်တီး ရယူရန်လိုအပ်ကြောင်း၊ ထိုမျှသာမက ပြည်တွင်း၌ ပစ္စည်းပြတ်လပ်သည့်အတွက် ပြည်ပမှတင်သွင်းမည့် အခြေအနေများက ရှောင်ရှားနိုင်ရန် နိုင်ငံအတွင်းရှိ ကျောက်မီးသွေး ထုတ်လုပ်မှုနှင့်သတ္တုတွင်းတူးဖော်မှုဆိုင်ရာ အကန့်အသတ်များအား ရုပ်သိမ်းခြင်းတို့ကို အစိုးရအနေဖြင့် ဆောင်ရွက်သင့်သည်ဟု CRISIL ၏ ပညာရှင်များက သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုခန့်မှန်းချက် လျော့ကျ

အာရှဖွံ့ဖြိုးရေးဘဏ်သည် တရုတ်နိုင်ငံ၏ ၂၀၁၉ ခုနှစ် စီးပွားရေးတိုးတက်မှု မျှော်မှန်းချက်များကို ယခင်ခန့်မှန်းမှု ၆ ဒသမ ၄ ရာခိုင်နှုန်းမှ ၆ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့ကျ ခန့်မှန်းခဲ့ပါသည်။

'အခွင့်မသာသေးသော ကုန်သွယ်ရေးပတ်ဝန်းကျင်'သည် ကမ္ဘာ့ဒုတိယအကြီးမားဆုံး စီးပွားရေးအလားအလာကို လျော့ကျစေကြောင်း ဘဏ်များက ပြောဆိုကြပါသည်။

အမေရိကန် -တရုတ်နှစ်နိုင်ငံအကြား ဖြစ်ပေါ်နေသော ကုန်သွယ်ရေးစစ်ပွဲများကြောင့် နောက်ထပ် တင်းမာမှုကို ဖြစ်ပွားစေနိုင်သည့် အမေရိကန်၏ အခွန်စည်းကြပ် ကောက်ခံမှုအသစ်သည် တရုတ်ကုန် ပစ္စည်းများအပေါ်တွင် ထိခိုက်နစ်နာစေပြီးနောက် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးအနိုင်ကျင့်မှု (US Trade Bullying) ကိုခံရကြောင်း တရုတ်နိုင်ငံက စွပ်စွဲပြောဆိုခဲ့ပါသည်။

ဒုတိယလေးလပတ်တွင် ထိန်းချုပ်မှုအနည်းငယ် ရှိနေစေကာမူ ပထမနှစ်ဝက်တွင် ခိုင်မာသော စီးပွားရေးလုပ်ဆောင်ချက်များ တိုးတက်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ်၏လတ်တလော စီးပွားရေးအလားအလာသည် ၆ ဒသမ ၆ ရာခိုင်နှုန်း မပြောင်းလဲဘဲရှိနေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့သည်။ **ခြူးသီရိရွှင်(WTO)**

## စာမျက်နှာ (၁၁) ဒစ်ဂျစ်တယ်အသိုက်အဝန်းက. . . မှအဆက်

စာမျက်နှာ (၁၁) ဒစ်ဂျစ်တယ်အသိုက်အဝန်းက. . . မှအဆက်

တတိယအစီအမံမှာ နယ်စပ်ဖြတ်ကျော်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီ ဖြစ်ရေး (Harmonized national regulations on transborder commerce) ဖြစ်သည်။ လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်ခြင်းက အရှေ့တောင်အာရှဒေသရှိ ကုမ္ပဏီများအတွက် အရောင်းအဝယ်စာချုပ်ချုပ်ခြင်း၊ တရား ရင်ဆိုင်ခြင်းစသည့်ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များ ကျဆင်းစေပါသည်။ ထို့ပြင် တစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ကုန်စည်နှင့် ဝန်ဆောင်မှုများ ပိုမိုသယ်ဆောင် ရောင်းဝယ်နိုင်မည်ဖြစ်ပါသည်။

### တာဝန်ကိုယ်စီ၊ လက်တွဲဆောင်ရွက်

စီးပွားရေးလုပ်ငန်းများသည်လည်း ပိုမိုပေါင်းစည်းသော ဒစ်ဂျစ်တယ် အသိုက်အဝန်းကို တည်ဆောက် နိုင်ရေးအတွက် အစိုးရကို အထောက်အပံ့ပေးရန် လိုအပ်ပါသည်။ ကုမ္ပဏီများသည်လည်း တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ဒစ်ဂျစ်တယ်အသိုက်အဝန်းအတွက် ရင်းနှီးမြှုပ်နှံရန် တာဝန်ရှိပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသည် နိုင်ငံအသီးသီး၏ စီးပွားရေးအတွက် ကျောရိုးသဖွယ် ဖြစ်ပါသည်။ ထို့ပြင် အဆိုပါ SME များသည် နိုင်ငံတိုင်း၊ နိုင်ငံတိုင်း၏ အနာဂတ်လည်းဖြစ်သည်။

အာဆီယံနိုင်ငံများ၏ SME များ ပိုမိုကောင်းမွန်စွာ လည်ပတ်နိုင်လေလေ၊ အရှေ့တောင်အာရှဒေသရှိ ပြည်သူတစ်ဦးချင်းစီ၏ နေထိုင်မှုဘဝများလည်း တိုးတက်လေလေဖြစ်ပါမည်။ ထိုကဲ့သို့ အာဆီယံဒေသရှိ SME များ တိုးတက်ရေးအတွက် ဂူးဂဲလ် (Google) က အထောက်အကူပြုရန် အသင့်ရှိပါသည်။ ထို့ကြောင့် အာဆီယံ နိုင်ငံများသည် အာဆီယံ ၁၀ နိုင်ငံတွင်ရှိသော SME လုပ်သား ၃ သန်းကို ၂၀၂၀ ပြည့်နှစ်တွင် ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုများ (Digital skills) ရရှိအောင် လေ့ကျင့်ပေးရမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် စင်ကာပူနိုင်ငံ၌ အာဆီယံစီးပွားရေး ဝန်ကြီးများသည် အဆင့်မြင့် အာဆီယံ ဒစ်ဂျစ်တယ်ပေါင်းစည်းရေးမူဘောင် (Framework to advanve ASEAN digital integration) ကို ချမှတ်ခဲ့သည်။ ဤမူဘောင်သည် အရေးကြီးသော ပထမအဆင့်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၂၀၂၅ ခုနှစ်တွင် အာဆီယံ SME များက အာဆီယံ GDP ကို အမေရိကန်ဒေါ်လာ တစ်ထရီလီယံ မြှင့်တင်နိုင်ရေးအတွက် ပထမအဆင့်ဖြစ်ပါသည်။ အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးအတွက် ဆောင်ရွက်ရန် အချက်များ များစွာရှိပါသေးသည်။ အာဆီယံဒေသရှိ ပြည်သူတစ်ဦးချင်းအတွက် ဒစ်ဂျစ်တယ်စီးပွားရေး အသိုက်အဝန်းကို အတူတကွ လက်တွဲ တည်ဆောက်ရမည့် အချိန်ဖြစ်ပါကြောင်း၊ လက်တွဲတည်ဆောက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**Source: businessmirror.com.ph**

# SAN DARA AUNG CO.,LTD
(For Better Trade)

## We Carefully Handle Your Cargo
## Our Services

- Fumigation , Inspection & Documentation Services
- Customs Clearance Services
- Container Transporation Services





Export
Import

No.(71), Ground Floor, 31st Street , 9 Quarter, Pabedan Township, Yangon.

HP : +95 9 5005553, +95 9 795005553 E-mail : sandaraaung71@gmail.com

HAC
HARMONIZED AUTHORIZED CLEARANCE AGENCY

SAN PWINT
CUSTOMS BROKER SERVICES



Office
No(9/11), Room-203(D), 3th Floor, 36th Street (Lower Block), Kyauktada Township, Yangon.
Tel : 09 511 4305, 09 49288254
gmail:aungzawlinn74@gmail.com

Annawa Trade Park Marine Co., Ltd.





Office: NO 104, Yadanar Theingi St,Industrial Zone (7)
Hlaing Thar Yar Tsp
Ph :645232,09513 4233. Fax;645189
Email;unnawar@gmail.com



SLK
SHWE LONE KIT
CAR SALE CENTRE



R39.ကံ့ကော်(၅)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်
Tel: 0951 41595, 0978 5575852, 0951 41252
Email : shwelonekit@gmail.com
facebook: shwelonekir.cartrade



JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
မြန်မာ့ရိုးရာ
သီတင်းကျွတ်ပွဲတော်
VEZEL
အရည်အသွေးကောင်းမွန်သော ကားအမျိုးအစားစုံ စိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့ဆက်သွယ်စို့ ...
HOT LINE
09 253008800
အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ( ဆွေထိုင်းစားသောက်ဆိုင်ရှေ့ ) Ph: 01 860 3921 ~ 22




MHG
MOE HTET GABAR
COMPANY LIMITED
Address : No. 151, Room (B-702, B-704), Myawaddy Bank Luxury Complex,
Bogyoke Aung San Street (Corner of Wardan Street), Lanmadaw Township, Yangon, Myanmar.
Tel : 01-212311, 212837, 2301468~70

COMMERCE INTERNATIONAL

# ကုန်သွယ်ရေးလွယ်ကူချောမွေ့မှုက ဗီယက်နမ်၏ ယှဉ်ပြိုင်မှုစွမ်းရည်ကိုမြှင့်တင်နိုင်



လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်များက စျေးကွက်အများအပြားတွင် ဗီယက်နမ်ကုန်ပစ္စည်းများ၏ သွင်းကုန်ခွန်အများစုကို လျှော့ချပေးနိုင်သော်လည်း အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ကုန်သွယ်မှုစရိတ်လျှော့ချမှုနှင့် စီးပွားရေးပတ်ဝန်းကျင်ကို တိုးတက်အောင်ဆောင်ရွက်မှုများက အမျိုးသားယှဉ်ပြိုင်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်ကြောင်း နိုဝင်ဘာ ၇ ရက်က ဟိုချီမင်းစီးတီးတွင်ကျင်းပသော ဖိုရမ်သို့တက်ရောက်လာသူများက ပြောကြားသည်ကို ကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံပေါင်း ၆၀ ကျော်နှင့် လွတ်လပ်စွာ သဘောတူစာချုပ် ၁၇ ခုကိုချုပ်ဆိုထားပြီးဖြစ်ကြောင်းနှင့် အဆိုပါ သဘောတူစာချုပ်များက နိုင်ငံ၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုပေးလျက်ရှိကြောင်း ဟိုချီမင်းစီးတီး အပြည်ပြည်ဆိုင်ရာ စီးပွားရေးပေါင်းစည်းရေးဖိုရမ် (၂၀၁၈) တွင် ဟိုချီမင်းစီးတီး အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေး အထောက်အကူပြုစင်တာ ညွှန်ကြားရေးမှူး ဖန်ဘင်အန်းကပြောသည်။

လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်များက စျေးကွက်ချိတ်ဆက်မှုများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးပြီး ပို့ကုန်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံစုံကုန်သွယ်မှု မူဝါဒဌာန ဒုတိယအကြီးအကဲ ငိုချန်းခန်းကပြောသည်။

ဥပမာအားဖြင့် အထည်ချုပ်လုပ်ငန်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် မဟုတ်ပါက သွင်းကုန်ခွန်နှုန်းမှာ ၁၅၀ ရာခိုင်နှုန်း ဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်ပါက ၂၅ ရာခိုင်နှုန်းအထိရောက်ရှိသည်။ လွတ်လပ်စွာကုန်သွယ်မှု အဘောတူစာချုပ်ကိုချုပ်ဆိုနိုင်မည်ဆိုပါက အခွန်နှုန်းမှာ သုညရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိသာ ရှိကြောင်း သူကပြောသည်။ အထည်ချုပ်လုပ်ငန်း၏ စုစုပေါင်းဝင်ငွေသည် ၂၀၀၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံရှိခဲ့ရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၃ ဒသမ ၈ ဘီလီယံအထိ အရှိန်အဟုန်ဖြင့် မြင့်တက်ခဲ့ကြောင်းသူကပြောသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အဆိုအရအကယ်၍ နိုင်ငံများသည် နယ်စပ်စီမံအုပ်ချုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအခြေခံ အဆောက်အဦကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ကမ္ဘာ့အကောင်းဆုံး စံချိန်စံညွှန်း၏ ထက်ဝက်ကို ပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာ့ဂျီဒီပီသည် ၄ ဒသမ ၇ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံ တိုးတက်ကာ ကမ္ဘာ့ကုန်သွယ်မှုက ၁၄ ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံ တိုးလာမည်ဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်ရေး ကုန်ကျစရိတ်လျှော့ချနိုင်သဖြင့် ဖြစ်လာသော အကျိုးသက်ရောက်မှုသည် အခွန်လျှော့ချမှုကြောင့် ရရှိသော အကျိုးကျေးဇူးထက် ပိုမိုနိုင်သည်။ ကုန်သွယ်ရေးအတွက် အခြေအနေ ကောင်းများကိုဖန်တီးပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှာ ကောင်းစွာ အောင်မြင်မှုမရရှိသေးပေ။

အဆိုပါဖိုရမ်သို့ ဟိုချီမင်းစီးတီး အပါအဝင် ဆက်နွှယ်နေသော ဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းအုပ်စုများ၊ တက္ကသိုလ်များနှင့် ဟိုချီမင်းစီးတီးနှင့် အိမ်နီးချင်းပြည်နယ်များမှ သုတေသန အဖွဲ့အစည်းများမှ စုစုပေါင်း လူဦးရေ ၃၀၀ တက်ရောက်ခဲ့သည်။

ဖိုရမ်ကိုဟိုချီမင်းစီးတီး ဖွံ့ဖြိုးမှုလေ့လာရေးအဖွဲ့နှင့် ဟိုချီမင်းစီးတီး အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေး အထောက်အကူပြုစင်တာတို့က စီးပွားရေးစီမံခန့်ခွဲမှု ဗဟိုအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

## အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲတွင် သကြားတင်သွင်းရေး အဓိကပြဿနာဖြစ်လာ

၂၀၁၉ ခုနှစ်တွင် နောက်ထပ်သမ္မတသက်တမ်းကို ထမ်းဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ပြည်တွင်းစျေးနှုန်းများ တည်ငြိမ်ရေးအတွက် သကြားတင်သွင်းရန်ခွင့်ပြုပေးခဲ့သည်။ သို့ရာတွင် သူသည်ယခုအခါ သူ၏အဓိကမဲဆန္ဒရှင်များဖြစ်ကြသော ပြည်တွင်းမှ တောင်သူလယ်သမားများ၏ ဆန့်ကျင်မှုနှင့်ရင်ဆိုင်နေရကြောင်း ဘလွမ်းဘတ်သတင်းတွင်ဖော်ပြသည်။

ပြေတွင်ကျင်းပတော့မည့် ရွေးကောက်ပွဲမှာ နီးကပ်လာနေပြီဖြစ်ရာ သမ္မတဝီဒိုဒို၏လက်ထက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ငါးရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းထားသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ရည်မှန်းချက်ဖြစ်သော ခုနစ်ရာခိုင်နှုန်းကို အစိုးရကပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့သည့်အချိန်မှာပင် အနှစ် ၂၀ အတွင်း အနိမ့်ဆုံးသို့ရောက်ရှိခဲ့သောအလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ သို့ရာတွင် အခြေခံအဆောက်အဦကို ထုထည်ကြီးမားစွာ ဆောင်ရွက်နိုင်သည့်အတွက်ကြောင့်လည်းကောင်း၊ နိုင်ငံအတွက် အလွန်လိုအပ်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်သည့်အတွက်ကြောင့် လည်းကောင်း သမ္မတမှာချီးကျူးခြင်းကိုခံခဲ့ရသည်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးမှာ ရှုပ်ထွေးလျက်ရှိပြီး သမ္မတဂျိုကိုဝီမှာ နက်နဲသိမ်မွေ့သော ဟန်ချက်ညီထိန်းညှိရေးလှုပ်ရှားမှုအတွင်း ရောက်ရှိလျက်ရှိသည်။

သကြားနှင့် ဆန်တို့ကဲ့သို့သော နေ့စဉ်အဓိကစားသုံးကုန်စျေးနှုန်းများကိုထိန်းချုပ်ထားနိုင်ရေးအတွက် စျေးနှုန်းထိန်းချုပ်နိုင်ရေးနှင့် အင်ဒိုနီးရှားနိုင်ငံတွင် တစစကြီးထွားလျက်ရှိသော လူလတ်တန်းစားများ၏ သုံးစွဲမှုကို တိုးတက်ကောင်းမွန်စေရေးအတွက် မူဝါဒအမျိုးမျိုးကို သမ္မတက ချမှတ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်မှုကြောင့် နိုင်ငံအတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ အကျိုးကိုသယ်ပိုးနေသူများ၏ အမျက်ဒေါသနှင့် ရင်ဆိုင်ခဲ့ရသည်။

ကြံတောင်သူရာပေါင်းများစွာတို့က အောက်တိုဘာ ၁၆-၁၇ ရက်တို့တွင် ဂျကာတာရှိ သမ္မတနန်းတော်ရှေ့၌ ချီတက်ဆန္ဒပြခဲ့ကြပြီး ကုန်သွယ်ရေးဝန်ကြီး အန်ဂါတီယာစတိုလူကီတာ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

သကြားစျေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ခုနစ်ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အတွက် ပြည်တွင်းကြံတောင်သူတို့မှာ အမေရိကန်ဒေါ်လာ ၂၃၇ သန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။

## တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးသစ်က ဝင်ငွေအဓိကထားသောစီးပွားရေးကိုဖော်ဆောင်သွားမည်

အလုပ်အကိုင်ရရှိမှု အရေအတွက် ကျဆင်းခြင်းနှင့် အထောက်အကူပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းတို့ကို ဖြေရှင်းရန် ကြိုးစားသည့်အနေဖြင့် သမ္မတမွန်ဂျေအင်းက သူ၏ဝင်ငွေကို အဓိကအားပြုသော စီးပွားရေးမူဝါဒကို ဦးဆောင်အကောင်အထည်ဖော်ရန် ဘဏ္ဍာရေးဝန်ကြီးသစ်အဖြစ် ဘဏ္ဍာရေးကျွမ်းကျင်သူတစ်ဦးကိုရွေးချယ်ခဲ့သည်။

ပြည်တွင်းပြည်ပ စိန်ခေါ်မှုများကြောင့် တောင်ကိုရီးယားစီးပွားရေးတိုးတက်နှုန်း နှေးကွေးသည့်လက္ခဏာများပြသနေချိန်တွင် သမ္မတကအစိုးရ၏ မူဝါဒပေါင်းစပ်ညှိနှိုင်းရေးရုံး၏ လက်ရှိအကြီးအကဲဟောင်းနန်ကီကို ဘဏ္ဍာရေးဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား၏ စီးပွားရေးသည် စီးပွားရေးကျဆင်းမည့် အနေအထားသို့ ဦးတည်နေကြောင်း အချို့သော စီးပွားရေးကိန်းဂဏန်းများက ညွှန်ပြလျက်ရှိသည်။

"အမေရိကန် ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတို့ရဲ့ ကုန်သွယ်ရေးတင်းမာမှုကြီးထွားလာတာ၊ ရေနံစိမ်းစျေးနှုန်းတွေ မြင့်တက်နေတာနဲ့ အမေရိကန် ဗဟိုဘဏ် အတိုးနှုန်းမှန်မှန်မြင့်တက်နေတာတွေ အပါအဝင်မရေရာမှုအတော်များများကို ဟောင်ကဦးဆောင်ဖြေရှင်းသွားရမှာ ဖြစ်ပါတယ်" ဟု စျေးကွက်စောင့်ကြည့်လေ့လာသူတစ်ဦးကပြောသည်။ ဤကဲ့သို့သော ပြဿနာများကို ဖြေရှင်းရေးကလာမည့် ဘဏ္ဍာရေးဝန်ကြီးသစ်၏ စွမ်းဆောင်ရည်ကို စမ်းသပ်သွားလိမ့်မည်ဟု မျှော်လင့်ရကြောင်း သူကပြောသည်။ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် လွန်ခဲ့သည့်တစ်နှစ်ကာလတူက နှစ်ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ယခုနှစ် တတိယသုံးလပတ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည့်အတွက် ၂၀၀၉ နှစ်နောက်ပိုင်းအတွင်း နှစ်အလိုက် တိုးတက်မှုနှုန်းအနိမ့်ဆုံးဖြစ်ခဲ့သည်။

စီးပွားရေးတိုးတက်နှုန်းသည် ခန့်မှန်းထားသည့်အောက် ကျဆင်းသဖြင့် အဖွဲ့အစည်းအသီးသီး၏ တိုးတက်မှုခန့်မှန်းချက်များလည်း အသီးသီးကျဆင်းခဲ့သည်။

တောင်ကိုရီးယားဗဟိုဘဏ်က ၂၀၁၈ ခုနှစ်၏ စီးပွားရေးတိုးတက်နှုန်းကို ယခင်က ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားခဲ့ရာမှ ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ယခင်လကလျှော့ချခန့်မှန်းခဲ့သည်။ ဤခန့်မှန်းချက်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခန့်မှန်းချက် ၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းချက် ၂ ဒသမ ၇ ရာခိုင်နှုန်းတို့၏ အောက်သို့လည်း ကျဆင်းလျက်ရှိသည်။ တောင်ကိုရီးယား၏စီးပွားရေးသည် ၂၀၁၆ ခုနှစ်က ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ခန့်မှန်းထားသည်ထက် ပိုမိုကျဆင်းနေသည့် စီးပွားရေးတိုးတက်မှုနှုန်းကစီးပွားရေးတိုးတက်မှု၏မဏ္ဍိုင်တစ်ခုဖြစ်သော ပို့ကုန်လုပ်ငန်းတိုးတက်မှုနှင့် ဆန့်ကျင်လျက်ရှိသည်။ သို့သော်လည်း ပြည်တွင်းယေဘုယျစီးပွားရေး အခြေအနေမှာကောင်းမွန်မှုမရှိလှပေ။ အလုပ်လက်မဲ့နှုန်းမှာ စက်တင်ဘာက ၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာယခင်နှစ်နှင့်နှိုင်းယှဉ်ပါကသုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သဖြင့် ၂၀၀၅ ခုနှစ် နောက်ပိုင်းလအလိုက် ကျဆင်းမှုနှုန်းအမြင့်ဆုံးဖြစ်ခဲ့သည်။

အလုပ်အကိုင်ရရှိသူ ဦးရေမှာ စက်တင်ဘာလက ၂၇ ဒသမ ၀၅ သန်းရှိခဲ့ရာ ၂၀၁၇ ခုနှစ်ကာလတူကထက် ပိုမိုခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

စံမီအောင် စုစည်းသည်

Be green, Keep our planet clean
စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။